www.burmeseclassic.com

BURMESE CLASSIC

နန္ဒာသိန်းဇံ

# သမုဒ္ဒပင်လယ်ပြာ နှိုင်းပမာ

www.burmeseclassic.com

www.burmeseclassic.com

# သမုဒ္ဒပင်လယ်ပြာ

## နှိုင်းပမာ

www.burmeseclassic.com

www.burmeseclassic.com

# သမုဒ္ဒပင်လယ်ပြာ
# နှိုင်းပမာ

## နန္ဒာသိန်းဇံ

ဖြန့်ချိရေး
လှိုင်းသစ်စာပေ
အမှတ်-၇၊ ၇-လွှာ၊ ၁၅-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၁၀၇၃၅၊ ၀၉၅၀ ၅၅၉၉၆

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်
၄၀၀၂၄၃၀၃၀၈
✻
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၃၂၄၀၃၀၈
✻
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ
✻
အုပ်ရေ
၁၀၀၀
✻
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
နေမျိုးအေး
✻
မျက်နှာဖုံးနှင့်အတွင်းကာလာခွဲ
Empire ၊ ဦးထွန်းဆိုင် ၊ ကိုလှမော်
✻
ထုတ်ဝေသူ
ဒေါ်ပိုးကြေးဒိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
✻
မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်တိုက်
ဦးတင်အောင်ကျော်(ဂ၇၀၅၃)၊
ရွှယ်တော်ပုံနှိပ်တိုက်၊ အမှတ်-၁၄၇၊ ၅၁-လမ်း(အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၂၉၇၂၇၅
✻
တန်ဖိုး
၁၅၀၀ ကျပ်


## ရည်သန်းချက်

ပင်လယ်သမုဒ္ဒရာကြီးတွေဟာ ကျယ်ဝန်းတယ်၊ နက်လဲ နက်ရှိုင်းတယ်၊ အန္တရာယ်တွေလဲ ထူပြောတယ်။ ဒီပင်လယ်သမုဒ္ဒရာကြီးတွေထဲမှာ နစ်မွန်းခဲ့ကြသူတွေ၊ နစ်မွန်းမည့်သူတွေ အများကြီး. . . အများကြီးရှိမှာပါပဲ။ ဒါပေမဲ့ ပင်လယ်သမုဒ္ဒရာကြီးတွေကို ဖြတ်သန်းပြီး တစ်ဖက်ကမ်းကို ရောက်ခဲ့သူတွေရှိတယ်၊ အတတ်ပညာ နည်းပညာတွေနဲ့ ပင်လယ်သမုဒ္ဒရာကြီးကို စိုးမိုးနေသူတွေ ရှိတာပဲ။

ဗုဒ္ဓသာသနာက အရိယာဆိုတဲ့သူတွေဟာ ဆိုခဲ့တဲ့ ပင်လယ်သမုဒ္ဒရာကြီးတွေထက် အဖြတ်ကျော်ရခက်ခဲတဲ့ သံသရာပင်လယ်သမုဒ္ဒရာကြီးတွေကို ကျော်ဖြတ်နိုင်ခဲ့ကြတယ်။ အပြောကျယ်သလောက် ခက်ထန်ကြမ်းကြုတ်လွန်းလှတဲ့ ဒါသလှိုင်းလေတွေကိုလဲ ကျော်လွှား လွန်မြောက်ခဲ့ကြတယ်။

ဒါဖြင့်. . .

ဝေးရပ်တွေဝေနေသူအတွက်

www.burmeseclassic.com

www.burmeseclassic.com

■ ထုတ်ဝေသူ၏အမှာ

ဤ "သမုဒ်ပင်လယ်ပြာ နှိုင်းပမာ"စာအုပ်တွင် ပါဝင်သော စာစုများသည် အင်တာဗျူးဂျာနယ်၊ ရုပ်ရှင်အမြုတေမဂ္ဂဇင်း၊ မဏိဇောတမဂ္ဂဇင်း၊ ဓမ္မရိပ်မဂ္ဂဇင်းတို့တွင် ဆရာနန္ဒာသိန်းဇံ ရေးသားခဲ့သည့် စာစုများ ဖြစ်ပါသည်။

၎င်းစာစုများကို စာအုပ်အဖြစ်ထုတ်ဝေရန် ခွင့်ပြုသော မဟာသဒ္ဓမ္မဇောတိကဓဇ ပါမောက္ခ ဒေါက်တာသိန်းဇံ (နန္ဒာသိန်းဇံ) အား လည်းကောင်း၊ မျက်နှာဖုံး သရုပ်ဖော်ပန်းချီနှင့် အတွင်းသရုပ်ဖော် ဒီဇိုင်းများ ရေးဆွဲပေးသော ပန်းချီအနုပညာရှင် နေမျိုးဆေး၊ ဆရာပေါ်ဦးသက် တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြ အပ်ပါသည်။

ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com

## နန္ဒာသိန်းဇံ ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ - ၃၅/၈၉(၁)
၂။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် - ၃၆၀/၈၉(၈)
၃။ အတွေးအခေါ်တို့ လွှင့်မျောခြင်းနှင့်
လူ၏ဆောက်တည်ရာ - ၃၆၉/၈၉(၈)
၄။ စီးပွားရေးနှင့် စစ်ရေးဗျူဟာ - ၂၅/၉၂(၂)
၅။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း - ၃၉၄/၈၉(၈)
၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း - ၄၈၇/၈၈(၁၁)
၇။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ - ၂၁၁/၈၉(၅)
၈။ အရိမဒ္ဒနမှ တွေးမြင်ရန့်တို့ ဝေ့ပျံ့နေဆဲ - ၁၃၆/၉၅(၃)
၉။ အသွင်သဏ္ဍာန်တို့နောက်ကွယ်၌ - ၄၀၈/၉၄(၇)
၁၀။ ကြာ - ၄၁၄/၉၁(၁၀)
၁၁။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော
မှတ်ချက်များ - ၃၉၃/၈၉(၈)
၁၂။ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ - ၃၀၂/၂၀၀၀(၅)
၁၃။ တွေးချိန်ချင့်စရာ - ၁၀၄၈/၂၀၀၁(၁၀)
၁၄။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင်အစဉ်အလာ
၁၅။ ဖြေဆည်ရာ - ၄၂၂/၈၈(၇)
၁၆။ THROUGH LIFE'S PERILS 1148
၁၇။ မနက်ဖြန်များကိုဖြတ်သန်းနေသော စိတ်ကူးများ - ၈၆၂/၂၀၀၂(၁၀
၁၈။ "ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ - ၃၀၉/၂၀၀၄(၄)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သူတို့တွေနဲ့ မိတ္တူချင် … … … … … … | ၁၁ |
| ၂။ | ဘယ်သောခါမှ… … … … … … … … | ၁၉ |
| ၃။ | အပျံသင် … … … … … … … … … | ၃၀ |
| ၄။ | အတ္တမြှုပ်နှံရာ … … … … … … … … | ၃၇ |
| ၅။ | မမြင်အောင် မှောင်ထားတဲ့အရာ … … … … | ၄၅ |
| ၆။ | ပင်လယ်နဲ့ အနုပညာအတွေ့အကြုံ … … … | ၅၃ |
| ၇။ | လာခြင်းကောင်းသောအသက် … … … … | ၆၅ |
| ၈။ | မြင့်ထက်မြင့် … … … … … … … … | ၈၁ |
| ၉။ | ယုံတယ်ဆိုရာမှာ… … … … … … … … | ၉၁ |
| ၁၀။ | ကျွန်ုပ်တို့တွင် သမုဒယသမုဒ္ဒရာများ … … …<br>သံသရာနှင့်အမျှ ရှိကြကုန်၏ … … … … | ၁၀၁ |
| ၁၁။ | လိပ်ကန်းထမ်းပိုးစွပ် … … … … … … | ၁၀၉ |
| ၁၂။ | သစ်တုံးတရား … … … … … … … … | ၁၁၇ |
| ၁၃။ | အုံ့မှိုင်းပင်လယ်ပြာ … … … … … … | ၁၂၅ |
| ၁၄။ | ကူးလျက်ပါ … … … … … … … … | ၁၃၃ |
| ၁၅။ | အကြီးကျယ်ဆုံးသောအရာ … … … … … | ၁၄၁ |
| ၁၆။ | ကျော်ခိုင်းသူ … … … … … … … … | ၁၅၁ |
| ၁၇။ | မလျှောက်ဘဲနှင့်ရောက် … … … … … … | ၁၅၉ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သူတို့တွေနဲ့ မတူချင်

ပင်လယ်ရေပြင်ကျယ်ကြီးနားရောက်တော့ လေပြင်းမုန်တိုင်းတွေ. . . သင်္ဘောပျက်တာတွေကိုလည်း မြင်ယောင်ကြည့်ဖြစ်နေတယ်။ သင်္ဘောပျက်လို့ ဖောင်တစ်ခုပေါ်ရောက်နေတဲ့ လူတစ်စုအကြောင်းကိုလည်း အမှတ်ရပါရဲ့ မသေမပျောက်ပဲ ဖောင်ပေါ်ရောက်တဲ့အတွက် ကံကောင်းတယ်လို့ ယူဆရမှာလား . . .။

ဖောင်ပေါ်မှာက လူခုနစ်ဦး။ အဲဒီခုနစ်ဦးထဲက တစ်ဦးကတော့ ကံကောင်းလို့ ဖောင်ပေါ်ရောက်နေတာလို့ မြင်ပုံမရဘူး။ သူက တစ်လောကလုံးကို အမြဲပဲအဆိုးမြင်နေတတ်တဲ့ အဆိုးမြင်ဝါဒီ Pessimist ဖြစ်တယ်တဲ့။ လောကမှာ ကောင်းမြတ်ပါပေတယ်ဆိုတဲ့ အရာတွေဟာ တကယ်တော့ လူကို ဒုက္ခတွေပိုရောက်အောင် ဆွဲဆောင်လှည့်စားနေတာတွေဖြစ်တယ်။ ဒီတော့. . . ကောင်းမြတ်ပါပေတယ်ဆိုတာတွေဟာ တကယ်တော့ ကောင်းမြတ်တာတွေ မဟုတ်ဘူးလို့ သူကမြင်တယ်။ အခုလည်း သင်္ဘောပျက်ပြီး ဖောင်ပေါ် ရောက်နေတာဟာ ကံကောင်းလို့ ရောက်နေတာမဟုတ်ဖူး၊ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



များများ လူမှာရောက်ဖို့အတွက် အချိန်ဆွဲထားတဲ့ သဘောပဲလို့ သူမြင်တယ်။

ဖောင်ပေါ်က နောက်တစ်ဦးကတော့ အတ္တဗဟိုပြုသမား Egocentricအတ္တဗဟိုပြုဝါဒီဖြစ်တယ်။ သူ့ရဲ့လက်သုံးစကားကတော့ ဒီကနေ့မှာ ရနိုင်သမျှ ကာမဂုဏ်အာရုံတွေကို ခံစားသာယာပစ်လိုက် ဆိုတာပဲတဲ့။ အခုလို ဖောင်ပေါ်ရောက်နေတုန်းမှာလည်း သက်သက် သာသာလေး နေလို့ရရင် သက်သက်သာသာပဲ နေလိုက်မယ်လို့ သူက သဘောထားတယ်။ အတ္တသမားပီပီ ဖောင်ပေါ်မှာ သူ့အတွက် သက်သက်သာသာ နေလို့ရအောင်၊ သူများတွေထက် နေရာ ကျယ်ကျယ်ရအောင်၊ ထိုင်နိုင် အိပ်နိုင်အောင် ယူထားတယ်။

ဖောင်ပေါ်က နောက်တစ်ဦးကတော့ အကောင်းမြင်သမား Optimist ဖြစ်တယ်။ သူက အကောင်းမြင်သမားပီပီ မိုးကုတ်စက်ဝိုင်း ဆီ လှမ်းမျှော်ပြီး ကမ်းကိုမြင်ရတော့မှာပါလို့ ပြောနေတယ်။

ဖောင်ပေါ်က နောက်တစ်ဦးကတော့ စူးစမ်းလေ့လာရေး သမား Observer ဖြစ်တယ်။ စူးစမ်းလေ့လာရေးသမားပီပီ သူကတော့ ပင်လယ်ရဲ့ အနေအထား၊ လှိုင်းလေတွေရဲ့ အတိုး အဆုတ်၊ ဖောင်ပေါ်က လူတွေရဲ့ အပြုအမူ၊ အစာတော် ရေတော် ဖြစ်နေကြပုံ၊ ဖောင်ရဲ့ ပျက်စီးလုနီးနီး အခြေအနေ. . . ဒါတွေ ဒါတွေကို မှတ်တမ်းတင်ဖို့ ကြိုးစားနေတယ်။

ဖောင်ပေါ်က နောက်တစ်ဦးကတော့ အများအကျိုး ဆောင်ရွက်တာကောင်းတယ်လို့ ယူဆတဲ့ ပရဟိတဝါဒီ Altruist ဖြစ်တယ်တဲ့။ ငါဟာ သူတစ်ပါးကို အကူအညီမပေးဘဲ မနေသင့်ဘူး။ သူတစ်ပါးအကျိုးကို ရွက်ဆောင်သင့်တယ်ဆိုတဲ့ အယူအဆ ခိုင်လုံ ဖို့အတွက် ဆင်ခြင်ဆင်လက်တွေကို သူကရှာနေတယ်တဲ့။





ဖောင်ပေါ်က နောက်တစ်ဦးကတော့ အဆိုးအကောင်းဟူ သမျှကို ကြိတ်မှိတ်ပြီး ခံတတ်သူ Stoic ဖြစ်တယ်။ သူက ဘာကိုမှ မယုံကြည်ဘူး။ သူယုံကြည်တာက ပင်လယ်ထဲခုန်ချပြီး ဘဝကို မြန်မြန် အဆုံးစီရင်ပစ်လိုက်တော့မယ်. . . ဆိုတဲ့စိတ် ဖြစ်လာတိုင်း ခုန်မချ ဖြစ်အောင် အဆုံးမစီရင်ဖြစ်အောင် ငြင်းဆန်နေတဲ့ သူ့ရဲ့ငြင်းဆန် ချက်ကိုတော့ မှန်တယ်လို့ ယုံကြည်နေတာ. . . တဲ့။

ဖောင်ပေါ်က နောက်ဆုံးတစ်ဦးကတော့ လောကကြီး အကြောင်း ဘာဆိုဘာမှမသိတဲ့ ကလေးငယ်ကလေးဖြစ်တယ်။ ဖောင်ရဲ့ မခိုင်ခံ့တော့တဲ့အဖြစ်၊ ညအမှောင်ထု ဖုံးလွှမ်းလာတော့မယ့် အဖြစ်ကို စိုးရိမ်ရကောင်းမှန်းလည်းမသိ။ မုန်တိုင်းလာတော့မယ့် အတိတ်နိမိတ်တွေကိုလည်း ကလေးငယ်ဟာ ကြောက်ရကောင်းမှန်း မသိဘူး။ ကလေးငယ်အတွက်တော့ ဖောင်ပျက်ရင်လည်း ပျက်တဲ့ အထဲပါမယ်၊ ပင်လယ်ရေထဲကျမယ်၊ ဒီအတွက် ကလေးငယ်ဟာ တွေးလည်းမတွေးတတ်ဘူး၊ ဒီတော့ ကြောက်ရကောင်းမှန်းလည်း မသိဘူး။ စိုးရိမ်ထိတ်လန့်မှုလည်း မရှိဘူး။ အခြေအနေပေးရင်လည်း မိုးလင်းတဲ့အခါ ကမ်းခြေကို ဖောင်ဆိုက်မယ်။ ကလေးငယ်ဟာ ကမ်းပေါ်ရောက်မယ်။ ကလေးငယ်ရဲ့ဘဝဟာ အခြေအနေတွေက ဖန်တီးတဲ့အတိုင်း ဖြစ်မှာပဲ။

ဖောင်ပေါ်က လူခုနစ်ဦးဟာ လောကမှာရှိတဲ့ လူတွေမှာ ဖြစ်တတ်တဲ့ သဘောထားခုနစ်မျိုးကို ရည်ညွှန်းထားတာ၊ လောကနဲ့ ဘဝကို အကောင်းမြင်တဲ့လူရှိတယ်။ အကောင်းမြင်ပေမယ့် လက်တွေ့ မှာ ကောင်းတာ၊ မှန်တာတွေကို မလုပ်နိုင်သူ မဖြစ်ဖို့လည်း လိုမှာပဲ။ လောကနဲ့ဘဝကို အဆိုးဘက်က ကြည့်မြင်တဲ့လူလည်းရှိတာပဲ။ အဆိုးမြင်ရာကနေပြီး စိတ်ဓာတ်တွေကျဆင်း ပြိုကွဲသွားသူမျိုးမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လည်း လိုလိမ့်မယ်။ ပြီးတော့ . . . လူ့လောကမှာ အတ္တဗဟိုပြု သမားတွေလည်းရှိတယ်။ ဒီလူတွေကတော့ ဘယ်သူသေသေ၊ ငါတေမာပြီးရော . . . ဆိုတာလို သူတစ်ပါးတွေ ဘယ်လိုဒုက္ခတွေ ရောက်ရောက်၊ ငါကောင်းစားချမ်းသာရင် ပြီးရောဆိုပြီး သဘောထားတယ်၊ ဒီသဘောထားနဲ့ ကိုယ့်အကျိုးကိုယ့်စီးပွားကိုပဲ ရှာရင်း လောကကြီးကို အရုပ်ဆိုးအောင်လုပ်ကြတယ်။


ပရသမားကတော့ အများအကျိုး သယ်ပိုးခြင်းဟာ ကောင်းတယ်လို့မြင်တယ်။ ဒါပေမယ့် ပရသမား အရေအတွက်က လူ့လောကမှာ အရေအတွက်အားဖြင့် သိပ်ကိုနည်းတယ်ဆိုတာတွေ့နိုင်တယ်။

ဖောင်ပေါ်က ကလေးငယ်လို ဘာကိုမှ အလေးအနက် မသိသူ . . . ဘာကိုမှ အလေးအနက်မထားသူ . . . ဖြစ်သလို ကြုံသလိုနေသူတွေလည်းရှိမယ်။ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်၊ သူ့သဘော သူဆောင်သွားလိမ့်မယ်လို့ သဘောထားသူတွေလည်း ရှိမယ်။ အများကြီးရှိနေကြလိမ့်မယ် . . . လို့ တွေးရင်း . . .

ဖောင်ပေါ်က လူ့အမျိုးအစား ခုနစ်မျိုးထဲမှာ ငါ . . . ဘယ်အမျိုးအစားမှာ ပါသလဲ . . . လို့ တွေးတယ်၊ ဘယ်အမျိုးအစားထဲမှာမှ မပါချင်ဘူးလို့ စိတ်ထဲမှာ ပြောလည်းပြောလိုက်ရော . . . ကျောက်ဆောင်ကို ရိုက်လိုက်တဲ့ လှိုင်းကနေ စင်လာတဲ့ ရေတွေက တစ်ကိုယ်လုံးကို တုပ်တုပ်နစ်အောင် ရွှဲစိုသွားတယ်၊ ပြန်လှည့်ဆင်းသွားတဲ့ ပင်လယ်ရေရဲ့အသံက တဟားဟားရယ်မောသွားသလို့ပဲ . . .။

● အင်ကြာဖျူးဂျာနယ်၊ နံပါတ်–၁၂၁ (၇.၄.၂၀၀၂)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သောခါမှ...

"ငွေ"ဆိုတာကို ကုန်ပစ္စည်းချင်း လဲလှယ်ရာမှာ လွယ်ကူအောင် ဆိုပြီး တီထွင်ခဲ့ကြတာပဲ။ ကုန်ပစ္စည်းချင်း လဲလှယ်ရာမှာ... ကုန်ကူးသန်းရောင်းဝယ်ရာမှာ ငွေကို ကြားခံကိရိယာ-ကြားနေကိရိယာ အဖြစ် တီထွင်အသုံးပြုတဲ့အခါမှာ လွယ်ကူမှုတွေ ဖြစ်လာတယ်။

ရှေးခေတ် လူ့အဖွဲ့အစည်းတွေမှာ ပစ္စည်းချင်းလဲလှယ်ရာမှာ တိရစ္ဆာန်တွေကို ကြားခံငွေကြေးအဖြစ် အသုံးပြုခဲ့ကြတယ်။ လူတစ်ဦးက အခြားလူတစ်ဦးရဲ့ လယ်မြေကို လိုချင်တဲ့အခါ နွားအကောင်ရေ ဘယ်၍ဘယ်မျှ ပေးမယ်ဆိုပြီး လဲလှယ်တယ်။ ဒါဟာ နွားကို ငွေကြေးအဖြစ် အသုံးပြုတာပဲ။ တချို့က နွားအစားဆိတ်၊ တချို့က ဆိတ်အစား သိုး စသည်ဖြင့် တိရစ္ဆာန်တွေကို ပစ္စည်းဖလှယ်ရာမှာ- ကုန်ရောင်း ကုန်ဝယ်ပြုတဲ့အခါမှာ ငွေအဖြစ် အသုံးပြုခဲ့ကြတယ်။ ဒါပေမယ့် ရေရှည်မှာ တိရစ္ဆာန်ကို ငွေကြေးအဖြစ် အသုံးပြုရတာမှာ အဆင်မပြေမှုတွေ ရှိလာတယ်။ နွားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်တွေကို ထိန်းသိမ်းရ ခက်ခဲခြင်းနဲ့ အခြားအခက်အခဲတွေ ရှိလာတယ်။ တစ်နေရာမှ အခြားတစ်နေရာကို ဒီနွားတွေ ဆိတ်တွေကို ယူသွားပြီး အခြားပစ္စည်းတွေနဲ့ လဲလှယ်ဖို့ရန်လည်း ခက်ခဲတယ်။ ဒါကြောင့် တိရစ္ဆာန်အစား ရွှေ၊ ငွေ ဒါမှမဟုတ် ကြေးသတ္တုကို ငွေအဖြစ်၊ ကြားနေကိရိယာအဖြစ် အသုံးပြုကြည့် လာခဲ့ကြတယ်။

ရွှေ ငွေ အစရှိတဲ့ သတ္တုတွေကို ငွေအဖြစ် အသုံးပြုတာဟာ တိရစ္ဆာန်တွေကို အသုံးပြုတာထက်တော့ ပိုပြီး လွယ်ကူလာတယ်။ ရပ်ဝေးကို သယ်ယူပြီး လိုချင်တဲ့ပစ္စည်းကို ဒီသတ္တုတွေနဲ့ လဲလှယ်နိုင်တဲ့အတွက် အလုပ်တွင်ကျယ်တယ်။ ဒါပေမယ့် အခက်အခဲကလေးတွေ ရှိလာပြန်တယ်။ ဘာလဲဆိုတော့ ရွှေ ငွေ စတဲ့ သတ္တုကို ငွေအဖြစ် ဖြတ်တောက် အသုံးပြုရတာဟာ ထင်သလောက် မလွယ်ကူဘူး။ ကုန်ရောင်းကုန်ဝယ် လုပ်ရာမှာ ဒီသတ္တုတွေကို ကြားခံကိရိယာအဖြစ် အသုံးပြုတဲ့အခါ ရွှေငွေကို လက်ခံသူအတွက် ရွှေ စစ် မစစ် စစ်ဆေးဖို့၊ ငွေ စစ် မစစ် စစ်ဆေးဖို့ အလုပ်တွေ ပိုလာတယ်။ ရွှေစ ငွေစ ဖြတ်တောက်တဲ့အခါ တိကျတဲ့ တန်ဖိုးအနေနဲ့ ရဖို့လည်း မလွယ်ဘူး ဖြစ်လာတယ်။ ဒါကြောင့် ဒင်္ဂါးတွေ သွန်းလုပ်ပြီး ငွေအဖြစ် အသုံးပြုလာခဲ့ကြပြန်တယ်။

ဒီမှာလည်း အခက်အခဲက ရှိလာပြန်တာပဲ။ ကြီးကြီးမားမား အရောင်းအဝယ်တွေ ပြုလုပ်ဖို့ ရှိလာတဲ့အခါ ရပ်ဝေးမှာ သွားပြီး အရောင်းအဝယ်လုပ်ဖို့ ရှိလာတဲ့အခါမှာ ဒင်္ဂါးတွေကို သယ်ယူဖို့ ခက်တယ်။ လေးလံများပြားတဲ့ ဒင်္ဂါးတွေကို လုံခြုံစွာနဲ့ သယ်ယူသွားဖို့လည်း ခက်တယ်။ ဒါကြောင့် ငွေစက္ကူ တီထွင်လာပြီးတော့ ပစ္စည်းချင်း ဖလှယ်ရာမှာ ကြားနေကိရိယာအဖြစ် အသုံးပြုလာခဲ့ကြခြင်းဖြစ်တယ်။ ဒီလိုကြားနေ ကိရိယာဖြစ်တဲ့ ငွေအပေါ်မှာ





အလိုလောဘတွေ ရှိကြတဲ့ လူတွေရဲ့ အမြင်ဟာ ထွေထူးဆန်းပြား လာတယ်။

စာရေးဆရာကြီး ချားလ်ဒစ်ကင်း Charles Dicken က သူရဲ့ Dombey and Son ဆိုတဲ့ ဝတ္ထုထဲမှာ ငွေအကြောင်းကို ဖော်ပြထားတဲ့ ဇာတ်ကွက်တစ်ခုရှိတယ်။ ကုန်သည်ကြီးဖြစ်တဲ့ Mr.Dombey က သူနဲ့ အလုပ်လက်တွဲလုပ်နိုင်မည့် သားတစ်ယောက်ရလာရင် သိပ်ကောင်းမှာပဲလို့ မျှော်လင့်တမ်းတနေခဲ့တယ်။ တစ်နေ့မှာတော့ သူ့မျှော်လင့်ချက် ပြည့်သွားတယ်။ သူ့ဇနီးမှာ ကိုယ်ဝန်ရှိလာတယ်။ အချိန်တန်တော့ သားယောကျ်ားကလေး ဖွားမြင်ပေးတယ်။ ဇနီးသည်ဟာ ဒီကလေးကို မွေးဖွားပေးပြီး မကြာခင် ကွယ်လွန်သွားရှာတယ်။

သားလေး Paul ဟာ ငယ်ငယ်ရွယ်ရွယ်ကပဲ သူ့ဖခင်ရဲ့ လုပ်ငန်းနဲ့ ရင်းနှီးလာတယ်။ ငွေရရှိရေးအတွက် အာသာငမ်းငမ်းနဲ့ သူ့ဖခင် စီးပွားရေးလုပ်နေတာတွေကို မြင်တွေ့လာခဲ့ရသူလေး ဖြစ်တယ်။ မေးတတ်၊ မြန်းတတ်၊ စူးစမ်းတတ်တဲ့အရွယ်မှာ သားငယ် Paul က သူ့ဖခင် Mr.Dombey ကို. . .

"ဖေဖေ. . . ငွေဆိုတာ ဘာလဲ"လို့ မေးတယ်။

ဖခင်ဖြစ်တဲ့ Dombey က ဖြေဖို့ခက်နေတယ်။ ငွေ လည်ပတ်မှုတွေ၊ ရွှေကို ငွေအဖြစ် အသုံးပြုနိုင်တာတွေ၊ ငွေလဲလှယ်နှုန်းတွေ အကြောင်း ကလေးငယ်ကို နားလည်အောင် ရှင်းပြဖို့မလွယ်ဘူး ဖြစ်နေတယ်။ ဒါနဲ့ Mr.Dombey က. . .

"ဒီမှာ ရွှေတွေ၊ ငွေတွေ၊ ကြေးတွေ၊ ဂီနီတွေ၊ ရှီလင်တွေ၊ ပဲနီတွေ. . . ဒါတွေဟာ ဘာလဲဆိုတာကို သားသိရဲ့လား"လို့ မေးတယ်။ သားငယ်လေး Paul က. . .



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်၊ ဒါတွေဟာ ဘာတွေလဲဆိုတာကို ကျွန်တော် သိတယ်။ ကျွန်တော် မေးနေတာက ဒါတွေနဲ့ မဆိုင်ဘူး။ ကျွန်တော် မေးနေတာက ငွေဆိုတာ ဘာလုပ်နိုင်တယ်ဆိုတာကို ကျွန်တော် မေးနေတာ"လို့ဆိုတော့ ဖခင်ဖြစ်တဲ့ Mr.Dombey က. . .

"ငွေ. . . ဆိုတာ အရာရာကို လုပ်နိုင်တယ်၊ ဖန်တီးနိုင်တယ်။ Money can do anything " လို့ Paul ကို ပြောလိုက်တယ်။

ငွေဟာ အရာရာကို ဖန်တီးနိုင်တယ်ဆိုတာကို လက်မခံနိုင်ပေမယ့် ငွေဟာ တော်တော်များများကိုတော့ ဖန်တီးနိုင်တယ်။ ငွေဟာ လူကို အကောင်းအဆိုး အမျိုးမျိုးသော ဘဝမျိုးကို ရောက်အောင် ဖန်တီးနိုင်စွမ်းတယ်။ လူ့ဘဝ အခက်အခဲတွေကို ငွေနဲ့ကျော်လွှား နိုင်တယ်။ ငွေရှိရင်. . . ကိုယ့်ကို အဟန့်အတား ပြုနေကြတဲ့ သူတွေကို ကိုယ့်အောက်ကျို့လာရသည်အထိ ဖန်တီးနိုင်တယ်။ ကျန်းမာရေး အခက်အခဲတွေ၊ အခြားလူမှုရေး အခက်အခဲတွေကိုလဲ ငွေရှိရင် ကျော်လွှားနိုင်တယ်။ "ငွေရှိရင် ဘယ်ခံတပ်မဆို သိမ်းယူနိုင်တယ်"There is no fortress that money cannot takeဆိုတဲ့ စကားတောင်ရှိတယ်။ ငွေဟာ အခက်အခဲဟူသမျှကို ကျော်လွှားနိုင်တယ်လို့ ဆိုလိုတာ ဖြစ်မှာပေါ့။

မိသားစု ပြိုကွဲသွားတာတွေ၊ လင်မယား ကွာရှင်းမှုတွေဟာ ငွေကြောင့် ဖြစ်တတ်ကြတာပဲ။ ငွေတွေ ချမ်းသာလွန်းလို့ သူ့ဆွေမျိုးဘက်၊ ကိုယ့်ဆွေမျိုးဘက်တွေ သဘောထား ကွဲလွဲမှုတွေ ဖြစ်တယ်။ ငွေကြေး ဆင်းရဲမွဲတေသွားမှုကြောင့်လဲ မိသားစု ပြိုကွဲသွားတတ်တယ်။ ငွေကြေးချမ်းသာမှုကြောင့်လည်း လင်ဘက် မယားဘက် ဆွေမျိုးအသိုင်းအဝိုင်းတွေ ရပိုင်ခွင့်တွေ မညီမျှလို့ သဘောထားတွေ ကွဲကြတယ်။ ငွေကြေး မရှာဖွေနိုင်ဘဲ ဆင်းရဲမွဲတေ





သွားလို့ လင်မယားကြား စိတ်သဘောထားတွေ မတိုက်ဆိုင်ဖြစ်ပြီး ကွာရှင်းပြတ်စဲသွားတာမျိုးတွေလဲ ဖြစ်တတ်တာပဲ။ မိဘက ငွေကြေး ချမ်းသာလွန်းလို့ သားသမီးတွေ အကျင့်ပျက်စီးသွားတာ တွေလည်း ဖြစ်တတ်တာပဲ။ ငွေကြေး ချမ်းသာသည်ထက် ချမ်းသာ အောင်ဆိုပြီး ရှန်းကန်ကြိုးစားရင်း ဒုက္ခတွေရောက်၊ ဘဝတွေ ပျက်သွားတာမျိုး လည်း ဖြစ်တတ်တာပဲ။

လူတွေရဲ့ စီးပွားရေး ဘဝမှာ ငွေဟာ အလွန်အရေးပါတယ်။ ပညာရှင်တွေဟာ ငွေကြေးတည်ငြိမ်ရေး (ဝါ) ငွေတန်ဖိုး တည်ငြိမ်ရေး အတွက် အမျိုးမျိုး ကြံဆလုပ်ဆောင်နေကြရတယ်။ ကမ္ဘာကြီး တစ်ခုလုံး-ကမ္ဘာ့လူထုကြီးတစ်ရပ်လုံး လှုပ်ရှားရပ်တည်နေနိုင်အောင် ငွေက ဆောင်ရွက်ပေးခြင်းဖြစ်တယ်လို့ စီးပွားရေး ပညာရှင်တွေက မြင်ကြတယ်။ ကုန်ပစ္စည်းတွေ ကမ္ဘာတစ်လွှား ရွေ့လျားဖလှယ် နေနိုင်အောင် ငွေကြေးနဲ့ ဘဏ်လုပ်ငန်းတွေက ဆောင်ရွက်ပေးနေ ခြင်းဖြစ်တယ်လို့ မြင်ကြတယ်။

ငွေဟာ လူတစ်ဦးချင်းစီရဲ့ ကိုယ်ကျင့်တရားရေးရာ တွေကို လည်း အကောင်းအဆိုး အမျိုးမျိုး ဖန်တီးနိုင်စွမ်းတယ်။

ငွေရှိမှုကြောင့် အသက်ကြီးလာတဲ့အခါမှာ "အော် ငါဟာ တစ်သက်လုံး ပင်ပင်ပန်းပန်း မလုပ်ကိုင်ရဘဲနဲ့ အသက်ရှည်ကြာ နေနိုင်ခဲ့တယ်၊ ငါဟာ သူတစ်ပါးရဲ့ ကျောကုန်းသားကို လှီးစားတာမျိုး နဲ့တူတဲ့ မကောင်းမှုတွေလုပ်ပြီး ဘဝရပ်တည်ခဲ့သူမျိုး မဟုတ်လို့ နောင်တကင်းစွာနဲ့ နေနိုင်သူဖြစ်တယ်"လို့ မြင်လာနိုင်တယ်။ ဒီအမြင်မျိုးနဲ့ အသက်ရှင်ရတဲ့ ဘဝဟာ နှစ်လိုဖွယ်ပါပဲ။ ငွေရှိမှုကြောင့် ပဲ အသက်ကြီး လာတဲ့အခါမှာ မကြောင့်ကြရဘဲ သောကကင်းစွာနဲ့ နေနိုင်တယ်။ ခရီးထွက်ပြီး လည်ပတ်နိုင်တယ်။ စာပေအနုပညာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိမိဝါသနာပါရာကို လိုက်စားနိုင်တယ်။ အလှူဒါန ပြုလိုတလည်း ပြုနိုင်တယ်။ ငွေဟာ ဒီလိုကောင်းကျိုးတွေကိုလည်း ဖန်တီးနိုင်တယ်ဆိုတော့ ဒီလိုဖန်တီးနိုင်တဲ့ ငွေကို လိုချင်မက်မောလာပြန်တာပဲ။

ဒီလို ငွေကိုလိုချင် တက်မက်မောမှုတွေနဲ့ မတရားစီးပွားရှာလို့ ဒုက္ခရောက်တာတွေလည်းရှိရဲ့၊ ဒီတော့ ငွေဟာဘဝလွတ်မြောက်ရေး နိဗ္ဗာန်ကိုရဖို့ အရေးအတွက် အထောက်အကူ ပေးသလို ငရဲရောက်ဖို့ကိုလည်း ဖန်တီးနိုင်တာပဲ။

ငွေရဲ့ အစွမ်းနဲ့ အခက်အခဲ အမြောက်အမြားကို ကျော်လွှားနိုင်တယ်ဆိုတာလည်း ဟုတ်မှာပါပဲ။ ငွေရှိမှုကြောင့် ဂုဏ်သိက္ခာတွေကို ရယူနိုင်တယ်။ ငွေရှိရင် မိတ်ဆွေတွေ အများကြီး ရလာနိုင်တယ်။ ချစ်တဲ့ ခင်တဲ့သူတွေကို အများကြီး ရနိုင်တယ်။ ကိုယ့်မှာငွေရှိရင် ကိုယ့်ဆီ ရောက်လာမည့်သူတွေ အများကြီး၊ ကိုယ့်ကိုလေးစားလာမည့်သူတွေကလည်း အများကြီး၊ ကိုယ့်ကို အရေးပေး-နေရာပေးပြီး ရှေ့တန်းတင်ပေးချင်သူတွေကလည်း အများကြီး ရှိလာတယ်။ ငွေဟာ လူကို လူ့လောကအလယ်မှာ တင့်တင့်တယ်တယ်နေနိုင်ဖို့ ဖန်တီးပေးနိုင် စွမ်းတယ်ဆိုတော့ ငွေဆိုတာကို မက်မောကြပြန်တာပေါ့။ ငွေဆိုတာကို ပိုင်ဆိုင်ချင်ကြတာပေါ့။ ဒီလို ပိုင်ဆိုင်ချင်တဲ့ အလိုလောဘတွေနဲ့ ငွေကိုရှာတယ်။ ငွေ နောက်ကိုလိုက်တယ်။ ငွေကို အရေးပါဆုံးလို့ မြင်သူဟာ ငွေရဖို့ဆိုရင် ဘာမဆိုလုပ်ရဲသူ-ကိုယ့်ကျင့်တရား ဖောက်ဖျက်ရဲသူ ဖြစ်သွားနိုင်တယ်။

စီးပွားရေး Business လုပ်တယ်ဆိုတာ သူများရဲ့ ငွေတွေကိုကိုယ့်ဆီ အများကြီးရောက်လာအောင် လုပ်တာပဲ မဟုတ်လား။ ဒါကြောင့် ရဟန်း သူတော်စင်တွေကတော့ ငွေကို ကိုင်တောင်မကိုင်ကြဘူး။ အလိုလောဘတွေကလည်း အတောမသတ်ရှိနေတော့





ငွေကို ရှာလို့ ကလည်း မဆုံးနိုင်ဘူး။ မဟတ္တမဂန္ဒီက ပြောဖူးတယ်။ "ချို့ငဲ့ ဆင်းရဲသူအတွက် ဖြည့်ဆည်းပေးစရာ အလုံအလောက်ရှိပေမယ့် လောဘကြီးသူ အတွက်တော့ ဖြည့်အောင် ဖြည့်စရာမရှိဘူး There is enough for the needy but not for the greedyတဲ့။ ငွေတွေ ဘယ်လောက်ပဲရရ တော်လောက်ပြီ၊ ကျေနပ်လောက်ပြီရယ်လို့ မထင်ကြဘူး။ ငွေကိုရချင်တဲ့ အလိုလောဘက ဖြည့်နိုင်တယ်ရယ် မရှိဘူး၊ ဒါကြောင့် ပြောကြတယ်။

ငွေဆိုတာ အောက်ခံအပိတ်မရှိတဲ့ ပင်လယ်ကြီးလိုပဲတဲ့။ အဲဒီပင်လယ်ကြီးထဲမှာ လူရဲ့ ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်သီလတွေ၊ အမှန်တရားဆိုတာတွေဟာ နစ်မြုပ်ကုန်တော့တာပဲ Money is a bottomless sea, in which honour, conscience, and truth may be drowned. လို့ ပြောတာရှိတယ်။ ဒီလို ပြောတာလည်း ဟုတ်သားပဲ။ မက်မောလောက်တဲ့ ငွေကြေး လာဘ်သပ္ပကာနဲ့ ကြုံလာရင် မစောင့်စည်းနိုင်ဘူး။ အဲဒီမက်မောလောက်တဲ့ ငွေကြေး လာဘ်လာဘကို ယူတော့တာပဲ။ အဲဒီ ငွေကြေး လာဘ်လာဘဆိုတဲ့ ပင်လယ်ထဲကို ကိုယ့်မှာရှိသမျှ ဂုဏ်သိက္ခာတွေနဲ့အတူ လျောကျနစ်မွန်းသွားတာပဲ။ ဒီနည်းအတူပါပဲ။ မမက်မောလောက်တဲ့ ငွေကြေး လာဘ်လာဘဆိုရင်တော့ ကိုယ့် ကိုယ်ကျင့်တရား မဖောက်ဖျက်ဖို့ ကြိတ်ပြီး ခံနိုင်သေးတယ်။ ဒါပေမယ့် တကယ့်ကို မက်မောလောက်တဲ့ ငွေကြေးလာဘ်လာဘနဲ့ ကြုံလာတဲ့အခါမှာတော့ အဲဒီအလိုလောဘ ပင်လယ်ကြီးထဲကို အကျင့်သီလဆိုတာတွေလည်း ကျိုးပဲ့ပြီးနစ်မြုပ်သွားတာပဲ။ ပြီးတော့ တရားမျှတပါပေတယ်ဆိုတဲ့ သူဟာလည်း တကယ် မက်မောလောက်တဲ့ ငွေကြေး လာဘ်လာဘတွေနဲ့ ကြုံလာတဲ့အခါ အမှန်ဘက်က မရပ်နိုင်သူ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ "ငွေက စကားပြော လာတဲ့အခါ အမှန်တရားဟာ ဆိတ်ငြိမ်နေတယ် When money speaks the truth is silent. ဆိုတဲ့ စကားရှိတယ်။ အမှန်ကို အမှန်အတိုင်း မပြောနိုင်အောင် ငွေက ပါးစပ်ကို ပိတ်ပစ်လိုက်တာပဲ။ ငွေကြောင့် အမှန်တရားဟာ အဲဒီ လောဘ ဒေါသတွေနဲ့တူတဲ့ ပင်လယ်ကြီးထဲမှာ နစ်မွန်းပျောက်ကွယ် သွားနိုင်တာပဲ။


ဒီလို အောက်ခြေမဲ့တဲ့ အပိတ်မရှိတဲ့ အတိုင်းမသိနိုင်တဲ့ လောဘ ပင်လယ်ကြီးကို ဘယ်တော့များမှ ကူးဖြတ်ကျော်လွှားနိုင်မှာ ပါလိမ့်လို့ တွေးရင်းနဲ့ သံသရာပင်လယ်ကြီးကို အပြီးတိုင်ကျော်လွှား လွန်မြောက် သွားခဲ့ကြတဲ့ အရိယာသူတော်စင်ဆိုသူတွေကို မှန်းမျှော်ကြည့်နေမိပါတယ်။

● [illegible] အတွဲ(၄)၊ အမှတ်(၁)(၂၀၀၆)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အပျံသင်

▲

နေ့သစ်ကိုအစပြုတဲ့ နံနက်ခင်း၊ နေရောင်လာအထိမှာ ပင်လယ်ပြင်က လှိုင်းအိတွေ ရွှေရောင်တလက်လက်တောက်နေတယ်။

ကမ်းခြေကနေ. . . တစ်မိုင်လောက်အကွာမှာ တံငါလှေတစ်စင်းကို မြင်နေရတယ်။ စင်ရော်ငှက်တွေ အစာစားဖို့ အုပ်လိုက်ပျံလာတယ်။ အစာကို သူ့ထက်ငါ လုယက်နေကြတယ်။

ဒါပေမယ့် Jonathan Livingstone စင်ရော်ကတော့ ကမ်းနဲ့ဝေးတဲ့နေရာမှာ အပျံကျင့်နေတယ်။

▲▲

ရစ်ချဒ်ဘာခ် Richard Bach ရေးတဲ့ Jonathan Livingstone Seagull စာအုပ်ထဲက စင်ရော်ငှက်ကလေး အပျံကျင့်နေတာကို ပုဂ်မိသလောက် တွေးမြင်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရစ်ချဒ်ဘာ့ခ်ရဲ့ Jonathan Livingstone Seagull စာအုပ်ဟာ အင်မတန် လူကြိုက်များခဲ့တဲ့စာအုပ်၊ အရောင်းရတွင်ကျယ်ဆုံး စာအုပ်တစ်အုပ်ဖြစ်တယ်။ ဒီစာအုပ်ကို ဖတ်ရတဲ့အချိန်က အုပ်ရေ ခုနစ်သန်းကျော် ရောင်းရပြီးပြီလို့ မှတ်သားမိပါတယ်။ ဒီစာအုပ်ကို ဘသန်း (ဓမ္မိက)က 'ယော်နသံ စင်ရော်' ဆိုပြီး မြန်မာလိုပြန်တယ်။ အကြိမ်ကြိမ် ရိုက်နှိပ်ခဲ့တယ်လို့လည်း မှတ်သားမိပါတယ်။

▲▲▲

စင်ရော်ကလေးဟာ အကြိမ်ရာချီပြီး အပျံကျင့်တယ်။ ပျံပုံ ပျံနည်း အမျိုးမျိုးကို စမ်းသပ်နေတယ်။

အခြားစင်ရော်တွေကတော့ မနက်မိုးလင်းလာရင် အစာရဖို့ အစာစားဖို့ပဲ စိတ်ဝင်စားတယ်။ အစာရှိရာကို ပျံသွားမယ်။ အစာ စားပြီးတဲ့အခါ ကမ်းခြေကို ပြန်လာမယ်။ တစ်နေ့တစ်နေ့ ဒီလို စားရင်းနဲ့ပဲ အချိန်ကုန်တယ်။ အစာဆီကိုသွားလိုက်၊ ကမ်းခြေကို ပြန်လိုက် ဒီအလုပ်ပဲလုပ်တယ်၊ ဒီထက်ပိုပြီး မလုပ်ချင်ဘူး၊ အပျံ ကျင့်ဖို့တော့ ဝေလာဝေးပဲ။

စားဖို့ကို ဂရုမစိုက်ပဲ အပျံကျင့်နေတဲ့ စင်ရော်လေးကို သူတို့က သက်သက်မဲ့ ပင်ပန်းရှာနေတာလို့ မြင်တယ်။ စင်ရော်တို့ရဲ့ အစဉ် အလာကို ဖောက်ဖျက်နေတယ်လို့ မြင်တယ်။

အပျံကျင့်နေတဲ့ စင်ရော်ကလေးကို မြင်ယောင်ရင်းက. . . ဂရိဒဿနပညာရှင်ကြီး ဆောခရတ္တိကို သတိရပါတယ်။ စွဲချက် အမျိုးမျိုးနဲ့ သူ့ကို သေဒဏ်ပေးဖို့ အပြစ်ရှာကြတဲ့ ဂျူရီအဖွဲ့ကို ရည်ညွှန်းပြီး ဆောခရတ္တိက. . .

*'သင်တို့ဟာ အသိပညာရရှိရေး၊ အမှန်တရားကို သိမြင်ရေးနဲ့*





*စိတ်ပိုင်းဆိုင်ရာ ကောင်းမြတ်စင်ကြယ်တိုးတက်ရေးအတွက် အားမထုတ်ကြဘဲ တစ်နေ့ပြီးတစ်နေ့ ပစ္စည်းဥစ္စာတိုးတက်ရေး၊ ဂုဏ်သိက္ခာမြင့်မားရေး၊ ထင်ပေါ်ကျော်စောရေးအတွက်သာ လောဘတကြီး ကြိုးစားနေခြင်းကို မရှက်ကြသလော'* တဲ့။ ပြောဖူးတယ်။

တကယ်တော့ လူများစွာဟာ မရှက်ကြပါဘူး။ ပစ္စည်းဥစ္စာ တိုးတက်ရေး၊ ဂုဏ်သိက္ခာမြင့်မားရေး၊ ထင်ပေါ်ကျော်စောရေး အတွက်ပဲ နေ့ရှိသရွေ့ ကြိုးစားနေကြတာ၊ ဒါတွေကို ရရှိရေးအတွက်ပဲ စဉ်းစားနေကြတာ၊ ဒါတွေကို ရဖို့ကြိုးစားရင်း စဉ်းစားရင်း '*အလိုမပြည့်မီဘဲ လူဟာသေရတယ်*' ဆိုတဲ့ စကားအတိုင်း လောဘရဲ့ လှည့်စားမှုအတွင်းမှာ မကျေမနပ်နဲ့ပဲ အသက်ကုန်သွား ကြတယ်။ ဘဝတစ်ခုဆုံးသွားတယ်။ အသက်ရှင်နေခိုက်မှာ ထူးထူး ခြားခြား လေးလေးနက်နက် '*ဘဝအသိ*' ဆိုတာကို ရအောင် မရှာမိ လိုက်ဘူး၊ ရအောင် မကြိုးစားဖြစ်ဘူး။ စင်ရော်ကလေး အပျံကျင့် သလို မသိမိုက်မှားမှုတွေကနေ လွန်မြောက်နိုင်အောင် မလေ့ကျင့် ဖြစ်လိုက်ဘူး။

▲▲▲▲


အထက်က အတွေးတွေနဲ့ ကျောက်ဆောင်ကြီးပေါ်ကို ရောက်လာတယ်။ Liam O' Flaherty ရဲ့ His First Flight ဇာတ်လမ်းထဲက. . . ပင်လယ်ဘေး ကျောက်တောင်စွန်းပေါ်ကနေ ပထမအကြိမ်အဖြစ် ပျံထွက်ဖို့ အခက်ကြုံနေတဲ့ စင်ရော်ငယ် ကိုလည်း မြင်ယောင်နေပါတယ်။

■ အင်တာဗျူးဂျာနယ်၊ နံပါတ် – ၁၂၃ (၂၄.၄.၂၀၀၂)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အတ္တမြုပ်နှံရာ

ကျွန်တော် ရောက်သွားတော့ ဆရာက ဖတ်လက်စ စာအုပ်ကို စာညှပ်ကဒ် ကလေးခံပြီးပိတ်တယ်။ စာအုပ်ကို ကျွန်တော့်ရှေ့က စားပွဲပေါ် တင်လိုက်ပြီတော့ ဧည့်ခံစကားပြောတယ်။

ဆရာတင်ထားလိုက်တဲ့ စာအုပ်မျက်နှာဖုံးဆီကို မျက်စိက ရောက်သွားတယ်။ ***ရောဘတ်လူးဝစ်စတီဗင်ဆင် Robert Louis Stevenson*** ရေးတဲ့ *Treasure Island* ဝတ္ထု။ ဒီဝတ္ထုကို **ဆရာကြီး ဒဂုန်ရွှေမျှား** က ရတနာဒီပ ဆိုတဲ့ အမည်နဲ့ ဘာသာပြန်ဖူးတယ်။ ငယ်ငယ်က အဲဒီရတနာဒီပဝတ္ထုကို သိပ်ကိုကြိုက်နှစ်သက်ခဲ့ပါတယ်။

ဆရာက အခုဆို အသက် (၈၀) နီးပါးရှိပြီ။ ဒီအရွယ်မှာ 'ရတနာဒီပ'ကို ဖတ်နေတယ်ဆိုတော့ . . . ဆရာဟာငယ်ငယ်က ဒီဝတ္ထုကို မဖတ်ခဲ့ဘူးလို့ အခုမှဖတ်နေတာလား (ဒါမှမဟုတ်) တမင် ပြန်ပြီးဖတ်နေတာပဲလား. . . လို့ ကျွန်တော့်မှာ အတွေးတွေဖြစ်နေ ပါတယ်။ ဒါကို ဆရာက ရိပ်မိနေသလား မသိဘူး။ ဒီလောက် အကင်းပါးခဲ့တဲ့၊ တော်တဲ့ ဆရာပဲ. . . မရိပ်မိဘဲ မနေပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



'ဒီစာအုပ် မကြာခင်က ပြန်ပြီး ပုံနှိပ်တယ်။ ငါဆီပို့ပေးလိုက်လို့ ဖတ်ကြည့်နေတာ၊ ဒီအသက်အရွယ်မှာလည်း ဒီစာအုပ်က ဖတ်လို့ ရတုန်းပဲ' တဲ့၊ ဆရာက ဆက်ပြီး စာအုပ်အကြောင်းကို ပြောပါတယ်။

ရတနာဒီပ *Treasure Island* ဝတ္ထုကို လူငယ်တွေဖတ်ဖို့ ရည်ရွယ်ထုတ်တဲ့ မဂ္ဂဇင်းတစ်စောင် *YoungFolks* မှာ ရောဘတ် လူးဝစ်စတီဗင်ဆင်က အခန်းဆက် ရေးခဲ့ပြီး ၁၈၈၃ ခုနှစ်မှာ စာအုပ် အဖြစ်နဲ့ ထွက်ပေါ်လာတယ်။ ဒီစာအုပ်က ကလေးတွေအတွက် ရည်ရွယ်ပြီး ရေးတာဖြစ်ပေမယ့် လူကြီးတွေကလည်း ကြိုက်တယ်၊ နှစ်သက်စွာနဲ့ ဖတ်ကြတယ်။ 'ရတနာဒီပ'ဟာ စိတ်ကူးယဉ် ဝတ္ထု ဖြစ်ပေမယ့် ဒီကနေ့အထိ ဖတ်ကြတုန်း၊ စာအုပ်ပုံစံမျိုးစုံနဲ့ စာအုပ် တိုက်မျိုးစုံက ထုတ်ခဲ့ကြတယ်။ ဒီစာရေးဆရာရဲ့ တခြားဝတ္ထုတွေဟာ 'ရတနာဒီပ'လောက် ရောင်းရမတွင်ကျယ်ဘူး။ ရတနာဒီပထဲက ဇာတ်ကောင်တွေဟာလည်း အနုပညာစင်မြင့်ပေါ်မှာ ဖြေဖျော် တင်ဆက်နေရတုန်းပဲ။

ရတနာဒီပလိုပဲ ပင်လယ်နောက်ခံနဲ့ ပင်လယ်ဓားပြတွေနဲ့ စွန့်စားခန်းတွေပါတဲ့ ဝတ္ထုတွေ အမြောက်အမြားရေးကြတယ်။ အဲဒီ အထဲက ဝတ္ထုတော်တော်များများဟာ နာမည်ကြီးခဲ့တယ်၊ အရောင်း တွင်ကျယ်တယ်၊ ဒါပေမယ့်ခဏပဲ၊ မကြာခင်ပျောက်ကွယ်သွားကြ တယ်။ အဲဒီဝတ္ထုတွေထဲက ဇာတ်ကောင်တွေ အနုပညာစင်မြင့် ပေါ်မှာ ကြာကြာမနေလိုက်ရဘူးဆိုပါတော့။

ရတနာဒီပ က ဇာတ်ကောင်တွေကတော့ အနုပညာစင်မြင့် ပေါ်က ဆင်းရတယ်လို့မရှိဘူး။ ဒါ. . . ဘာကြောင့်လည်းလို့ တွေးကြည့်တယ်။ ရတနာဒီပ ထဲက ဇာတ်ကောင်တွေဟာ လူအများ မှာရှိတဲ့ သဘာဝ၊ လူ့စရိုက်ကို သရုပ်ပေါ်အောင် သရုပ်ဆောင်





နိုင်တယ်။ ပြီးတော့. . . ဇာတ်လမ်း၊ ဇာတ်ကွက်က ရိုးပေမယ့် လူ့သဘာဝ လူ့စရိုက်ကို ဖော်ပြနိုင်တဲ့ ဇာတ်လမ်းဇာတ်ကွက်တွေက အသိသစ်၊ အမြင်သစ်၊ အတွေးသစ်ရအောင် လှုံ့ဆော်ဖန်တီးနိုင်မှု ရှိတယ်။ ဒါကြောင့် အနုပညာစင်မြင့်မှာ ဒီနေ့ထိရှိနေတာပဲလို့ ထင်တယ်။

ရတနာတွေ မြှုပ်ထားတဲ့ ကျွန်း၊ ရတနာတွေကို သိုဝှက်ထားတဲ့ နေရာကို ညွှန်ပြထားတဲ့ မြေပုံစာရွက်ကိုရဖို့ 'ရတနာဒီပ'ထဲက ပင်လယ်ဓားပြတွေဟာ အသေအလဲ လိုက်လံရှာဖွေနေကြတယ်။ ဒီမြေပုံ ဘယ်သူ့ဆီမှာ ရှိသလဲသိရအောင် အနံ့ခံပြီး လိုက်နေကြ တယ်။ ဒီမြေပုံရဖို့အတွက် တိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြ။ ဒီမြေပုံကိုရရင် ရတနာတွေကို မြှုပ်ထားရာနေရာကို သိမယ်။ ဒီမြေပုံကိုရရင် ရတနာတွေကို အများကြီး တူးဖော်ရရှိပြီး သူဌေး သူကြွယ်တွေ ဖြစ်မယ်လို့ ထင်နေကြတယ်။

ဒါပေမယ့် တကယ်က ရတနာတွေဟာ မြေပုံစာရွက်က ညွှန်ပြထားတဲ့နေရာမှာ မရှိကြတော့ဘူး။ ဘာကြောင့်ဆိုတော့ အဲဒီရတနာဒီပကျွန်းပေါ်မှာ စွန့်ပစ်ခံခဲ့ရသူတစ်ဦးက သူ့ဟာသူ သွားရင်းလာရင်း အမှတ်မထင် အဲဒီရတနာတွေကို တွေ့သွားတယ်။ တွေ့တဲ့ရတနာတွေကို သူက သူနေထိုင်တဲ့ ဂူထဲကို အကုန် ပြောင်းရွှေ့ယူထားပြီးပြီ၊ ရတနာအညွှန်းမြေပုံ ရရှိရေးအတွက် အသေအလဲလိုက်နေသူတွေကတော့ ရတနာတွေ မူလနေရာမှာ မရှိတော့မှန်း မသိကြဘူး။ မြေပုံထဲက ညွှန်းတဲ့နေရာမှာပဲရှိတယ်လို့ တကယ်ထင်နေကြတယ်။ အဲဒီ တကယ် အထင်နဲ့ ရတနာဒီပရှိရာ ထွက်လာခဲ့တဲ့ သင်္ဘောပေါ်မှာလည်း မြေပုံကို ပိုင်ဆိုင်ထားသူတွေနဲ့ ပိုင်ရှင်ဖြစ်၊ သတ်ကြဖြတ်ကြနဲ့ ဒေါသူပုန်တွေ ထကြတယ်။ အတော



www.burmeseclassic.com

www.burmeseclassic.com



မသတ်တဲ့ လောဘပင်လယ်မှာ ဒေါသလှိုင်းလေတွေ ထန်နေကြတာ. . . မရှိတာကို ရှိတယ်လို့ထင်တဲ့ အစွဲဥပါဒါန်တွေနဲ့ ဒုက္ခတွေရောက်နေကြတာ။

လူသတ္တဝါမှာ ငါ. . . ငါ ဆိုတဲ့ ငါဟာ ဘဝထဲမှာ မြှုပ်နှံထားတဲ့ ရတနာတုံးကြီးလိုပဲ။ ငါတတ်၊ ငါသိ၊ ငါအတော်ဆုံး၊ ငါ့ကိုမထိပါးနဲ့၊ ငါ အရေးအပါဆုံး၊ ငါ တန်ဖိုးအရှိဆုံး. . . စတဲ့ ငါ. . . ငါ ကို တကယ်ရှိတယ်လို့ ထင်နေတာ။ တကယ်တော့ မိနစ်တိုင်း စက္ကန့်တိုင်းမှာ ခန္ဓာထဲက ကလာပ်စည်းဆဲလ်တွေဟာ အမြဲပဲ ပျက်စီးပျက်စီးသွားနေကြတယ်။ မူလ ကလာပ်စည်းဆဲလ်တွေ မဟုတ်ကြတော့ဘူး၊ အသစ်အသစ်ဖြစ်လာတဲ့ ကလာပ်စည်းတွေသာ ဖြစ်တယ်။ ငါ. . . ငါ၊ ငါ့ခန္ဓာ၊ ငါ့ခြေ၊ ငါ့လက်. . . စသည်ဖြင့် ရှာလို့မရနိုင်ဘူး။ တွေ့လည်း မတွေ့နိုင်ဘူး၊ ရှိလည်း မရှိတော့ဘူး။ နောက် နောက်အသစ်ဖြစ် ဖြစ်နေတဲ့ ကလာပ်စည်းတွေပဲ ဖြစ်ပျက်နေကြတာ။

ဒါပေမယ့်. . . ဒီ သဘောတွေကို လူသတ္တဝါတွေဟာ သာမန်အသိမျှနဲ့ မသိနိုင်ဘူး။ မရှိတော့တာကို မရှိတာမှန်းမသိဘူး။ တကယ်မဟုတ်တော့တာကို တကယ်မဟုတ်တာမှန်း မသိဘူး။ မသိတော့ ငါ. . . ငါနဲ့ စွဲပြီးလောဘတွေ အမျိုးမျိုးဖြစ်၊ လောဘတွေက ဒေါသတွေ အမျိုးမျိုးဖြစ်တယ်။ ရတနာတွေ မရှိတော့ပေမယ့် ရှိတယ်လို့ အထင်နဲ့ လောဘတွေ တက်ရာက ဒေါသမျိုးစုံ၊ ပြဿနာမျိုးစုံကြုံတဲ့ ရတနာဒီပထဲက ဇာတ်ကောင်တွေလိုပါပဲလား. . . လို့ တွေးစရာတွေရတယ်. . . လို့ ဆရာက ပြေပြတယ်။

ဒီလိုတွေးစရာတွေရလို့ 'ရတနာဒီပ'ဝတ္ထုကို နှစ်သက်တယ်လို့ ဆရာက ပြောလိုရင်းဖြစ်ပါလိမ့်မယ်။





ဆရာပြောတာတွေ နားထောင်ရင်းက. . . ပြောင်းရွှေ့ယူထားတယ်ဆိုတဲ့ ဂူထဲက ရွှေဒင်္ဂါးတွေ၊ ရွှေချောင်းနဲ့ ရွှေတုံးတွေကို ကျွန်တော်ကမြင်ယောင်နေတယ်။ ဒါပေမယ့်. . . ဒီရတနာတွေဟာလည်း စိတ်ကူးယဉ်ဝတ္ထုထဲက စိတ်ကူးယဉ်ထားတဲ့ ရတနာတွေဆိုတော့. . . တကယ့်အရှိ ရတနာတွေ ဟုတ်မှာမဟုတ်ပါဘူးလို့ တွေးမိလိုက်ပါတယ်။


ချမ်းသာတစ်ခု မတ်မောမှုကြောင့်
ပုပ္ပရှု ကျိုးဝမ်းကြေလည်း
ဒုတ္တဝင်လယ် ကျယ်ထက်ကျယ်သည်
ရှယ်တိုင်း မပြောတ်ပါတကား။

● [illegible]ဂျာနယ်၊ နံပါတ်–၁၃၃ (၁၄.၈.၂၀၀၂)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မမြင့်အောင် မှောင်ထားတဲ့အရာ

ပင်လယ်နားကိုရောက်တော့ ပင်လယ်နှင့်စပ်ဆိုင်နေတာတွေကို တွေးမိပြန်တယ်။ ပင်လယ်နောက်ခံပြုတဲ့ ဝတ္ထုတွေအကြောင်းကိုလည်း အမှတ်ရတယ်။ တစ်ဆက်တည်းမှာပဲ ဂျွန်စတိုင်းဘတ် John Steinback ရဲ့ ပုလဲ The Pearl ဆိုတဲ့ဝတ္ထုကို အမှတ်ရတယ်။

ပင်လယ်နားက ရွာကလေးတစ်ရွာမှာ ကီနိုး ဆိုတဲ့ တံငါသည်တစ်ဦးရှိတယ်။ ကီနိုးမှာ ဇနီးရှိတယ်။ လူမမယ် သားလေးတစ်ဦးလည်းရှိတယ်။ ကီနိုးတို့ ဇနီးမောင်နှံဟာ အင်မတန်ရိုးတယ်၊ အေးတယ်၊ ဆင်းရဲတယ်။ ပညာဗဟုသုတလည်း ခေါင်းပါးရှာကြတယ်။ ဒါကြောင့် သူတို့ရဲ့ သားကလေးကို ပညာသင်ပေးချင်တယ်။ ပညာတတ်စေချင်တယ်။

တစ်နေ့. . . ကီနိုးဟာ ပင်လယ်ထဲငုပ်ပြီး ပုလဲရှာရာက ဟရည်အသွေးအင်မတန်ကောင်းတဲ့ ပုလဲကြီးတစ်လုံးကိုရတယ်။ ..ကလူတွေက ကီနိုးရလာတဲ့ပုလဲဟာ ကမ္ဘာပေါ်မှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ပုလဲပါပဲလို့ ပြောကြတယ်။ ပုလဲကြီးရလာတဲ့အခါမှာ ကီနိုးတို့ မိသားစုကို ခေါ်ချင် ပြောချင် အရေးလုပ်ချင်သူတွေ ရှိလာတယ်။ ပုလဲကြီးကိုမရခင်က ကီနိုးရဲ့သားငယ်ကို ကင်းတစ်ကောင်ရဲ့ အကိုက်ကိုခံရတယ်။ ကီနိုးတို့ဇနီးမောင်နှံဟာ ကင်းကိုက်ခံရတဲ့ သားကလေးကို မြို့ကဆရာဝန်ထံ သယ်ယူပြီးပြသတယ်။ ဆေးဖိုး ပါမလာတဲ့ ကီနိုးတို့ဇနီးမောင်နှံကို ဆရာဝန်က အတွေ့မခံလိုက်ဘူး။ အခု. . . ကီနိုးမှာ ပုလဲကြီး ပိုင်ဆိုင်နေတယ်ဆိုတဲ့ သတင်းကို ရတဲ့အခါမှာတော့ ဆရာဝန်က ကိုယ်တိုင်ရောက်လာပြီး သားငယ်ကို ဆေးကုပေးတယ်။

ကီနိုးဟာ ပုလဲကြီးကိုယူပြီး မြို့ကိုသွားတယ်။ ပုလဲ အဝယ်တော်တွေနဲ့ တွေ့ပြီး ပုလဲကိုပြတယ်။ ဘယ်လောက်နဲ့ ဈေးဖြတ်မလဲဆိုတာမေးတယ်။ အဝယ်တော်တွေက ကီနိုးကို ဈေးနှိမ်တယ်။ အဝယ်တော်အချင်းချင်း ကီနိုးရဲ့ပုလဲကို ဈေးနှိမ်ပေးဖို့ ညှိထားကြတယ်။ ကီနိုးက အဝယ်တော်တွေကို မကျေမနပ်ဖြစ်ပြီး ပုလဲကို မရောင်းဘဲ ပြန်ယူလာခဲ့တယ်။

ကီနိုးပြန်ရောက်တဲ့ညမှာပဲ. . . ပုလဲကိုခိုးယူဖို့ သူခိုးက ကီနိုးတို့ရဲ့ တဲထဲကို ဝင်တယ်။ ကီနိုးကသိပြီး သူခိုးကိုဖမ်းဖို့ကြိုးစားတယ်။ သူခိုးဟာ အမှောင်ထဲကို ထွက်ပြေးလွတ်မြောက်သွားတယ်။ နောက်နေ့ညမှာလည်း ပုလဲကိုခိုးဖို့ သူခိုးဝင်ပြန်တယ်။ ကီနိုးက သူခိုးကို အိမ်ကနေ ထွက်လိုက်ပြီး သတ်ပုတ်တဲ့အတွက် သူခိုး သေဆုံးသွားတယ်။ ကီနိုးဟာ ပုလဲကို ကာကွယ်ရင်းနဲ့ ထိတ်ထိတ်လန့်လန့်တွေဖြစ်ရတယ်။ ဒါနဲ့ ကီနိုးဟာ ဇနီးနဲ့ သားကလေးကို ခေါ်ပြီး လှေနဲ့မြို့ကိုသွားနေမယ်ဆိုတဲ့အကြံနဲ့ ထွက်လာတယ်။ ဒါပေမယ့် လှေကို ဘယ်သူဖောက်ခွဲဖျက်ဆီးထားသလဲမသိဘူး။





လှေဟာ သုံးမရအောင် ပေါက်ကွဲနေတယ်။ သူ့မိဘတွေက သူ့ကို အမွေပေးခဲ့တဲ့လှေ ခုလိုဖျက်ဆီးခံရတဲ့အတွက် ကီနိုးဟာ ဒေါသတွေ အကြီးအကျယ်ဖြစ်တယ်။ ဒီလိုဖြစ်နေတုန်း . . . သူတို့ရဲ့ တဲအိမ်က မီးစွဲလောင်တယ်။ မီးလောင်နေတဲ့ သူ့အိမ်ကိုကြည့်ရင်း ကီနိုးဟာ မခံမရပ်နိုင်အောင် စိတ်သောကတွေ ရောက်နေမှာပဲ။

နောက်နေ့မနက်မှာ ကီနိုးဟာ သားကလေးကို ချီပိုးထားတဲ့ ဇနီးနဲ့အတူ မြို့ဘက်ကို ထွက်လာခဲ့တယ်။ ပုလဲကို အဓမ္မလိုချင်သူတွေဟာ ကီနိုးတို့နောက်ကို လိုက်လာတယ်။ ဒါကြောင့် ကီနိုးနဲ့ သူ့ဇနီးဟာ လမ်းလွှဲပြီးသွားတယ်။ တောင်ကြီးတွေပေါ် တက်လာခဲ့တယ်။ တောင်တက်ခရီးက သူတို့ဇနီးမောင်နှံကို အင်မတန်ပင်ပန်းစေတယ်။

ညနေချိန်မှာ ကီနိုးဟာ သူ့ဇနီးနဲ့သားကလေးကို စမ်းချောင်းတစ်ခုအနားမှာထားခဲ့ပြီးတော့ သူတို့ကို နောက်ယောင်ခံလိုက်လာတဲ့ ရန်သူတွေကို ချောင်းမြောင်းသတ်ပုတ်ဖို့ ကြိုးစားတယ်။ ရန်သူက ၃ ယောက်။ လက တိမ်တွေရှိနေလို့ လင်းလာလိုက် မှောင်သွားလိုက်ဖြစ်နေတယ်။

ကီနိုးဟာ သေနတ်ရှိတဲ့ လူအပေါ်ကို ခုန်အုပ်ပြီး သေနတ်ကို လုယူလိုက်တယ်။ အဲဒီသေနတ်နဲ့ ကီနိုးဟာ ရန်သူ ၃ ဦးလုံးကို ပစ်သတ်တယ်။ ဒီလိုသေနတ်နဲ့ ပစ်ခတ် သတ်ဖြတ်ရာမှာ ကျည်ဆံတစ်ခုက သူ့ဇနီးရဲ့ ရင်ခွင်မှာ ချီထားတဲ့ သူ့သားငယ်ကို ထိမှန်သွားတယ်။ သားကလေးဟာ အဲဒီနေရာမှာပဲ သေဆုံးသွားတယ်။

ကီနိုးဟာ ပုလဲကြီးကိုရခါစက. . . ပုလဲကြီးကို ရောင်းရတဲ့ ငွေတွေနဲ့ သားကလေးကို ပညာတတ်အောင် သင်ပေး၊ သေနတ်ပစ်လက်လည်းဝယ်ပြီး ကိုင်မယ်လို့ စိတ်ကူးယဉ်ခဲ့ဖူးတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီစိတ်ကူးတွေ အကုန်ပျောက်လွင့်သွားပြီ၊ မြို့ကို ခရီးဆက်သွားစရာလည်း မလိုတော့ဘူး။

နောက်တစ်နေ့မှာ ရွာသူရွာသားတွေဟာ. . . ရင်ဘောင်တန်းပြီး လျှောက်လာတဲ့ ကီနိုးတို့ ဇနီးမောင်နှံကို အံ့သြစွာနဲ့ ကြည့်နေကြတယ်။ သူတို့ရဲ့ ဓလေ့အတိုင်း လင်နောက်မှာ ချန်ပြီး မယားက လျှောက်တာမျိုးမဟုတ်ဘဲ လင်နဲ့မယား ယှဉ်ပြီး လျှောက်လာတာကို မြင်ရလို့ ရွာသားတွေ အံ့သြနေကြတာ၊ ဇနီးဖြစ်သူရဲ့ ရင်ခွင်ထဲက အထုတ်ဟာ အလှုပ်အရှားမရှိဘူး။ သားငယ်ကလေးဟာ အသက်ကုန်ခဲ့ပြီပဲ။ ကီနိုးနဲ့ သူ့ရဲ့ဇနီးဟာ ပင်လယ်ပြင်ရှိရာကို ဆက်လျှောက်သွားတယ်၊ ရွာသူရွာသားတွေဟာ သူတို့ ၂ ဦးရဲ့ အပြုအမူကို အံ့သြစွာနဲ့ ငေးကြည့်နေကြတယ်။ ပင်လယ်ရေစပ်နားလည်းရောက်ရော ကီနိုးဟာ သူ့အကျႌထဲက ပုလဲကြီးကို ထုတ်ပြီး ပင်လယ်ထဲသို့ အားကုန်လွှင့်ပစ်လိုက်တယ်။

ပုလဲကြီးကို ပင်လယ်ထဲ လွှင့်ပစ်လိုက်တဲ့ ကီနိုးကို အသိပညာမဲ့တယ်၊ မိုက်တယ်လို့ဆိုမလား၊ မြို့ကလူတွေကတော့ အသိပညာရှိတယ်၊ ဗဟုသုတရှိတယ်၊ လိမ္မာတယ်လို့ပြောမလား။ မြို့က ချမ်းသာသူတွေ၊ ငွေရှင်ကြေးရှင်၊ ပုလဲအဝယ်တော်တွေဟာ အသိပညာ အလိမ္မာရှိတဲ့သူတွေဖြစ်တယ်လို့ပြောမလား၊ သူတို့တွေကို အလိုလောဘတွေက အသိအလိမ္မာမရှိအောင်၊ ကီနိုးကို မကြင်နာမိအောင် ကွယ်ထားတာ မဟုတ်ဖူးလား။ ဆရာဝန်ဆိုသူ ဟာလည်း အလိုလောဘတွေရဲ့ အတားအဆီးခံနေရလို့ ပထမအခေါက်က ကီနိုးရဲ့သားကလေးကို ဆေးမကုလိုက်တာ မဟုတ်လား၊ အလိုလောဘတွေ ဖုံးပိတ်နေလို့ လူမမယ်ကလေးကို ကြင်နာဖို့ကိုတောင် ဆရာဝန်ဟာ မေ့ခဲ့တာ မဟုတ်လား။ အလိုလောဘ တွေဟာ





*ပင်လယ်ကြီးလို ကြီးကျယ်တယ်၊ နက်လည်း နက်ရှိုင်းတယ်၊ ပင်လယ်ရေတွေလို များလည်း များပြားတယ်၊ လောဘပင်လယ်ကြီးမှာ ဒေါသလှိုင်းလုံးတွေလည်းထပ်ဆင့်စိုးမိုးနေကြလိမ့်မယ်။*

**မရှိတောင့်တ၊ ရှိကြောင့်ကြနှင့်၊**

**နွမ်းလျှညှိုးခွေ.... ပင်ပန်းကြသူတွေ။**

● ဆင်တော်မျှော်ဂျာနယ်၊ နံပါတ်–၁၂၀ (၂၄-၃-၂၀၀၂)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်နဲ့ အနုပညာ အတွေ့အကြုံ

(၁)

ပင်လယ်အကြောင်းကို ပြောဖြစ်တဲ့အခါမှာ. . . ဟဲမင်းဝေးရဲ့ "ပင်လယ်နှင့်တံငါအို" The old man and the sea ဇာတ်ကြောင်းကို အမှတ်ရလာပါတယ်။ တဆက်တည်းမှာပဲ ရသပညာဆိုင်ရာ ပြဿနာတစ်ရပ်ကို သတိရပါတယ်။ ဘယ်လိုပြဿနာလဲ ဆိုတော့. . . တကယ့်ဘဝ ဒိဋ္ဌဘဝမှာ ကြုံတွေ့ရတဲ့ "တကယ့် အတွေ့အကြုံ"နဲ့ အနုပညာက ဖန်တီးပေးထားတဲ့ ဘဝမှာ တွေ့ကြုံ ခံစားရတဲ့ "အနုပညာအတွေ့အကြုံ"နှစ်မျိုးအနက် ဘယ်အတွေ့အကြုံ မျိုးက ပိုပြီးအရေးပါသလဲ၊ ပိုပြီးတန်ဖိုးရှိသလဲဆိုတဲ့ ပြဿနာပါပဲ။

တချို့ကတော့ တကယ့်ဘဝ၊ ဒိဋ္ဌိဘဝမှာ တွေ့ကြုံရတဲ့ တကယ့် ဘဝအတွေ့အကြုံကမှ အဲဒီအတွေ့အကြုံမျိုးနဲ့ ထိတွေ့သူကို ဘဝ အသိပေးနိုင်တယ်။ အနုပညာကဖန်တီးပေးတဲ့ဘဝမှာ တွေ့ကြုံရတဲ့ အနုပညာခံစားမှုအတွေ့အကြုံကတော့ "အတွေ့အကြုံအတု"မျှသာ ဖြစ်ပါယ်၊ အစစ်အမှန်အတွေ့အကြုံမဟုတ်ဘူး၊ ဒါကြောင့် ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အသိကို အလေးအနက်ပေးနိုင်စွမ်း မရှိဘူးလို့ ယူဆသူတွေလဲ ရှိတယ်။

(၂)

ဟဲမင်းဝေးက သူ့ရဲ့ ပင်လယ်နဲ့တံငါအဖိုးအို ဇာတ်လမ်းမှာ ဆန်တီယာဂိုကို အဓိကဇာတ်ဆောင်အဖြစ်နဲ့ လှုပ်ရှားပြထားတယ်၊ တံငါအလုပ်ကို လုပ်ရင်းကပဲ ဆန်တီယာဂိုဟာ အရွယ်ရင့်လာပြီး အဖိုးအိုဘဝကိုတောင် ရောက်လာပြီ။

အခုတလော တံငါအိုဆန်တီယာဂိုခမြာ ငါးတစ်ကောင် တစ်မြီးမှ မရဘဲဖြစ်နေတယ်။ ပင်လယ်ကွေ့ ရေစီးကြောင်းထဲမှာ ငါးရလေနိုးနဲ့ အဖိုးအိုဆန်တီယာဂိုဟာ ကြိုးစားပြီး ငါးဖမ်းထွက်ခဲ့တယ်၊ ရက်ပေါင်း ၄၀ တိတိ ကြာသည်အထိ ငါးတစ်ကောင်မှ သူမရဘူး၊ ဒီရက် ၄၀ အတွင်းမှာ သူငယ်လေးတစ်ယောက် သူ့အဖော်အဖြစ်၊ သူ့အလုပ်သင်အဖြစ်နဲ့ သူ့ငါးဖမ်းလှေမှာ ပါခဲ့တယ်။ ခုလို ရက် ၄၀ တိတိ ကြာသည်အထိ ငါးတစ်ကောင်မှ မရတော့ ဆန်တီယာဂိုဟာ ကံဆိုးမိုးမှောင်ကျနေသူဖြစ်နေပြီ။ ဒါကြောင့် ငါးရဖို့လမ်းမမြင်တော့ဘူးလို့ သူငယ်လေးရဲ့မိဘတွေက ယူဆပြီး သူတို့သားငယ်ကို ဆန်တီယာဂိုရဲ့ အလုပ်သင်အဖြစ် မလုပ်စေတော့ဘဲနဲ့ တစ်ခြားတံငါလှေနဲ့ လိုက်နိုင်းလိုက်တယ်။ ဒါကြောင့် အဖိုးအိုဆန်တီယာဂိုဟာ တကိုယ်တည်း အဖော်မပါဘဲနဲ့ ငါးဖမ်းထွက်တယ်။

ဒီလိုထွက်ခဲ့တာ နောက်ထပ် ရက် ၄၀ ကျော်လာပြန်ပြီ၊ ငါးတစ်ကောင်မှ မရဘူး၊ ပင်ပန်းဆင်းရဲစွာနဲ့ တံငါလှေကို သိမ်းပြီး ရွက်ကိုထမ်းရင်း ပြန်၊ ပြန်လာခဲ့ရတဲ့ ဆန်တီယာဂိုရဲ့ အဖြစ်ကို





ဟဲမင်းဝေးက သရုပ်ဖော်တဲ့နေရာမှာ အင်မတန်မှ ထိမိတယ်၊ နောက် ၈ ရက်လောက်အကြာ ငါးဖမ်းထွက်ခဲ့ရာမှာတော့ သူမျှားထားတဲ့ ငါးမျှားချိတ်မှာ ငါးကြီးတစ်ကောင်လာပြီး ဟပ်မိတယ်။ ဒီလိုဟပ်မိပြီး ငါးမျှားချိတ် မိသွားတဲ့ ငါးကြီးဟာ အားကုန်ကူးခပ် လူးလွန့်တယ်။ ကူးခတ်ပြေးနေတဲ့ ငါးကြီးဟာ ဆန်တီယာဂိုရဲ့ လှေထက်တောင် အလျားရှည်တဲ့ ဧရာမငါးကြီးဖြစ်တယ်။ ငါးကြီးဟပ်မိထားတဲ့ ငါးမျှားကြိုးကို တအားဆွဲရင် ပြတ်သွားမှာ စိုးတဲ့အတွက် ငါးကြီး ဆွဲပြေးရာကို ဆန်တီယာဂိုက မျှောပြီးလိုက်နေရတယ်။ ငါးကြီး မောလောက်ပြီလို့ထင်တဲ့အခါမှာ ကြိုးကို လှေဆီပြန်ဆွဲကြည့်လိုက်နဲ့ လုပ်နေရတာ ၂ ရက်လောက်ရှိပြီ။ ငါးကြီးကလဲ ကြိုးကို ဆွဲပြေးဆဲပဲ။ ၃ ရက်လောက်မှာတော့ ငါးကြီးကို လှေဆီဆွဲလို့ရလာပြီ။ တဖြည်းဖြည်း ဆွဲယူရင်းနဲ့ လှေနားရောက်တဲ့အခါ ဆန်တီယာဂိုက မှိန်းနဲ့ထိုးပြီး ငါးကြီးကို သတ်လိုက်တယ်။ ဒီလိုသတ်ပြီးတော့ ငါးကြီးကို လှေနဲ့တွဲချည်နှောင်ပြီး ကမ်းဆီကို ဆွဲယူလာတယ်။

မကြာပါဘူး။ သူမှိန်းနဲ့ ထိုးလို့ ငါးကြီးမှာ ရသွားတဲ့ ဒဏ်ရာက ယိုစီးထွက်လာတဲ့ သွေးနံ့ကို အနံ့ခံပြီး ငါးမန်းတွေ ငါးကြီးဆီ ရောက်လာကြတယ်။ ငါးကြီးဟာ အခုဆိုရင် တံငါအိုကြီးဆန်တီယာဂို ပိုင်တဲ့ ငါးကြီးဖြစ်နေပြီ။ သူပိုင်တဲ့ ငါး. . . သူ့ငါးကို လာပြီးဖျက်ဆီးမည့်. . . ကိုက်ဖဲ့ယူမည့် ငါးမန်းတွေကို သူဒေါသဖြစ်ပြီပေါ့။ ဒါနဲ့ ငါးမန်းတွေကို မှိန်းနဲ့ အားကုန်ထိုးသတ်တယ်၊ မှိန်းက ငါးမန်း တစ်ကောင်ရဲ့ ဦးခေါင်းမှာ စူးဝင်ပြီးပါသွားတယ်၊ ဒါကြောင့် နောက်လာမည့်ငါးမန်းတွေကို သတ်ဖို့ သူက သူ့လှော်တက်မှာ ဓါးကို ချည်နှောင်တယ်။ ငါးမန်းတွေက တစ်ကောင် နှစ်ကောင်မှ မဟုတ်ဘဲ၊ များလှအောက်ကဝင်ပြီး ငါးကြီးကို ကိုက်ဖဲ့ စားသောက်တဲ့ ငါးမန်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလဲ ရှိသေးတယ်။ ညမှောင်မှောင်ထဲမှာ ငါးမန်းတွေကို ထိုးနှက်တိုက်ခိုက်ရတာဆိုတော့ ဆန်တီယာဂိုခမျာ မောဟန်းပြီး အသက်ရှူမှားနေတယ်။ ငါးမန်းတွေရဲ့ ကိုက်ဖဲ့စားသောက်ခြင်းကို ခံလိုက်ရတဲ့ ငါးကြီးဟာ နောက်ဆုံးမှာ အသားမရှိတော့ဘဲ အရိုးပြိုင်းပြိုင်းကြီး ဖြစ်သွားတယ်။

ဆန်တီယာဂိုဟာ အရိုးပြိုင်းပြိုင်းဖြစ်နေတဲ့ ငါးကြီးနဲ့ သူ့လှေကို ကမ်းဆီလှော်လာတယ်။ ကျောက်ဆောင်ရင်းမှာရှိတဲ့ ကျောက်စရစ်အငူလေးမှာ လှေကို ဆိုက်တယ်၊ တတ်နိုင်သလောက် လှေကို ကုန်းဘက်ဆီ ဆွဲတင်ပြီးတော့ လှေကို ကျောက်တုံးတစ်တုံးမှာ ချည်တယ်၊ အဲဒီနောက်ရွက်တိုင်ကိုနှုတ်၊ ရွက်ကိုလိပ်၊ ရွက်လိပ်ကို ထမ်းရင်း တောင်ကုန်းကလေးပေါ်ကို တက်လာတယ်။ သူ့အိမ်ကလေး သူ့တဲစုတ်ကလေးရှိရာကို သူ ပင်ပင်ပန်းပန်းနဲ့ ပြန်လာနေတာ၊ လမ်းမှာ ငါးခါလောက် ရွက်လိပ်ကြီးနဲ့ လဲခဲ့သေးတယ်။ တဲကလေးကိုရောက်တော့ ရွက်လိပ်ကို တဲရဲ့နံရံမှာ မှီထောင်တယ်၊ မှောင်ထဲမှာ ရေပုလင်းကို စမ်းပြီးရှာတယ်၊ တွေ့တော့ ရေတစ်ကျိုက် သောက်လိုက်ပြီးတော့ အိပ်ယာပေါ်ကို တံငါအိုဆန်တီယာဂိုဟာ ပစ်လှဲအိပ်ပစ်လိုက်တယ်။

ပင်လယ်ပြင်ကျယ်ကြီးနဲ့ တံငါအိုဆန်တီယာဂိုရဲ့ ဇာတ်လမ်းကို စာပေသုတေသီတွေက လက်ရာမြောက်လှတဲ့ အနုပညာတစ်ရပ်အဖြစ် ခံစားယူဆပြီးတော့ နှစ်သက်ပုံ နှစ်သက်နည်း အမျိုးမျိုးကို ဖော်ပြခဲ့ကြတယ်။

တံငါအိုကြီး ကျင်လည်ကျက်စားရာ ပင်လယ်ပြင်ကြီးကို လူ့ဘဝ၊ တံငါအိုဆန်တီယာဂိုက လူအားလုံးကို ကိုယ်စားပြုထားသူ၊ ငါးကြီးကိုတော့ သဘာဝအင်အားစုတစ်ရပ်အဖြစ် ခံစားတင်ပြကြ





တယ်။ တချို့ကတော့ ဆန်တီယာဂိုဟာ လူအားလုံးကို ကိုယ်စားပြုထားသူ၊ ငါးကြီးကတော့ လူတွေ နေ့တိုင်းလိုအင်ဆန္ဒရှိနေတဲ့ ပစ္စည်းတွေပေါ့၊ တပ်မက် နှစ်သက်စရာတွေ၊ ငါးမန်းတွေက လူ့ဘဝမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေအဖြစ် ခံစားတင်ပြပြီးတော့ ဒီ တပ်မက်စရာတွေအတွက် လူဟာ အပန်းတကြီး အခက်အခဲတွေကြားမှာ ကြိုးစားရုန်းကန်ရပုံတွေကို ဖြန့်ကျက်ခံစားပြကြသေးတယ်။ ဆန်တီယာဂိုဟာ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားပေမဲ့ နောက်ဆုံးမှာ သူရတဲ့ ငါးကြီးဟာ အသားမရှိတော့တဲ့ အရိုးစုကြီးအဖြစ်နဲ့ ကျန်ခဲ့ပုံကိုလည်း. . . ဘဝတိုက်ပွဲမှာ အနိုင်အရှုံးဟာ ပမာနမဟုတ်ဘဲ ဆန်တီယာဂိုလို လူဟာ အခက်အခဲတွေကို ဇွဲလုံ့လနဲ့ သိက္ခာရှိရှိ ဂုဏ်ရှိရှိ ရင်ဆိုင်သင့်တယ်ဆိုတဲ့ ဘဝသင်ခန်းစာတွေ ရနိုင်ကြောင်း ခံစားတင်ပြထားတာတွေလဲရှိတယ်။

ပင်လယ်ပြင်မှာ အဖိုးအိုတစ်ယောက်တည်း ပြောနေတဲ့ (မိုနိုလော့)စကားတွေဟာလဲ လူသတ္တဝါတွေမှာ ရှိတတ်ဖြစ်လာတတ်တဲ့ စရိုက်သဘာဝတွေကို ဖော်လှစ်ပြနေတဲ့ သဘောဖြစ်ကြောင်းကိုလဲ ခံစားတင်ပြကြတယ်။ အဖိုးအို ဆန်တီယာဂို ပြောနေတဲ့ စကားတွေထဲမှာ မယ်တော်မယ်ရီကို တမ်းတ စကားပြောတာတွေ၊ စိတ်ပျက်ရာက အားတင်းတဲ့စကားတွေ ပါတယ်။ အတွေးတစ်ခုခုနဲ့ အပြောတစ်ခုခုကို ပြောနေတာတွေပါတယ်။ တံငါသည်တဝကို ဘာလို့များ ရနေပါလိမ့်ဆိုတဲ့ အတွေး၊ ရန်ဘက်မဟုတ်တဲ့ ငါးကြီးကို သတ်ဖြတ်ဖို့ ရန်ဘက်ဖြစ်လာရတဲ့ သူ့ရဲ့ဘဝ၊ ငါးကြီးကို သတ်ဖြတ်နေတာ တရားတဲ့အလုပ်မှ ဟုတ်ရဲ့လား။ သူသတ်ဖြတ်ထားတဲ့ ငါးကြီးကို လူတွေ စားတာဟာ တရားရဲ့လားဆိုတဲ့ ကတွေးစဉ်၊ ငါးကြီးရဲ့ အသားတွေအတွက် ရနိုင်မယ့်ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



ပမာဏကို တွေးရင်း မျှော်လင့်ချက်တွေ ရှိနေပုံ၊ မျှော်လင့်ရင်းက မျှော်လင့်သလိုမဖြစ်ဘဲ စိတ်ပျက်တာတွေကို တွေးပြီး ပြောနေတဲ့ စကားတွေလဲပါတယ်။ ဆန်တီယာဂိုရဲ့ တကိုယ်တည်းပြောနေတဲ့ တမ်းတမှုတွေ၊ ညည်းတွားမှုတွေ၊ အားတင်းကြုံးဝါးသံတွေဟာ လူတွေမှာ ဖြစ်တတ်တဲ့ စရိုက်သဘာဝတွေကို ဖော်ပြနေခြင်း ဖြစ်တယ်လို့ စာပေသုတေသီတွေက ခံစားပြတတ်ကြတယ်။ သုတဆိုင်ရာတွေကို ရှုမြင် အနက်ကောက်ရာမှာတော့ အကန့်အသတ်ရှိတယ်၊ ရသဆိုင်ရာပစ္စည်းတွေကို ခံစားအနက်ကောက်ရာမှာတော့ အကန့်အသတ် မရှိနိုင်ဘူး၊ ခံစားမှုတွေ၊ ရသကပေးတဲ့ ဘဝအသိတွေ အမြောက်အမြား ရနိုင်တယ်၊ ဒါကြောင့် ပင်လယ်နဲ့ အဖိုးအိုကို ဖော်ပြထားတဲ့ ရသအဖွဲ့တစ်ရပ်(ဝါ)ရသပစ္စည်းတစ်ရပ်ကိုလဲ အမျိုးစုံ ခံစားအနက်ကောက်နိုင်တာပဲလို့ ယူဆကြတယ်။

တကယ့်ဘဝဒိဋ္ဌဘဝထဲမှာ ကြုံတွေ့ရတဲ့အဖြစ်နဲ့ ဝတ္ထုအဖြစ် ဖန်တီးထားတဲ့ အနုပညာပစ္စည်းကို ဖတ်ရှုပြီး ခံစားရတဲ့အဖြစ်ဟာ တူနိုင်ကြမယ် မဟုတ်ဘူး။ တကယ့်ဘဝ ဒိဋ္ဌဘဝထဲမှာ တံငါအိုရင်ဆိုင်တွေ့ကြုံနေရတဲ့အဖြစ်မှာက လောဘတွေ၊ ဒေါသတွေ၊ ကြောင့်ကြစိုးရိမ်ခြင်းတွေ၊ မျှော်လင့်ချက်မဲ့ခြင်းတွေ စိုးမိုးထားတာဆိုတော့ ဘဝအသိ၊ ဘဝသံဝေဂကို တိတိကျကျ ရနိုင်ဖွယ်မရှိဘူး။ အနုပညာပစ္စည်းအဖြစ်ဖန်တီးထားတဲ့ တံငါအိုရဲ့ အတွေ့အကြုံအဖြစ်သနစ်ကို ဖတ်ရှုခံစားရလို့ ရလာတဲ့ အနုပညာ အတွေ့အကြုံမျိုးမှာတော့ ခံစားမှုရသစုံ ပါဝင်နေတယ်၊ ရပ်ပြီးတွေးချိန် စဉ်းစားချိန်လည်းရနေတယ်။ အနီးအဝေး လှမ်းမျှော်ကြည့်နိုင်တယ်၊ ဒီအခါမှာ အမှားအမှန် အကောင်းအဆိုးကိုလည်း ခွဲခြားမြင်နိုင်တယ်။ ဒါကြောင့် အနုပညာအတွေ့အကြုံက တကယ့်ဘဝ ဒိဋ္ဌဘဝထဲက





အတွေ့အကြုံထက် ပိုပြီး ကျယ်ပြန့်နက်ရှိုင်းတဲ့ ဘဝအသိကိုပေးနိုင်တယ်။ အနုပညာခံစားမှုကရလာတဲ့ အနုပညာအတွေ့အကြုံဟာ "အတွေ့အကြုံအတု"ဖြစ်တယ်ဆိုပေမဲ့ ဘဝအသိ-ဘဝသင်ခန်းစာတွေကို ကျယ်ကျယ်ပြန့်ပြန့်ကြီး ပေးနိုင်စွမ်းတယ်၊ အနုပညာ အတွေ့အကြုံတွေဟာ လူကို ဘဝအမြင်မြင့်မားသူ၊ ရင့်ကျက်တဲ့ ဘဝအသိရှိသူဖြစ်အောင် စွမ်းဆောင်နိုင်တယ်၊ ဒါကြောင့် စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူတော်လူကောင်းဖြစ်ရေးမှာ အနုပညာမြောက်တဲ့ အခုပင်လယ်နဲ့တံငါအိုလို ဝတ္ထုကောင်းတွေဟာ အရေးပါတဲ့ ကဏ္ဍမှာ ရှိနေကြတယ်လို့ ရှုမြင်သုံးသပ်သူတွေလဲ ရှိတယ်။

ဆရာကြီးရွှေဥဒေါင်းက ၁၉၅၅ ခု လောက်က မြဝတီ မဂ္ဂဇင်းမှာ "ဝတ္ထုကောင်းကြီးများ၏ ကောင်းပုံကောင်းနည်း"ဆိုတဲ့ ဆောင်းပါးရှည်ကြီးတစ်စောင် ရေးဘူးတယ်။ အဲဒီဆောင်းပါးမှာ ဆရာကြီးက ဝတ္ထုကောင်းကြီးတွေကို ဖတ်ခြင်းအားဖြင့် လူ့သဘာဝ လူ့စရိုက်တွေအကြောင်း သိနိုင်ပုံကို ဖော်ပြထားတယ်။ "လူ့သဘာဝအကြောင်း သိပါသလားလို့ မေးလိုက်ရင်" "လူပဲဗျ၊ မသိဘဲနေမလား" လို့ ဖြေဆိုကြမှာပဲတဲ့။ ဒါပေမဲ့ ၁၀ နှစ်သားအရွယ်မှာ သိတဲ့ အသိ၊ အသက် ၂၀ အရွယ်၊ အသက် ၃၀ အရွယ်မှာ သိတဲ့အသိနဲ့ အဲဒီနောက် တဖြည်းဖြည်းအသိတွေတိုးလာတယ်၊ ဒီလိုဘဝအသိမျိုးတွေဟာ ကုန်နိုင်ဖွယ်မရှိဘူး၊ လူဟာ ဘဝအတွေ့အကြုံများလေလေ လူ့ဘဝအကြောင်း နားလည်လာလေလေရှိရမြဲ ဖြစ်တယ်။ ဒါပေမဲ့ များစွာသော လူတွေဟာ ပရိယေသန ဝမ်းစာရှာရတဲ့အခါ တောင်ပြေး၊ မြောက်ပြေး၊ ပြေးရင်းလွှားရင်း ကြုံတွေ့ရတဲ့ အတွေ့အကြုံလောက်သာရှိတယ်၊ အဲဒီအတွေ့အကြုံကလေးကိုတောင် မဟုတ်မဲ့ ဖျောက်ဖျက်ပစ်လိုက်တတ်ကြသူတွေက များတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံတွေပေါ်မှာ မူတည်ပြီး စဉ်းစဉ်းစားစားနဲ့ ကောက်နုတ်ချက် သက်ခန်းစာထုတ်ယူလေ့ရှိသူမျိုးက ခပ်ရှားရှားပဲ. . .၊ ဒါကြောင့် အသက် လေးဆယ်၊ ငါးဆယ်ရှိတဲ့ လူသာမန်တစ်ယောက်ရဲ့ အတွေ့အကြုံဆိုတာ ပြောပလောက်အောင် မရှိဘူးတဲ့။

ကမ္ဘာ့ဝတ္ထုကောင်းကြီးတွေဟာ မနုဿနယ်နိမိတ်ကိုလည်း မလွတ်စေဘဲ လူသတ္တဝါတွေ ကြုံတွေ့တန်လောက်တဲ့ အဖြစ်အပျက် အခြင်းအရာ အဆန်းအပြားတွေနဲ့ အဲဒီဝတ္ထုမျိုးတွေကို ဖတ်ရတဲ့သူမှာ. . . ဒီနေရာမှာတော့ ဇာတ်ကောင်ဖြစ်တဲ့ ဟီးရိုးဟာ ဘယ်လိုပြုမူဆောင်ရွက်တယ်၊ လူယုတ်မာ(ဗီလိန်)ကတော့ ဘယ်လိုပြုမူတယ်၊ ငါကတော့ ဘယ်လိုပြုမူလိုက်မယ် စသည်ဖြင့် မိမိကိုယ်ကိုနှိုင်းယှဉ်ချက်ထုတ်ပြီး ချိန်ထိုးကြည့်နိုင်တယ်။ ဝတ္ထုကောင်းကြီးတွေကို ဖတ်ပြီး အဲဒီနည်းမျိုးနဲ့ စံချိန်ထိုးဖန်များလာတဲ့အခါမှာ စာဖတ်သူဟာ စိတ်သဘော ရင့်ကျက်သည်ထက် ရင့်ကျက်လာမယ်. . . တဲ့။ တော်လ်စတွိုင်းရေးတဲ့ စစ်နဲ့ ငြိမ်းချမ်းရေး War and Peace ဆိုတဲ့ဝတ္ထုမျိုးကြီးတစ်ပုဒ် ဖတ်လိုက်ခြင်းဖြင့် လူတစ်ယောက်ဟာ နှစ်ပေါင်း ၃၀ လောက် တစ်ခါတည်း ရင့်ကျက်သွားသလိုရှိပါဘိတယ်. . . တဲ့။ ဒါ့အပြင် စာအုပ်ဖတ်ခြင်းဖြင့် အသက် ၅ နှစ်ခန့်၊ ၄ နှစ်ခန့်၊ ၃ နှစ်ခန့် စသည်ဖြင့် ရင့်ကျက်သွားစေနိုင်တဲ့ ဝတ္ထုတွေလဲရှိကြတယ်။ ဒီတော့. . . ပထမတန်းဝတ္ထုကောင်းကြီးတွေချည်း ဖတ်ရှုတဲ့လူတစ်ယောက်ဟာ လူ့ပြည်လူ့လောကမှာ အသက် ၃၀၀ ကျော်နေရသူတစ်ယောက်ရဲ့ အတွေ့အကြုံထက်မနည်း စိတ်သဘောထားရင့်ကျက်တာကို တွေ့ရတတ်တယ်. . . တဲ့။

ဆရာကြီးရွှေဥဒေါင်းက. . . ဝတ္ထုကောင်းများဟာ မိုးကုတ်ပတ္တမြားနဲ့ တူတဲ့အချက်ရှိတယ်။ ဒါက ဘာလဲဆိုတော့. . . ပတ္တမြားကောင်းမကောင်းကို သိဖို့ရန် မလွယ်ဘူးဆိုတဲ့ အချက်ပဲတဲ့။ လင်ပန်းထဲမှာ ထည့်ထားတဲ့ ပတ္တမြားရိုင်းတွေအနက်က အရပ်သားတစ်ယောက်ကို အကောင်းဆုံး ရွေးထုတ်ပေးပါလို့ ခိုင်းရင် တစ်လုံးတစ်လေတော့ ဟုတ်ချင်ဟုတ်မယ်။ ချက်ကျောက်တွေကိုလဲ ရွေးထုတ်မိမှာပဲတဲ့၊ ပြောခဲ့တဲ့ ဝတ္ထုကောင်းကြီးတွေကို ဝတ္ထုကောင်းကြီးတွေလို့ မှန်မှန်ကန်ကန် ရွေးထုတ်နိုင်ဖို့ရန်မှာလည်း မလွယ်လှဘူး၊ ပတ္တမြားကို လေ့လာဖန်များပြီး ကျွမ်းကျင်လာတဲ့အခါကျမှ ကျောက်ကုန်သည်ကောင်း ဖြစ်လာနိုင်သလို. . . ဝတ္ထုကောင်း ရွေးတဲ့ကိစ္စမှာလဲ အလားတူပါပဲတဲ့၊ ဝတ္ထုဖတ်ရည်ဝလာမှ၊ အနုပညာ အတွေ့အကြုံတွေ ရင့်ကျက်လာပါမှ ဝတ္ထုကောင်း ဝတ္ထုဆိုးကို ခွဲခြားလာနိုင်စွမ်းသူဖြစ်မယ်လို့ ပြောထားတယ်။

အခုစကားစပ်လို့ ပြောမိနေတဲ့ ပင်လယ်နဲ့တံငါအိုဝတ္ထုကိုလဲ ဖတ်ပြီးရင် တချို့က. . . တောက်တီးတောက်တဲ့ဝတ္ထုမျိုးပါလို့ ထင်များနေလေမလား. . .။








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လှခြင်းကောင်းသော အသက်

▲

'အသက်'ကို မချစ်သောသူ လောကမှာရှားပါလိမ့်မည်။ အသက်ကို မြတ်နိုးလွန်း၊ တွယ်တာလွန်းသည့်အလျောက် အသက်နှင့် အစဉ်ထာဝရ မကွဲမကွာ နေလိုကြသည်။ ထို့ကြောင့်ပင် အသက်နှင့် ကွဲကွာစေမည့် အန္တရာယ်ဟူသမျှ၊ အသက်ကိုထိခိုက် နစ်နာပျောက်ကွယ်မသွားစေရန်အတွက် သတိကြီးစွာဖြင့် စောင့်ရှောက်ကြသည်။ သို့ရာတွင် ဝမ်းနည်းဖွယ် တစ်ခုမူ ရှိပါသည်။ ယင်းမှာ အခြားမဟုတ်၊ ဤမျှ မြတ်နိုး၍ မိမိတို့နှင့် အနီးကပ်ဆုံးနေလျက်ရှိသော အသက်အကြောင်းကို အတွင်းအပြင်၊ အကွယ်အဝှက်မရှိ သိနားလည်ခွင့် မရသော အချက်ပင်တည်း။ ထိုအခါ ရင်းရင်းနှီးနှီး၊ ယုယုယယ ထိန်းသိမ်း စောင့်ရှောက်ထားရသော အသက်က မိမိတို့ကို စိမ်းစိမ်းကားကား ဆက်ဆံ တုံ့ပြန်နေသကဲ့သို့ ခံစားနေရသည်။ လျှို့လျှို့ဝှက်ဝှက်ဖြင့် အသိရခက်အောင် ပြုမူ နေသကဲ့သို့လည်း ထင်မှတ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အရှေ့တိုင်း၊ အနောက်တိုင်းမှ ဒဿန ပညာရှင်များ၊ သိပ္ပံပညာရှင်များသည် အသက်၏ သဘောသဘာဝ၊ အသက်၏ အမူအကျင့်တို့ကို နားလည်နိုင်ရန် ဇွဲကောင်းကောင်းဖြင့် ရှာဖွေကြဆဲပင် ရှိသည်။

'အသက် ဘယ်က လာသနည်း။ အသက်၏ သဘောသဘာ ကား အဘယ်သို့နည်း။ အသက်သည် မည်သည့် ရည်ရွယ်ချက်ဖြ ဤလောကကြီးသို့ လာခဲ့သနည်း'

ဤမေးခွန်းများကို မေးစေ၍ ပညာရှင်တို့ကို အလုပ်ရှုပ်စေရ အသက်က ဖန်တီးနေဆဲပင် ရှိသည်။

▲▲

အချို့သော ပညာရှင်တို့က ကြယ်တံခွန်များသည် အသက် ဖြစ်ပေါ်လာစေနိုင်သော ဓာတ်သဘောများကို ဤကမ္ဘာပေါ်သ သယ်ဆောင်လာသည်ဟု တွေးဆကြသည်။ ဤတွေးဆချက် မှန်မ ဆိုပါက အသက်သည် ကျွန်ုပ်တို့၏ ကမ္ဘာသို့ ကြယ်တံခွန်များ တစ်ဆင့် ခက်ခက်ခဲခဲ ရောက်လာခဲ့သည်ဟု ယူဆရပေလိမ့်မည် အချို့ပညာရှင်တို့ကမူ ပင်လယ်သမုဒ္ဒရာကြီးများကို အသက် မွေးရပ်ဇာတိအဖြစ် ညွှန်ပြ၍ ဤကမ္ဘာမြေပေါ်သို့ အသက်ရော ရှိလာပုံကို အောက်ပါအတိုင်း ပြောဆိုတတ်ကြသည်။

ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် အစဦး ပထမ ဓာတ်ငွေ့လုံးကြ အဖြစ် တည်ရှိရာမှ အာကာသ လဟာပြင်ကြီး၏ အအေးဓာ ကြောင့် တဖြည်းဖြည်း အေးစပြုလာသည်။ ထိုအခါ ဓာတ်ငွေ့ဘ အရည်၊ အရည်မှ အစိုင်အခဲအဖြစ်သို့ ရောက်လာသည်။ အရ ဘဝမှ အစိုင်အခဲအဖြစ်သို့ ရောက်သည့်တိုင်အောင် ကမ္ဘာ့မျက်နှ





ပြင်သည် အလွန်ပူလျက်ပင် ရှိနေသေးသည်။ ထို့ကြောင့် ကမ္ဘာကို လွှမ်းခြုံနေသော တိမ်တိုက်ကြီးမှ ရေခိုးရေငွေ့များသည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ ရေစက်ရေပေါက်များအဖြစ် ကျ၍လာတိုင်း ထိုရေစက်ရေပေါက်တို့သည် ကမ္ဘာ့မျက်နှာပြင်၏ အပူရှိန်ကြောင့် ရေခိုးရေငွေ့များအဖြစ်သို့ ပြောင်း၍ တိမ်တိုက်ကြီးအတွင်းသို့ ပြန်လည် ရောက်ရှိသွားကြပြန်သည်။ သို့ရာတွင် ကမ္ဘာ့ မျက်နှာပြင်သည် အေးသည်ထက် အေးလာသောအခါ ကမ္ဘာကိုလွှမ်းခြုံနေသော တိမ်တိုက်မှ ကျလာသော မိုးစက်မိုးပေါက်များကို အခိုးအငွေ့သို့ ပြန်၍ ရောက်ရှိလာအောင် မတတ်နိုင်တော့ချေ။ ထိုအခါ၌ တိမ်တိုက်တွင်ရှိသော ရေခိုးရေငွေ့များသည် ရေစက်ရေပေါက်များ အဖြစ်ဖြင့် အဆက်မပြတ် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ ကျဆင်း၍ ပထမဆုံး ကမ္ဘာပြုမိုးကြီးအဖြစ် သည်းထန်စွာ ရွာချလိုက်လေသည်။ ဤ ကမ္ဘာပြုမိုးကြီးသည် အနှစ်တစ်ထောင်လောက် ကြာအောင် ရွာသွန်းနေသည်ဟု ခန့်မှန်းသူများလည်း ရှိကြသည်။ ကမ္ဘာပြုမိုးကြောင့် ကမ္ဘာပေါ်၌ ပင်လယ်သမုဒ္ဒရာကြီးသည် ဖြစ်ပေါ်လာသည်။

ကျွန်ုပ်တို့သည် ကမ္ဘာပေါ်သို့ ရွာချလိုက်သော ကမ္ဘာပြု မိုးရေအတွင်း မီသိန်း[၁]၊ အာမိုးနီးယား[၂]၊ ကာဗွန်ဒိုင်အောက်ဆိုက်[၃]၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်[၄] တို့သည် အခြားအခြား ဒြပ်စင်၊ ဒြပ်ပေါင်းများနှင့်အတူ ပျော်ဝင်လျက်ရှိသည်။ ရွာချလိုက်သော မိုးရေသည် ဒြပ်စင်ဒြပ်ပေါင်းများကို သယ်ယူလျက် ပင်လယ် သမုဒ္ဒရာအတွင်းသို့ ထပ်၍ထပ်၍ စီးဝင်သွားကြသည်။ ကမ္ဘာတည်စဖြစ်၍ မီးတောင်ကြီးငယ်တို့သည် အဆက်မပြတ် ပေါက်ကွဲလျက် ရှိကြသည်။ မီးတောင်များ ပေါက်ကွဲတိုင်း ကမ္ဘာ့အတွင်းပိုင်းရှိ ဒြပ်စင်ဒြပ်ပေါင်း

၁။ methane ၂။ amonia ၃။ corbondioxide ၄။ hydrogen cynide



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ချော်ရည်များနှင့်အတူ ထွက်ပေါ်လာကြသည်။ ထို့နောက်
ကမ္ဘာပြုမိုးရေတွင် ပျော်ဝင်ကာ ပင်လယ် သမုဒ္ဒရာဆီသို့ပင် ရွေ့ရှ
လိုက်ပါသွားကြသည်။ ဤအခြေအနေများကို ထောက်ခြင်းအားဖြင့်
ပင်လယ် သမုဒ္ဒရာသည် ဒြပ်စင်ဒြပ်ပေါင်းတို့ စုဝေးထွန်းကားရာ
အရပ်ကြီးဖြစ်ကြောင်း ထင်ရှား၏။ ထိုမျှ ဒြပ်စင်ဒြပ်ပေါင်းတို့ ပြည့်စုံ
ကြွယ်ဝရာ သမုဒ္ဒရာကြီးသည်ပင် အသက် စတင်မွေးဖွားရာအရပ်
ဖြစ်နိုင်သည်ဟု တွေးဆကြသည်။

ကမ္ဘာပြုမိုးကြီး ရွာပြီးသည့်နောက် ပင်လယ်သမုဒ္ဒရာကြီး
အတွင်း၌ ဒြပ်စင်ဒြပ်ပေါင်းတို့သည် အမျိုးမျိုးဓာတ်ပြု၍ ပေါင်းကြ
မည်ဖြစ်သည်။ ပညာရှင်တို့က ကာဗွန် ဒြပ်ပေါင်းများကို 'အသက်
ဓါတ်၏ အခြေခံ' ဖြစ်သည်ဟု ယူဆကြသည်။ ကာဗွန်ဒြပ်စင်များသည်
အခြားဒြပ်စင်များနှင့် ဓာတ်ပြုခြင်းရှိပါက အသက် ဖြစ်ပေါ်လာရေ
အတွက် အခြေခံဒြပ်ပေါင်းများ[၁] ဖြစ်လာနိုင်သည်ဟု တွေး
ကြသည်။ ကာဗွန်ဒြပ်စင်တို့သည် မိမိတို့ အချင်းချင်းသော်
လည်းကောင်း အခြား ဒြပ်စင်များနှင့်သော် လည်းကောင်း အမျိုးမျ
ပေါင်းကြရာမှ တစ်ချိန်တွင် အက်ဒီနိုဆင်းဒိုင်ဖော့စ်ဖိတ်[၂] (အ
ကောက်အားဖြင့် အေဒီပီ) ဒြပ်ပေါင်းများ၊ နျူကလီယိုတိုက်
ဒြပ်ပေါင်းများ ဖြစ်ပေါ်လာနိုင်သည်ဟု တွေးဆကြသည်။ ထို
တစ်ဆင့် အက်ဒီနိုဆင်းထရိုင်ဖော့စ်ဖိတ်[၄] (အတိုကောက်အားဖြ
အေတီပီ) တို့၏ စွမ်းအင်ကို အားပြု၍ နျူကလီယိုတိုက်များ
ဓာတ်ပြုပေါင်းကာ နျူကလီးယစ်အက်စစ်[၅]ဖြစ်ပေါ်လာနိုင်သည်။

---

၁။ organic compound
၂။ adenosine diphosphate (A.D.P)
၃။ nucleutide
၄။ adenosine triphosphate (A.T.P)
၅။ nucleic acid





နျူကလီးယစ်အက်စစ်သည် အေ၊ တီ၊ ပီ၏ စွမ်းအားဖြင့် ပရိုတိန်း[၁] များ၊ သကြားဒြပ်ပေါင်းများ၊ အဆီဒြပ်ပေါင်းများကို ပြုလုပ်နိုင်သည်။ ထိုဒြပ်ပေါင်းများသည် ဓာတ်ပြုခြင်း အမျိုးမျိုးကြောင့် နောက်တွင် ပရိုတိုပလာဇမ်[၂] ဒြပ်ပေါင်း ဖြစ်လာသည်ဟု တွေးဆကြသည်။ သိပ္ပံပညာရှင်တို့က ပရိုတိုပလာဇမ်ဒြပ်ပေါင်း ပါဝင်ဖွဲ့စည်းနေသော ကလပ်စည်းကို ဆဲလ်[၃] ဟု ခေါ်ကြသည်။ ထိုပရိုတိုပလာဇမ် ဒြပ်ပေါင်း ပါဝင်ဖွဲ့စည်းနေသော ဆဲလ်သည် အသက်၏ အခြေခံပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ပရိုတိုပလာဇမ် ဒြပ်ပေါင်း ပါဝင်ဖွဲ့စည်းနေသော ဆဲလ်သည် အသက်ဖြစ်ပေါ်ရာ အခြေခံရုပ်ပင် ဖြစ်သည်ဟု ယူဆကြသည်။ ဤအယူအဆကို ကြည့်ပါက အသက်ဖြစ်ပေါ်လာခြင်းသည် ဒြပ်စင်ဒြပ်ပေါင်းတို့ ထင်သလို ရမ်းသမ်းပေါင်းဆုံရာမှ အမှတ်မထင် မတော်တဆ ပင်လယ် သမုဒ္ဒရာ၌ ဖြစ်လာခဲ့ခြင်းပေလောဟု သံသယဖြစ်ရ၏။ အသက်အကြောင်းကို နားလည်ရန် ကြိုးစားတိုင်း မရေမရာနှင့် တွေတွေဝေဝေဖြစ်ရ၏။ အသက်က လျှို့လျှို့ဝှက်ဝှက်ဖြင့် အသိရခက်ဆဲပင်ဖြစ်သည်။

ပင်လယ် သမုဒ္ဒရာ၌ စတင်ဖြစ်ပေါ်လာသော သက်ရှိ ဆဲလ်သည် အပင်လောက၏ သက်ရှိအခြေခံ ရုပ်မျှသာဖြစ်သည်။ ပထမဦးစွာ ဖြစ်ပေါ်လာသော အပင်သက်ရှိဆဲလ်သည် တစ်ခုတည်းသာ ရှိနေသော်လည်း နောင်တွင် သမုဒ္ဒရာအတွင်း၌ ဆဲလ်ပေါင်းမြောက်မြားစွာ ဖြစ်ပွား၍ ယင်းတို့ဖြင့် ဖွဲ့စည်းလာသော သက်ရှိအပင်များ ဖြစ်ထွန်းလာပေလိမ့်မည်။ အပင်သက်ရှိများသည် သမုဒ္ဒရာမှတစ်ဖန် ဆဲလ်များစွာ ဖွဲ့စည်းထားသော အပင်များအဖြစ်

---

၁။ protein
၂။ protoplasm
၃။ cell



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပေါ်သို့ တဖြည်းဖြည်း ရောက်ရှိသွားကြသည်။

သို့ဆိုရသော်လည်း ပင်လယ်သမုဒ္ဒရာမှ ကုန်းပေါ်သို့ အပင် သက်ရှိများရောက်အောင် အချိန်ကာလအားဖြင့် မည်မျှယူခဲ့ရ သည်ကို အတိအကျ မပြောနိုင်ချေ။ သမုဒ္ဒရာအတွင်း၌ အပင်သက်ရှိ များ ဖြစ်လာသကဲ့သို့ အကောင်သက်ရှိများလည်း ဖြစ်လာကြသည်။ တဖြည်းဖြည်းနှင့် ကုန်းတစ်ပိုင်း ရေတစ်ပိုင်း နေနိုင်သော သတ္တဝါ များ ဖြစ်ပေါ်လာကြသည်။ ထို့နောက် ကုန်းနေသတ္တဝါများသာမက လေတွင် ပျံသန်းသွားလာနိုင်သော သတ္တဝါများလည်း ပေါ်ပေါက် ကြသည်။

ထို့နောက် နှစ်ပေါင်းများစွာ ကြာသောအခါ ကျွန်ုပ်တို့ လူသတ္တဝါများ ဖြစ်ပေါ်လာကြသည်။ မနုဿဗေဒ ပညာရှင်များ တွေ့ရှိလာသော အထောက်အထားများအရ ဤကမ္ဘာ၌ လူသတ္တဝါ များ ဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်း ၄ သန်းခန့် ရှိပြီဟု ခန့်မှန်းရ သည်။ ဤခန့်မှန်းချက်သည် ခန့်မှန်းချက်သာဖြစ်၍ 'လူ'ဟူ၍ ပီပီ သသ ဘယ်အခါမှ စခဲ့သည်၊ မည်သို့ စခဲ့သည်၊ လူ၏အစကား မည်သို့ ဖြစ်သည်ဟူသော အချက်တို့ကိုမူ တိတိပပ မသိနိုင်ကြ သေးချေ။ သေချာသောအချက်မှာမူ လူသည် တကယ်သက်ရှိလူ အဖြစ်နှင့် ဤကမ္ဘာ၌ ယခုအခါ အမှန်ရှိနေသည်ဟူသော အချက် ပင်တည်း။

▲▲▲

ဤကမ္ဘာပေါ်သို့ 'အသက်'ဖြစ်ပေါ်ရောက်ရှိလာသည်ကား မှန်ပါသည်။ သို့ရာတွင် အသက်ဖြစ်ပေါ်လာခြင်း (ဝါ) အသက် ရောက်လာခြင်းသည် ကောင်းသော လာခြင်းမှ ဟုတ်ပါ၏လော။





'အသက်'ရောက်လာခြင်းသည် မကောင်းသော၊ ဝမ်းပန်းတသာ ကြိုဆိုဖို့ရန် မသင့်သော လာခြင်းမျိုး ဖြစ်နေလေသလော၊ အသက် ဖြစ်လာခြင်း၏ ရည်ရွယ်ချက် (ဝါ) ဘဝဖြစ်လာခြင်း၏ ရည်ရွယ်ချက် ကို မျော်ခေါ်တွေးတောလိုက်တိုင်း ဇဝေဇဝါနှင့် မဝေခွဲတတ်အောင် ဖြစ်ရတတ်၏။

အသက်ဖြစ်ပေါ်လာ၍ တိရစ္ဆာန်သက်ရှိဘဝ၊ တိရစ္ဆာန် လောက ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အသည်းနှလုံး တုန်လှုပ် ဖွယ် သတ်ပွဲ ဖြတ်ပွဲ တိုက်ပွဲကြီးများသည် ကျွန်ုပ်တို့ ကမ္ဘာ၌ အစ ပြုခဲ့၏။ အင်အားကြီးသော သတ္တဝါတို့က အင်အားငယ်သော သတ္တဝါတို့ကို ဒေါသတကြီးဖြင့် ကိုက်ဖဲ့ သတ်ဖြတ်ကြ၏။ အစာ လုရင်းလည်း အချင်းချင်း မာန်ဖီကြ၏။ တိုက်ကြခိုက်ကြသည်။ နယ်လုရင်း စာကျက်လုရင်းလည်း တိုက်ကြခိုက်ကြ၊ ကုတ်ကြဖွဲ့ကြ၊ သတ်ဖြတ်ကြ၏။ အင်အားကြီးသော အသားစား သတ္တဝါတစ်ကောင် က အခြားတစ်ကောင်ကို အပြင်းလိုက်၏။ အလိုက်ခံရသော သတ္တဝါက အသက်ကိုလုလျက် ကြောက်ရွံ့ထိတ်လန့်လွန်းစွာဖြင့် ပြေးရ၏။ သွေးအလိမ်းလိမ်း လူးလျက် မချိတင်ကဲ အသက်ငင်လျက် ရှိသည့် သားကောင်ကို သတ္တဝါမုဆိုးကြီးတို့က မြိန်ရေရှက်ရေဖြင့် ကိုက်ဖဲ့ စားမျိုကြ၏။ လောကကြီးသည် လဲသံ ပြိုသံ၊ အော်သံ ဟစ်သံ၊ ဟိန်းဟောက်သံ၊ ဒေါသသံ၊ ညည်းတွားသံ၊ နာကြည်း ကြေကွဲသံ၊ အသက်ငင်နေသော အသံတို့ဖြင့် ဆူညံခဲ့ရ၏။

အသက်သည် ထိုအမင်္ဂလာအသံများ၊ အနိဋ္ဌာရုံများကို ဖန်တီး ပေးရန် ရည်ရွယ်ချက်ဖြင့် ဤကမ္ဘာကြီး၌ ဖြစ်လာခဲ့ခြင်းလေလော၊ ဤလောကကြီးသို့ ရောက်ရှိလာခဲ့ခြင်းပေလော။ အသက်သည် [illegible]ဦး တိရစ္ဆာန်ကြီးများ၏ ဝမ်းဗိုက်တို့ကို ဆာလောင်မွတ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



စေ၍ ထို ဆာလောင်မွတ်သိပ်ခြင်းကို ဖြေဖျောက်ဖို့ တစ်ခုတည်းသာ ထောက်ထားကာ သတ္တဝါ တစ်ကောင်က အခြားတစ်ကောင်ကို မညှာမတာကိုက်ဖဲ့ ဝါးခြေစားသောက်စေရန် ဖန်တီးပေးဖို့ ရောက်လာခဲ့ခြင်းပေလော။ သက်ရှိဘဝဖြစ်လာပြီးနောက် အသက်နှင့် မကွဲမကွာနေချင်မှု၊ တည်မြဲလိုမှုကြောင့် အမျိုးမျိုး တိုက်ခိုက်သတ်ဖြတ် စားသောက်ခြင်းတို့ဖြင့် ရုန်းကန်လှုပ်ရှားနေအောင် ဖန်တီးဖို့အတွက် အသက်သည် ဤလောကသို့ လာခဲ့ခြင်းပေလော။ အသက်၏ ရည်ရွယ်ချက် (ဝါ) ဘဝဖြစ်ရခြင်း၏ ရည်ရွယ်ချက်ကို ကြိမ်ဖန်များစွာ သံသယပွားခဲ့ရ၏။

လူသတ္တဝါတို့ထံ အသက်ရောက်ရှိလာခြင်း (ဝါ) သက်ရှိလူ့ဘဝဖြစ်လာခြင်းသည်လည်း ကောင်းသော ဖြစ်လာခြင်းမှု ဟုတ်ပါ လေ၏လော။

အသက်ရှိလာ၍ လူ့ဘဝ လူ့အဖြစ်ကို ရပြီဆိုကတည်းက လူသည် အသက်နှင့်မကွဲမကွာ နေနိုင်ရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားရ၏။ ရေကြီးခြင်းများ၊ မီးလောင်ခြင်းများ၊ မြေငလျင်လှုပ်ခြင်းများ၊ မိုးခေါင်ခြင်းများ၊ ကပ်ရောဂါများ အစရှိသည့် ဘေးရန်အန္တရာယ်များသည် လူတို့အား အသက်နှင့် ကွဲကွာအောင် အပြင်းအထန် နှိပ်စက်ခဲ့ကြ၏။ သဘာဝအန္တရာယ်များနှင့် လူသတ္တဝါတို့၏ တိုက်ပွဲများ၌ ဘဝပေါင်းများစွာ၊ ခန္ဓာပေါင်းများစွာ ကြွေပြုန်းခဲ့ရ၏။ ဘဝတည်မြဲရေးအတွက် ရုန်းကန်ရင်း လူအချင်းချင်း မပြေလည်မှုများ၊ လူအချင်းချင်းကပေးလာသော အန္တရာယ်များကိုလည်း ဖြေရှင်းကြရ၊ တွန်းလှန်ကြရ၊ တိုက်ခိုက်ခဲ့ကြရ၏။

လူ့သမိုင်းနှင့် ထိုလူ့သမိုင်းအတွင်းမှ 'လူ'၏ မငြိမ်းချမ်းနိုင်ခြင်းများကို ဂျာမန် ဒဿနပညာရှင် ရှိုပင်ဟောင်ဝါ[၁] က အောက်ပါကဲ့သို့ ဖော်ပြဖူး၏။

> သမိုင်းသည် နိုင်ငံများ၏ ဘဝဖြစ်စဉ်အကြောင်းကို ဖော်ပြရာ၌ စစ်ပွဲများ၊ မငြိမ်သက်မှုများ အကြောင်းကလွဲ၍ ထူးထူးခြားခြား ဖော်ပြစရာမရှိ။ နိုင်ငံများ၏ ဘဝခရီးစဉ်၌ ငြိမ်သက်အေးချမ်းသောကာလဟူသည်မှာ ပြဇာတ်တစ်ခုတွင် အခန်းတစ်ခုမှ တစ်ခုသို့ ကူးပြောင်းသည့် ကာလအပိုင်းအခြားကလေးကဲ့သို့သာ ဖြစ်သည်။ လူ့ခရီးစဉ်မှာလည်း အစဉ်အမြဲတိုက်ခိုက်ရုန်းကန်နေရခြင်းများသာ ရှိသည်။ လူသည် အလိုမပြည့်ခြင်းများ၊ ငြီးငွေ့စိတ်ပျက်ခြင်းများနှင့်လည်း တိုက်ခိုက်နေရသူဖြစ်၍ လူအချင်းချင်းနှင့်လည်း ယှဉ်ပြိုင်တိုက်ခိုက်နေရသူဖြစ်သည်။ လူသည် နေရာတကာ၌ ဆန့်ကျင်ဘက်များ၊ ပြိုင်ဘက်များနှင့်သာ တွေ့နေရသူဖြစ်သည်။ လူသည် အတောမသတ်သော ပဋိပက္ခမှုတို့အတွင်း၌ အသက်ရှင်၍ တိုက်ရင်းခိုက်ရင်း၊ လက်၌ ဓားကိုကိုင်ရင်း၊ သေရသူပင်ဖြစ်သည်[၂]။

အစွဲဥပါဒါန်အမျိုးမျိုး၊ ထင်မြင်ယူဆ ရှုမြင်မှုအမျိုးမျိုး၊ အကြောင်းပြချက် အမျိုးမျိုးဖြင့် လူတစ်မျိုးက တစ်မျိုးအပေါ်၊ တစ်တိုင်းပြည်က တစ်တိုင်းပြည်အပေါ် လွှမ်းမိုးခြင်းများ ပြုလုပ်ကြ၏။ ထိုအခါ တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် အာဃာတတရားများ၊ မုန်းတီးရက်စက်ခြင်းများဖြင့် တိုက်ကြခိုက်ကြ၊ ယှဉ်ပြိုင်ကြ၏။ သတ်ဖြတ်ကြ၏။ မိမိလူမျိုး မိမိတိုင်းပြည်အတွက်ဟု အကြောင်းပြချက်အမျိုးမျိုးဖြင့် နယ်ချဲ့ကြ၊ အာဏာလုခဲ့ကြရာမှ တစ်စတစ်စ ကြီးထွားလာခဲ့သည့် ဒုတိယ ကမ္ဘာစစ်အတွင်းက

၁။ Auther Schopenhauer (1788-1860)

၂။ Schopenhauer , 'Essays and Aphorisms' P.42





www.burmeseclassic.com

www.burmeseclassic.com



လူအချင်းချင်း သတ်ဖြတ်ပွဲများ၌ လူပေါင်း ၅၅ သန်းခန့်မျှ သေခဲ့ကြရသည်။ စာရင်းမရဘဲ သေဆုံးသူများသည် အများအပြား ရှိပေလိမ့်ဦးမည်။ လူ့သမိုင်း၌ ဤကဲ့သို့သော အနိဋ္ဌာရုံများ များပြားလွန်းနေသောကြောင့် သမိုင်းပညာရှင် ဂစ်ဗွန်း က 'လူ့သမိုင်းဟူသည် သူတို့၏ ရာဇဝတ်ပြစ်မှု၊ ရက်စက်မှုနှင့် မိုက်မဲမှုများအကြောင်း မှတ်တမ်းမျှသာ ဖြစ်ပါသည်'[၁] ဟု ဖွင့်ဆိုမိဟန်တူသည်။

ဂစ်ဗွန်းနှင့် ရှိုပင်ဟောင်ဝါတို့က သမိုင်းကို အဆိုးမြင်ရှုထောင့်မှ ကြည့်ကြသကဲ့သို့ အချို့က အားလျော့သည့် ရှုထောင့်မှ ကြည့်ကြကာ သမိုင်းသည် အစဉ်ဆုတ်ယုတ်နေသော ဖြစ်စဉ်ဖြစ်သည်ဟု မြင်ကြသည်။ အချို့က သမိုင်းသည် တန်ခိုးရှင် တစ်ဦးဦး၏ အလိုတော်အတိုင်း အကောင်းအဆိုး ဖြစ်ပျက်နေခြင်း ဖြစ်သည်ဟု ဆိုကြ၍ အချို့က လူတို့ကိုပြဋ္ဌာန်းထားသော ကံကြမ္မာအလျောက် လူ့သမိုင်းသည် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့ ဖြစ်ရသည်ဟု ဆိုကြသည်။ အချို့ကတော့ သမိုင်းသည် သူ့သဘောသူဆောင်၍ ဆုတ်ယုတ်ချိန်တန်လျှင် ဆုတ်ယုတ်၍ တိုးတက်ချိန်တန်လျှင် တိုးတက်ပြီး ပျက်ချိန်တန်တော့လည်း ဤကမ္ဘာပေါ်မှ လုံးဝပျက်သုဉ်းပျောက်ကွယ်သွားလိမ့်မည်ဟု ဆိုကြသည်။ အချို့ကမူ အထက်ပါ အမြင်တို့နှင့် ဆန့်ကျင်၍ သမိုင်းသည် အစဉ်တိုးတက်နေသော ဖြစ်စဉ်ဖြစ်သည်ဟု မြင်ကြသည်။ သမိုင်း၏ဖြစ်စဉ်ကို အမျိုးမျိုး မြင်ကြသကဲ့သို့ သမိုင်းထဲက လူတစ်ဦးချင်းစီ၏ ဘဝဖြစ်စဉ်ကိုလည်း အမျိုးမျိုးမြင်ကြပေလိမ့်ဦးမည်။

၁။ The Great Quotations, P.476





▲▲▲▲

အသက်နှင့် အတူတကွဖြစ်တည်လာသည့် လူ့ဘဝ လူ့အဖြစ်ကို အချို့က အချည်းနှီးသော ဘဝ၊ အချည်းနှီးသော ဖြစ်စဉ်အဖြစ် မြင်ကြသည်။ အသက်ရှိလာခြင်း၊ သက်ရှိလူ့ဘဝဖြစ်လာခြင်းသည် သဘာဝတရား၏ အမှားတစ်ရပ်ဖြစ်သည်ဟု ယူဆသူများလည်း ရှိကြသည်။ အချို့က လူသည် တန်ခိုးတော်ရှင် တစ်ဦးဦး၏ ဖန်ဆင်းခံဖြစ်သောကြောင့် မိမိဘဝကို မိမိထင်သလို အကောင်းအဆိုး ဖန်တီးနိုင်ခြင်းမရှိဟု မြင်ကြသည်။ အချို့က လူသည် အတိတ်ကံကြမ္မာတို့၏ ပြဋ္ဌာန်းမှုအတိုင်း အကောင်းအဆိုး၊ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဖြစ်ရသည်ဟု ယူဆကြသည်။ အချို့ကမူ ဤသက်ရှိဘဝကို နှစ်သက်ဖွယ်၊ ပျော်မွေ့ဖွယ်အဖြစ် မြင်ကြ၍ လူသည် အသက်နှင့် အတူရှိနေခိုက် ပျော်စရာကို ရှာနိုင်သမျှရှာရင်း ပျော်ပျော်သာ နေလိုက်ဖို့ တိုက်တွန်းကြသည်။ အသက်နှင့်ခွဲကာ သေလွန်မှာကိုလည်း ကြောက်ရွံ့ထိတ်လန့်၍ စိတ်ပျက်နေစရာမလို၊ "သေခြင်းတရား (ဝါ) သေရမှာကို ကြောက်စရာမလို။ အဘယ်ကြောင့်ဆိုသော် သချိုင်း၏ ဟိုမှာဘက်၌ ဘာမျှမဖြစ်၊ ဘာမျှမရှိသောကြောင့် ဖြစ်သည်"[၂] ဟု ဒဿနပညာရှင် အက်ပီကျူးရပ်စ်[၂] က ဆိုခဲ့ဖူးသည်။

အချို့ကတော့လည်း သေခြင်း၏ အခြား တစ်ဘက်၌ တစ်စုံတစ်ခုသောဘဝ ရှိသေးသည်။ သေသောအခါ လူ၌ရှိသော အတ္တလိပ်ပြာ သို့မဟုတ် ဝိညာဉ် သို့မဟုတ် အသက်ဇီဝသည် ထွက်ခွာသွားပြီး နောက်ခန္ဓာသစ် တစ်ခုအတွင်း ဝင်ရောက်၍ ဘဝအသစ်ဖြစ်ပေါ်သည်။ ထိုဖြစ်ပေါ်သော ဘဝ၌ ချမ်းသာခြင်း၊ ပြည့်စုံခြင်း

၁။ Reinhold Neibuhr, 'The Nature and Destiny of Man' P.9

၂။ Epicurus.



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ဖြစ်စေရန် ဤလက်ရှိဘဝ၌ ကောင်းမြတ်ခြင်းတို့ကို ပြုလုပ်ရမည်ဟု ယူဆကြသည်။

▲▲▲▲▲

ထေရဝါဒ ဗုဒ္ဓယဉ်ကျေးမှု အတွေးအမြင်အရ လူသည် သေလွန်သောအခါ ထိုသေလွန်သူထံမှ မည်သည့်အရာမျှ ထွက်ခွာသွားခြင်းမရှိ၊ ထွက်ခွာစရာလည်း ဘာမျှမရှိချေ။ ထို့ပြင် အက်ပိကျူးရပ်စ် အစရှိသောသူများ ယူဆသကဲ့သို့ သေခြင်းတရားနှင့် အတူ အရာရာသည် ချုပ်ငြိမ်းပြတ်စဲသွားသည်။ သေခြင်း၏ ဟိုမှာဘက်၌ ဘာမျှမရှိ ဟူသော အယူအဆမျိုးကိုလည်း လက်မခံချေ။ လူသည် အစွဲတဏှာတို့မကုန်ဘဲ သေလွန်ပါက ဘဝဖြစ်စဉ်တစ်ခု ကြောင်းကျိုးဆက်၍ ဖြစ်သည်။ ထိုဖြစ်စဉ်၌ ကံကြောင့် သက်ဆိုင်ရာ ရုပ်များနှင့် အသက်သည်လည်း တစ်ပေါင်းတည်း ဖြစ်တည်လာ၍ မိမိပြုခဲ့သည့် အမျိုးမျိုးသော ကံတို့၏ စွမ်းအင်များ ကြောင်းကျိုးဆက်တာ အကောင်းအဆိုး အကျိုးပေးသောဘဝမျိုး ဖြစ်ရသည်ဟု ရှုမြင်သည်။ သို့ဖြစ်၍ ထေရဝါဒ ဗုဒ္ဓယဉ်ကျေးမှု အတွေးအမြင်ရင်ခွင်၌ ကြီးရင့်ခဲ့ကြသော မြန်မာတို့သည် လူကို တစ်စုံတစ်ဦးသော တန်ခိုးရှင်က ဖန်ဆင်း၍ ဖြစ်ပေါ်လာသည်၊ ထို တန်ခိုးရှင်၏ ဖန်ဆင်းခံ၊ ပြဋ္ဌာန်းခံ ဖြစ်၍ မိမိအလိုကျ မိမိဘဝကို ဖန်တီးရန်မဖြစ်နိုင်ဟူသော အယူအဆကိုလည်းကောင်း၊ လူသည် အတိတ်ကံကြမ္မာ၏ ပြဋ္ဌာန်းမှုကိုသာ ခံရသည်ဟူသော အယူအဆကိုလည်းကောင်း လက်မခံကြချေ။ မြန်မာတို့က လူသည် မိမိ၏စေတနာ၊ မိမိ၏ဉာဏ်၊ မိမိ၏ဝီရိယ တို့ဖြင့် ပြုလုပ်စွမ်းဆောင်မှု (ကံ)၏ ထက်မြက်ခြင်းအပေါ် မူတည်၍ မိမိဘဝကောင်းခြင်း၊ အောင်မြင်ခြင်း တိုးတက်ခြင်းတို့ ဖြစ်ရသည်။





မိမိစေတနာ၊ မိမိဉာဏ်၊ မိမိဝီရိယတို့ဖြင့် ပြုသော အမှုကံတို့ မကောင်းခြင်း၊ နိမ့်ကျခြင်းအပေါ် မူတည်၍ မိမိဘဝ ဆုတ်ယုတ်ရခြင်း၊ ကျဆုံးရခြင်းတို့ ဖြစ်ရသည်ဟု ခံယူကြသည်။ ထို့အတူ လူ့သမိုင်းကြီးသည်လည်း လူတို့၏ ကောင်းသောစေတနာ၊ ကောင်းသော၊ မှန်သော၊ တိုးတက် ထက်မြက်သော အသိဉာဏ်၊ ခိုင်ခံ့၍ မဆုတ်မနစ်သော ဝီရိယတို့ဖြင့် ကြိုးစားစွမ်းဆောင်နိုင်မှု ကံတို့အပေါ် မူတည်၍ တိုးတက် ခြင်း၊ မြင့်မြတ်ခြင်း၊ ထည်ဝါခြင်း ဖြစ်ရသည်။ လူတို့၏ မကောင်းသော၊ နိမ့်ကျသော၊ စေတနာ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် အားနည်းစွာ လုပ်ဆောင်သောကံတို့အပေါ် မူတည်၍ လူ့သမိုင်းသည် ဆုတ်ယုတ်ခြင်း၊ ကျဆင်းခြင်း ဖြစ်ရသည်ဟု ယူဆကြသည်။

ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုရင်ခွင်၌ ကြီးရင့်လာခဲ့ကြသော မြန်မာတို့က အသက်နှင့် မကွဲမကွာ ရှင်သန်လှုပ်ရှားနေသည့် လူ့အဖြစ် လူ့ဘဝကို အချည်းနှီးဘဝ၊ အဓိပ္ပာယ်မဲ့ ဘဝဖြစ်သည်ဟု မမြင်ကြချေ။ အသက်ရှိနေသမျှ လူသည် ကောင်းသောစေတနာ၊ မှန်သော အသိဉာဏ်၊ ရဲရင့်ခိုင်မာသော ဝီရိယတို့ဖြင့် မိမိဘဝဖြစ်စဉ်ကို ကောင်းသည်ထက်ကောင်းအောင်၊ မွန်မြတ်သည်ထက် မွန်မြတ်အောင် ဖန်တီးနိုင်ခွင့် ရနေသည်ဟု မြင်ကြသည်။ မြန်မာတို့အမြင်၌ 'လူ'၏ထံသို့ အသက်ရောက်ရှိလာခြင်း (ဝါ) လူအဖြစ်ဖြင့် ဤကမ္ဘာလောကကြီးသို့ အသက်ရှင်ရောက်ရှိလာခြင်းသည် ကောင်းမြတ်လှသော ရောက်ရှိလာခြင်းပင်တည်း။

● ချယ်ရီမဂ္ဂဇင်း၊ အတွဲ-၅၇ (၁၉၉၈)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မြင့်ထက်မြင့်

▲

ပင်လယ်က မလှုပ်မယှက် တိတ်ဆိတ်ငြိမ်သက်နေတယ် ရယ်လို့ ဘယ်တုန်းကမှ မရှိ၊ အတ္တလန္တိတ်ပြင်ကျယ် ပင်လယ်ကြီးက လှိုင်းအမျိုးမျိုးနဲ့ အမြဲ လှုပ်ရှားနေတာချည်းပဲ။ အပြောကျယ်လှတဲ့ ပင်လယ်ထဲမှာ ၂၅ ပေရှိတဲ့ လှိုင်းလုံးမျိုးကို တွေ့ဖို့ ခဲယဉ်းပေမယ့် . . . မုန်တိုင်းကျတဲ့အခါတွေမှာတော့ ပေ ၅၀ လောက်မြင့်တဲ့ လှိုင်းလုံး ကြီးတွေကို တွေ့နိုင်တယ်။

ပင်လယ်ပြင်ကျယ်ကြီးထဲမှာ လှိုင်းလုံးရဲ့အမြင့်ဟာ ပေ ၆၀ ထက် မပိုဘူးလို့ ပြောကြပေမယ့် မုန်တိုင်းအပေါ် အခြေပြုပြီး ပါထက်မကမြင့်တဲ့ လှိုင်းလုံးတွေ ဖြစ်နိုင်တယ်လို့ ဆိုကြတယ်။ ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီလထဲမှာ 'ရာမာပို' ဆိုတဲ့ သင်္ဘောတစ်စင်းဟာ မနီလာမြို့ကနေပြီး တောင်အမေရိကတိုက်ကို ခုတ်မောင်းလာတယ်။ [illegible]မှာ ၁၇ ရက်လုံးလုံး မုန်တိုင်းမိနေတယ်တဲ့။ မုန်တိုင်းဟာ [illegible]နေ့ထက်တစ်နေ့ ပြင်းထန်လာတယ်။ တစ်နာရီကို ရေမိုင် ၆၈



www.burmeseclassic.com

www.burmeseclassic.com



မိုင် နှုန်းလောက်တိုက်ခတ်တဲ့ အခြေအနေထိ ဖြစ်လာတယ်။ ရာမာပို သင်္ဘောပေါ်က အရာရှိတစ်ဦးဟာ သင်္ဘောပဲ့စင်ပေါ်ကနေပြီး လှိုင်းလုံးကြီးတွေကိုကြည့်နေတယ်။ အဲဒီအရာရှိဟာ သင်္ဘောရဲ့ ပဲ့ဆီကို ကြည့်လိုက်တဲ့အခါမှာ သင်္ဘောရဲ့နောက်မှာ ကျန်ရစ်ခဲ့တဲ့ လှိုင်းလုံးကြီးတွေရဲ့ ထိပ်ဖျားဟာ သင်္ဘောရွက်တိုင်က သံတန်းတစ်ခုနဲ့ လာပြီးညီနေတာကို တွေ့ရတယ်။ ပင်လယ်ရေကနေ သံတန်းအထိ အတိုင်းအထွာကို ထောက်ခြင်းအားဖြင့် လှိုင်းလုံးတွေဟာ အမြင့် ၁၁၂ ပေ ရှိတယ်လို့ သိရတယ်။ မြင့်မားလိုက်တဲ့လှိုင်းလုံးတွေ. . .။

ဆောင်းအခါမှာ တိုက်ခတ်လာတဲ့ လေမုန်တိုင်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ လှိုင်းလုံးကြီးတွေဟာ စတုရန်းတစ်ပေကို ပေါင် ၆၀၀၀ လောက် အလေးချိန် ဖိအားရှိတယ်တဲ့။ ၁၈၇၂ ခုနှစ်တုန်းက စကော့တလန်ပြည် မြို့တစ်မြို့မှာ မုန်တိုင်းကျတယ်၊ ဒီအခါမှာ သိပ်ကိုကြီးမားတဲ့ လှိုင်းတွေထလာပြီးတော့ ကမ်းခြေကို ဒေါသတကြီးနဲ့ ရိုက်ခတ်တယ်။ အင်ဂျင်နီယာတစ်ယောက်ဟာ ကျောက်ဆောင်တစ်ခုကနေပြီး အဲဒီလှိုင်းလုံးကြီးတွေကို ကြည့်နေ တယ်။ သူ့အဆိုအရ. . . အဲဒီလှိုင်းလုံးကြီးတွေဟာ လှိုင်းတွေကို တားဆီးကာကွယ်ထားတဲ့ ကွန်ကရစ်အုတ်နံရံကြီးကို ဝင် ဝင်ပြီး ဆောင့်နေတယ်။ မကြာခင်မှာပဲ အဲဒီကွန်ကရစ်လှိုင်းကာနံရံကြီးဟာ အောက်ခြေကနေပြီး ပြုတ်ထွက်သွားတယ်။ ပြုတ်ရုံမဟုတ် သေးဘူး. . . လှိုင်းက သယ်သွားလို့ ကုန်းပေါ်အထိ နံရံကြီး ရောက်သွားတယ်။ လှိုင်းကာ ကွန်ကရစ်နံရံကြီးဟာ တန်ချိန် ၁၃၅၀ တောင်ရှိတယ်။ အဲဒီလောက်လေးတဲ့ နံရံကြီးကို ကုန်းပေါ်အရောက် ပစ်တင်လိုက်တဲ့ လှိုင်းတွေရဲ့ ဒေါသ အာဃာတတွေဟာ ကြီးမား တယ်လို့ဆိုရမယ်၊ တကယ်တော့. . . ဒါလောက်မျှမကပါဘူး။





နောက် ၅ နှစ်ကြာတဲ့အခါမှာ အသစ်ပြန်ပြီး တည်ဆောက်တဲ့ အဲဒီ လှိုင်းကာနံရံကြီးကိုလည်း လှိုင်းတွေက ဒုတိယအကြိမ်မြောက် အောက်ခြေတနေဖြုတ်ပြီး ကုန်းပေါ်ကို လွှင့်တင်လိုက်သေးတယ်။ ဒီတစ်ခါ လွှင့်တင်လိုက်တဲ့ လှိုင်းကာအုတ်နံရံရဲ့ အလေးချိန်က တန်ပေါင်း ၂၆၀၀ တောင် လေးလံတယ်။ ပင်လယ်လှိုင်းတွေရဲ့ ဒေါသ မာနက ထပ်ပြီး မြင့်ပြ၊ ကြီးကျယ် ပြသလိုပါပဲ။

ပင်လယ်လှိုင်းတွေဟာ ဒေါသ မာနတွေတက်လာပြီး မြင့်လာပြီဆိုရင် ကမ်းခြေ အစွန်အဖျားမှာရှိတဲ့ ကျောက်ဆောင် ထိပ်ပေါ်က မီးပြတိုက်တွေကိုပါ ချမ်းသာမပေးဘူး။ ၁၈၄၀ ခုနှစ်က အင်္ဂလန်ပြည် ကမ်းခြေမှာရှိတဲ့ အယ်ဒီစတုန်းမီးပြတိုက်ရဲ့ အဝင်တံခါး အထိ တက်ပြီး ရိုက်ခတ်တယ်။ ဒီလိုရိုက်ခတ်လို့ မီးပြတိုက်အဝင် တံခါးဟာ ပတ္တာပြုတ်ပြီး အပြင်ဘက်ကို ပွင့်ထွက်သွားတယ်တဲ့။ အတွင်းဘက်က မပြုတ်ပါဘဲ အပြင်ဘက် ပွင့်ထွက်သွားရတာက အခြားကြောင့် မဟုတ်ဘူး၊ လှိုင်းတွေ တံခါးရွက်ကိုလာပြီး ရိုက်ခတ် ပြီးတဲ့နောက် ပြန်လှည့်အသွားမှာ အဲဒီနေရာမှာ လေဖိအားမရှိဘဲ ဖြစ်သွားတယ်။ ဒီအခါမှာ မီးပြတိုက် အတွင်းဘက်မှာရှိတဲ့ လေဖိ အားက အဲဒီတံခါးကို အတွင်းကနေအပြင်ကို ဖိဆောင့်ပြီး ကန်ထုတ် လိုက်တဲ့သဘောရှိလို့ တံခါးဟာ အပြင်ဘက်ကို ပြုတ်လွင့်ထွက်သွား တာတဲ့။ စကော့တလန်ပြည် ပင်လယ်ကမ်းခြေမှာရှိတဲ့ မီးပြတိုက် တစ်တိုက်ရဲ့ လှေကားဟာလည်း လှိုင်းတွေလာရိုက်လို့ ပြုတ်ထွက် သွားဖူးတယ်။ အဲဒီလှေကားဟာ တကယ်တော့ ပင်လယ်ရေ မျက်နှာပြင်ရဲ့ အထက် ၈၆ ပေ အမြင့်မှာ တပ်ဆင်ထားတာတဲ့။ ပြီးတော့. . . ၁၈၅၁ ခုနှစ်က အမေရိကန်ပြည်၊ အတ္တလန်တိတ် သမုဒ္ဒရာကမ်းခြေမှာရှိတဲ့ ကျောက်ဆောင်တစ်ခုပေါ်က ၉၇ ပေ



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ရှိတဲ့ မီးပြတိုက်ရဲ့ ထိပ်မှာတပ်ဆင်ထားတဲ့ မီးအိမ်ဟာ လှိုင်းလုံးတွေ ရိုက်ခတ်လို့ ပြုတ်ထွက်ပြီးပါသွားဖူးတယ်တဲ့။

ကျောက်တုံး၊ ကျောက်ခဲတွေပေါများတဲ့ ကမ်းခြေမှာ ရိုက်ခတ်နေတဲ့လှိုင်းသံဟာ သိပ်ကိုကျယ်လောင်တယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့အသံတွေ ဟစ်အော်နေတယ်လို့ ထင်ရတယ်။ လှိုင်းလုံးကြီးတွေဟာ တစ်ခါတခါမှာ ရေချည်းမဟုတ်ဘဲ ကျောက်တုံးတွေကိုပါ သယ်ယူလာပြီး ရိုက်ခတ်တယ်။ တစ်ခါမှာ ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၁၀၀ အမြင့်မှာရှိတဲ့ မီးပြတိုက်တစ်ခုရဲ့ ခေါင်မိုးကို လှိုင်းလုံးက သယ်ယူလာတဲ့ ကျောက်တုံးကြီး တစ်တုံးလာပြီး မှန်ဖူးတယ်။ ကျောက်တုံးရဲ့ အလေးချိန်ဟာ ၁၃၅ ပေါင်လောက်တောင်ရှိတော့ ပေ ၂၀ ကျယ်တဲ့ အပေါက်ကြီး ပေါက်သွားတယ်။ စကော့တလန် 'ပင်တလန်မြစ်ဝ' မီးပြတိုက်မှာလည်း လှိုင်းတွေက သယ်လာတဲ့ ကျောက်တုံးကျောက်ခဲတွေ ထိမှန်လို့ ပြတင်းတံခါးတွေ ကွဲကြေသွားခဲ့ဖူးတယ်။ တကယ်တော့ ဒီမီးပြတိုက်ဟာ ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၃၀၀ မြင့်တဲ့ ကျောက်ဆောင်ပေါ်မှာ ဆောက်ထားတာ. . .။

မုန်တိုင်းကြောင့်ဖြစ်တဲ့ လှိုင်းတွေဟာ ကြောက်စရာကောင်းသလို ငလျင်ကြောင့်ဖြစ်တဲ့ လှိုင်းတွေဟာလည်း ကြောက်စရာကောင်းတယ်။ ၁၈၆၈ ခုနှစ်တုန်းက တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေမှာ ငလျင်လှုပ်တယ်၊ ငလျင်လှုပ်ပြီးခဏအတွင်းမှာပဲ ပင်လယ်ရေဟာ ကမ်းခြေကနေ လျင်လျင်မြန်မြန် ဆုတ်သွားတယ်။ ဒီလိုဆုတ်သွားလို့ ဆိပ်ကမ်းရေနက်ပေ ၄၀ မှာ ကျောက်ချထားတဲ့ သင်္ဘောတွေဟာ ရွံ့တွေထဲမှာ တင်ကျန်ရစ်ခဲ့တယ်။ မကြာခင်မှာပဲ ပြန်တက်လာတဲ့ လှိုင်းလုံးကြီးတွေဟာ





ကမ်းခြေကို ပြေးပြီးရိုက်ခတ်တယ်။ ဒီလိုလည်း ရိုက်ခတ်ရော. . . ကမ်းခြေမှာရှိတဲ့ လှေတွေဟာ မိုင်တစ်စိတ်လောက်ဝေးတဲ့ ကမ်းခြေအတွင်းပိုင်းထဲ ရောက်သွားကြတယ်။

မုန်တိုင်းကြောင့်၊ ငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့ ပင်လယ်လှိုင်းကြီးတွေဟာ လူတွေကို အမျိုးမျိုး ဒုက္ခပေးခဲ့ကြတယ်။ အကြီးကျယ်ဆုံး ဒုက္ခရောက်ခဲ့ရတာကတော့ ၁၇၃၇ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်နေ့၊ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်တဲ့ လေမုန်တိုင်းဘေးပါဘဲ။ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာတဲ့ လှိုင်းကြီးတွေရဲ့ ဒဏ်ချက်ကြောင့် လှေပေါင်း ၂၀၀၀၀ ပျက်စီးတယ်။ လူပေါင်း ၃၀၀၀၀၀ ရေနစ်ပြီး သေဆုံးကြရတယ်။ အိုးမဲ့အိမ်မဲ့တွေ ဖြစ်ရတာလည်း အများကြီးပေါ့။ မကြာခင်နှစ်တွေဆီကလည်း ဒီလိုမုန်တိုင်းဒဏ်ကြောင့် လူတွေ အများကြီး အသက်ဆုံးရှုံးခဲ့ရသေးတယ်။

▲▲

*Rachel L. Carson* ရဲ့ *The Sea Around Us* စာအုပ်ထဲက မတည်ငြိမ်တဲ့ ပင်လယ်ပြင်ကြီးကို မှန်းမျှော်ကြည့်ရင်းက လူသတ္တဝါတွေရဲ့ အပြောကျယ်တဲ့ သံသရာပင်လယ်ကြီးကိုလည်း မြင်ယောင်ကြည့်မိပါရဲ့။ မငြိမ်မသက်တဲ့ လူ့သံသရာ ပင်လယ်ပြင်က လောဘ၊ ဒေါသ လှိုင်းတွေရဲ့ လှုးလွန့်ပုံက ပို၍ပို၍ကြီးမားလာလေသလားလို့ လူတွေရဲ့ မာန်မာနနဲ့ အာဃာတတွေကလည်း ပိုပိုပြီး မြင့်မြင့်လာနေသလားလို့. . . လှိုင်းလုံးကြီးတွေက လူတွေကို သိန်းဂဏန်းအထိ အသက်ဆုံးရှုံးစေခဲ့တာမှန်ပါတယ်။ လောဘ [illegible] မာနတွေနဲ့ လူအချင်းချင်း ဖျက်ဆီးခဲ့တာတွေကမှ အများကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ် လူအချင်းချင်း တိုက်ခိုက်ပွဲမှာ လူတွေ ၅၅ သန်းလောက်တောင် အသက်ဆုံးရှုံးခဲ့ကြတယ်။ လူတွေပဲ အိုဇုန်းလွှာကို ဖျက်ဆီးခဲ့ကြတယ်။ လူတွေရဲ့ လောဘ ဒေါသတွေကပဲ သဘာဝ အရင်းအမြစ်တွေ၊ သစ်ပင် တောတောင်နဲ့ လေထု၊ ရေထုတွေကို ဖျက်ဆီးခဲ့တယ်။ ကမ္ဘာကြီး ပို၍ပို၍ ပူနွေးလာအောင် လူတွေပဲ လုပ်ခဲ့ကြတယ်။

လူတွေရဲ့ လောဘ ဒေါသလှိုင်းတွေက မြင့်သည်ထက် မြင့်လာပြီလားလို့။

တက်ကြွား ကြကြ မြင့်သမျှကား
လျှောကျမှနောက်ဆုံးရှိမြေ၏

မှတ်ချက်။ ◼ Reschter Scale 9.0 ရှိတဲ့ ငလျင်ကြောင့် ဆူနာမီ (Tsunami) ရေလှိုင်းကြီး[...] အိန္ဒိယသမုဒ္ဒရာထဲမှာ ဖြစ်ပေါ်လာခဲ့ကြတယ်။ လှိုင်းလုံးရဲ့ အမြင့်[...] ပေ ၃၀ ကျော်တယ်လို့သိရတယ်။ ငလျင်နဲ့ လှိုင်းလေတွေရဲ့ဒဏ်ကြောင့်[...] အင်ဒိုနီးရှားမှာ လူပေါင်း နှစ်သိန်းနှစ်သောင်းရှစ်ထောင်ကျော် သေဆုံး[...] သိရတယ်။

● [illegible] (၂၅-၃-၂[illegible]

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

### ယုံတယ်ဆိုရာမှာ...

(၁)

ကြီးကျယ်ခြင်း၊ နက်နဲခြင်းရဲ့ အနှိုင်းခံဖြစ်တဲ့ ပင်လယ်သမုဒ္ဒရာ အကြောင်းပြောနေကြရာက ဘာသာ (Religion) အကြောင်းကို တဲဒီနေ့က မိတ်ဆွေတွေနဲ့ ပြောဖြစ်နေပါတယ်။

(၂)

ဘာသာ Religion ဆိုတာကို အဓိပ္ပာယ်တွေ အမျိုးမျိုးဖွင့်ဆို ကြတယ်။ တချို့ပညာရှင်တွေကတော့ Religion ဆိုတာ 're' ဆိုတာနဲ့ 'ligare' ဆိုတဲ့ လက်တင်စကားက ဆင်းသက်လာတာဖြစ်တဲ့ အကြောင်း 're' ဆိုတာက 'တစ်ဖန်' again ဆိုတဲ့ အနက်သဘော ရပြီး၊ 'ligare' ဆိုတာက 'ချည်နှောင်ခြင်း' to bind လို့ရတဲ့အကြောင်း၊ ဒါကြောင့်... ဘာသာ Religion ဆိုတာ 'တဖန်ပြန်၍ ချည်နှောင်ခြင်း'လို့ အဓိပ္ပာယ် ရကြောင်း ဖွင့်ဆိုပြတတ်ကြတယ်။ တဖန်ပြန်၍ ချည်နှောင်ခြင်းဆိုရာ မှာလည်း လူတွေနဲ့ နတ်ဘုရားတွေ



www.burmeseclassic.com

www.burmeseclassic.com



humans and the gods တဖန်ပြန်ပြီး ချည်နှောင်မိခြင်း၊ တဖန်ပြန်ပြီး ပေါင်းစည်းနှောင်ဖွဲ့ တွေ့ဆုံရခြင်းလို့ ဆိုလိုကြောင်း ဖွင့်ဆိုပြကြ သေးတယ်။

ဒီဖွင့်ဆိုချက်လိုပဲ တချို့ပညာရှင်တွေက ဘာသာဆိုတာ လွတ်မြောက်သွားတဲ့သူတွေနဲ့ ဖန်ဆင်းရှင် မဟာဗြဟ္မာ(ဣဿရ)တို့ တစ်ဖန်ပြန်ပြီး ပေါင်းစည်းသွားတာဖြစ်တယ်လို့ ဆိုကြတယ်။

တချို့ကတော့. . . လူသတ္တဝါတွေ ရရှိနေကြတဲ့ရုပ်ခန္ဓာကိုယ် အသီးသီးမှာ အတ္တတွေ ဝင်ရောက်တည်ရှိနေတယ်။ ဒီလို ရုပ်ခန္ဓာ ကိုယ် အတွင်း ရောက်ရှိနေတဲ့ အတ္တတွေဟာ အကျဉ်းထောင်ထဲမှာ ကျနေကြသလိုပဲ။ ကျဉ်းကျဉ်းကျပ်ကျပ် သိမ်သိမ်ငယ်ငယ် ရုပ်ခန္ဓာကိုယ်တွေရဲ့ ကန့်သတ်မှုတွေ အတွင်းမှာနေ,နေကြရတယ် ဘဝလွတ်မြောက်ရေးဆိုတာ အဲဒီအကျဉ်းထောင်နဲ့တူတဲ့ ရုပ်ခန္ဓာကိုယ်တွေကနေပြီး လွတ်မြောက်သွားတာကို ဆိုလိုတယ် အဲဒီ အကျဉ်းထောင်နဲ့တူတဲ့ ခန္ဓာကိုယ်တွေကနေ လွတ်ချင်ရင် အကျင့်သီလကို စောင့်ရမယ်၊ အဝိဇ္ဇာ တဏှာတွေကုန်အောင် လုပ်ရမယ်၊ အဝိဇ္ဇာတဏှာကုန်နေသူဟာ သေလွန်တဲ့အခါမှာ ဘဝသစ် ခန္ဓာသစ် မဖွဲ့စည်းတော့ဘူး။ ဒီအခါ အတ္တဟာ ရုပ်ခန္ဓာ ဆိုတဲ့ အကျဉ်းကျခံရမှုမှ လွတ်သွားမယ်။ လွတ်သွားတဲ့အတ္တဟာ အနန္တအတ္တကြီးနဲ့ ပြန်ပြီး ပေါင်းစည်းသွားပြီး ထာဝရတည်မြဲတဲ့ အဖြစ်သို့ ရောက်သွားမယ်လို့ ဆိုကြတယ်။ သူတို့ အလိုအရ ဘာသာ ဆိုတာ ဝိသေသအတ္တတွေနဲ့ အနန္တအတ္တကြီး ပြန်လည်ပေါင်းစည်း သွားတာဖြစ်တယ်လို့ ဆိုကြတယ်။

တချို့ကတော့လည်း ဘာသာ Religion ဆိုတာ မိမိကို ဖန်ဆင်းတဲ့ ဖန်ဆင်းရှင်နဲ့ ပြန်လည်ပေါင်းစည်းသွားတာဖြစ်တယ်





ဖန်ဆင်းရှင်ရဲ့ ပညတ်တော်တွေအတိုင်း နေထိုင်ကျင့်ကြံနိုင်ခဲ့ရင် တစ်နေ့သောအခါမှာ ဖန်ဆင်းရှင်က မိမိကို ထာဝရမြဲတဲ့ ဒုက္ခ ခပ်သိမ်းကင်းတဲ့နေရာတို ပို့မယ်။ အဲဒီမှာ မိမိလိုပဲ ဖန်ဆင်းရှင်ရဲ့ ပညတ်တော်တွေအတိုင်း နေနိုင်ခဲ့လို့ မိမိလိုပဲ ရောက်ရှိလာကြတဲ့ မိမိချစ်ခင်မြတ်နိုးသူတွေနဲ့ အဲဒီထာဝရမြဲတဲ့နေရာမှာ ပြန်လည် ပေါင်းစည်းဆုံတွေ့ကြမယ်။ အခြားအခြားသော မိမိရဲ့ချစ်သူခင်သူ မြတ်နိုးသူတွေနဲ့ရော ဖန်ဆင်းရှင်နဲ့ပါ ထာဝရမြဲသော အရပ်မှာ ပြန်လည်တွေ့ဆုံရမယ်။ တစ်နည်းအားဖြင့် ချစ်ခြင်းတွေနဲ့ ပြန်လည် ဖွဲ့နှောင် ဆုံဆည်းရမယ်ဆိုတာဟာ ဘာသာဖြစ်တယ်လို့ ဖွင့်ဆိုတတ် သေးတယ်။

တချို့ကတော့ ဘာသာ Religionဆိုတာ တန်ခိုးရှင် ဖန်ဆင်းရှင် ရှိတယ်လို့ အခိုင်အမာ ယုံကြည်သက်ဝင်တာ၊ လူမှာ အတ္တဇီဝရှိတယ်၊ အတ္တဇီဝဟာ ထာဝရမြဲတယ်လို့ အခိုင်အမာယုံကြည်တာ၊ ပြီးတော့. . .

ထာဝရမြဲတဲ့ ဘုံဘဝဆိုတာရှိတယ်လို့ အခိုင်အမာ ယုံကြည် သက်ဝင်တာမျိုးကိုသာ ဘာသာလို့ခေါ်တာ မဟုတ်သေးဘူးတဲ့၊ တာကိုပဲ ဖြစ်ဖြစ် အခိုင်အမာ ယုံကြည်သက်ဝင်မှုဖြစ်နေရင် ဘာသာ Religion ပါပဲလို့ ဆိုကြသေးတယ်။ ဥပမာ - ကွန်မြူနစ်ဝါဒကို အခိုင်အမာ စွဲလန်းနှစ်သက်ပြီး အဲဒီဝါဒနဲ့ မိမိနှောင်ဖွဲ့မိနေတာမျိုး ပေါ့။ တချို့ကတော့ ဂီတအနုပညာတစ်ရပ်ရပ်မှာ ယုံကြည်သက်ဝင် နှစ်သက်စွဲလန်းပြီး အဲဒီပညာရပ်တစ်ခုခုနဲ့ နှောင်ဖွဲ့မိနေရင်လည်း ဒါဟာ ဘာသာ ဖြစ်သွားတာပဲလို့ ပြောကြတယ်။

တချို့ကတော့လည်း ဆင်ခြင်ခြင်းတရား Reasoning နဲ့ အတွေ့အကြုံ လက်တွေ့ဘဝ Experience ကို ကျော်လွန်ပြီး တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ ဒါမှမဟုတ် တစ်စုံတစ်ဦးကို သက်ဝင်ယုံကြည်မှု Faith ရှိနေတာ ဖြစ်နေတာကိုပဲ 'ဘာသာ'လို့ ဖွင့်ဆိုပြတတ်သေးတယ် တစ်စုံတစ်ခု ဆိုတာကတော့ ထာဝရမြဲတဲ့နေရာ၊ ထာဝရမြဲတဲ့ အတ္တဝိညာဉ်တို့ကို ယုံကြည်တာဖြစ်တယ်။ တစ်စုံတစ်ဦးဆိုတာ ကတော့ မဟာဗြဟ္မာ၊ ဣဿရ အစရှိတဲ့ ဖန်ဆင်းရှင်၊ တန်ခိုးရှ တစ်ဦးဦးကို ယုံကြည်သက်ဝင်တာကို ဆိုလိုတယ်။

ဒါဖြင့် ထေရဝါဒကကော ဘာသာ Religion လား မေးလာရင်. . .

ထေရဝါဒမှာ နိဗ္ဗာန်ဆိုတာကို အမြတ်ဆုံးနဲ့ အဆုံးစွန်ပန်းတိုင် အဖြစ် လက်ခံထားတာရှိတယ်။ ဒါပေမဲ့ နိဗ္ဗာန်ဟာ အခြားအခြ ဘာသာတွေမှာလို လက်ခံထားတဲ့ နေရာ၊ အရပ်၊ ဘုံ၊ ဘဝ မဟုတ်ဘူး။ နိဗ္ဗာန်ဆိုတာဟာ ဘုံဘဝအရပ်ဒေသ တစ်မျိုးမျိုးမှလည မဟုတ်ဘူး။ ထာဝရမြဲတဲ့ နေရာဆိုတာမျိုးလည်း မဟုတ်ဘူ ဒါကြောင့် အဲဒီနိဗ္ဗာန် မှာ ဘယ်သူနဲ့မှ ပြန်လည်ဆုံဆည်းစရာလည မရှိဘူး။ ဘယ်သူဘယ်ဝါနဲ့မှ တစ်ဖန်ပြန်ပြီး ပတ်သက်စရာ Con cern လည်း မရှိဘူး။ ထေရဝါဒ လက်ခံတဲ့ 'နိဗ္ဗာန်'ဆိုတာ လူမှာတဏှာ ကိလေသာအလုံးစုံ ချုပ်ငြိမ်း သွားတဲ့ သဘောအဖြစ် ဆိုလိုတာဖြစ်တယ်။ ဘယ်ဘုံဘယ်ဘဝကိုမှ ရောက်တာ မဟုတ်ဘူ ဒီတော့ နိဗ္ဗာန်မှာ ဘယ်သူနဲ့မှ တစ်ဖန် ပြန်လည် ဆုံဆည်းနှောင် ချည်နှောင်စရာ မရှိဘူး။ ဒါကြောင့် ထေရဝါဒဟာ စောစော ဖွင့်ဆိုနေတဲ့ ဘာသာ Religion ဆိုတဲ့ အဓိပ္ပာယ်တွေနဲ့တော မကိုက်ညီဘူး။

ဒါပေမဲ့ ထေရဝါဒသာသနာမှာလည်း သစ္စာလေးပါး၊မဂ္ဂ ရှစ်ပါး၊ နိဗ္ဗာန် အစရှိတာတွေကို ယုံကြည်သက်ဝင်ကြသူတွေရှိတယ





အခိုင်အမာ ယုံကြည်နေကြသူတွေရှိတယ်။ ဒီလို သက်ဝင်ယုံကြည်မှု တွေကို လက်ခံမှုရှိရင် ထေရဝါဒကိုလဲ ဘာသာလို့ မဆိုနိုင်ဘူးလားလို့ မေးနိုင်တယ်။

ထေရဝါဒမှာ ယုံကြည်သက်ဝင်မှုကို 'သဒ္ဓါ'လို့ ခေါ်တယ်။ ယုံကြည်မှု သက်ဝင်မှုသဒ္ဓါကို လက်ခံတဲ့အတွက် ထေရဝါဒကိုလည်း 'ဘာသာ'ပဲပေါ့လို့ ထင်စရာတော့ရှိတယ်။

ဒါပေမဲ့ ထေရဝါဒက ယုံကြည်မှုသဒ္ဓါဆိုတာ ပဓာနအားဖြင့် ပညာ အဆင်ခြင်ပါတဲ့ ယုံကြည်မှုမျိုးဖြစ်တယ်။ ဆင်ခြင်မှုမပါတဲ့ လက်တွေ့ မပါတဲ့ သက်ဝင်ယုံကြည်မှု Faith ဆိုတာမျိုး မဟုတ်ဘူး။ သဒ္ဓါပညာ၊ သမာဓိရှိ စောင်းနှယ်ညှိ. . . ဆိုတဲ့ စကားအတိုင်း သဒ္ဓါဟာ ပညာပါတဲ့ သဒ္ဓါ. . . ပညာနဲ့ ညှိထားတဲ့ သဒ္ဓါ. . . အမျိုးအစားကို ဆိုလိုတယ်။ ပညာအဆင်ခြင်မပါတဲ့၊ ပညာနဲ့ ညှိမထားတဲ့ ယုံကြည်မှု မျိုးကို ထေရဝါဒအနေနဲ့ 'သဒ္ဓါ'လို့ လက်ခံမှာ မဟုတ်ပါဘူး။ ထေရဝါဒဟာ ဖန်ဆင်းခြင်းဆိုတာ၊ ဖန်ဆင်းသူဆိုတာကိုလဲ မယုံဘူး၊ ဘဝဟာ ပုဂ္ဂိုလ်တစ်ဦးဦးရဲ့ ဖန်တီးပြဋ္ဌာန်းမှုကြောင့်ဖြစ်လာရတယ် ဆိုတာကိုလည်း မယုံဘူး၊ လူမှာ ခိုင်မြဲတဲ့ အတ္တ၊ ဇီဝ၊ လိပ်ပြာရှိတယ် ဆိုတာကိုလည်း မယုံဘူး၊ အဲဒီ အတ္တ ဇီဝ ဆိုတဲ့အရာက တစ်ဘဝပြီး တစ်ဘဝ ကူးပြောင်းသွားတယ် ဆိုတာကိုလည်း မယုံဘူး။ ထာဝရမြဲတဲ့ ဘုံဘဝဆိုတာကိုလည်း မယုံဘူး။

ထေရဝါဒက. . . လောကကြီးတစ်ခုလုံးဟာ မြဲတဲ့ခိုင်တဲ့ ထာဝရသဘောမှ ဆိတ်သုဉ်းတယ်၊ မြဲတဲ့အတ္တသဘောမှ ဆိတ်သုဉ်း တယ်။ လောကကြီးတစ်ခုလုံးဟာ သူ့အကြောင်းအကျိုးနဲ့ ဖြစ်ပျက် ပြောင်းလဲနေတယ်။ 'မူသေ'ရှိနေတာရယ်လို့ မရှိဘဲ အနတ္တသဘော နဲ့သာ ဖြစ်ပျက်နေတယ်လို့ ယုံတယ်၊ လူတစ်ဦးရဲ့ အကောင်းအဆိုး

www.burmeseclassic.com



ဟာ ပဓာနအားဖြင့် အဲဒီလူပြုလုပ်တဲ့ အလုပ် 'ကံ'ပေါ်မှာပဲ
မူတည်တယ်လို့ ယုံတယ်။ နိဗ္ဗာန်ဆိုတာ ကိလေသာဟူသမျှ
ကုန်သွားတဲ့ အဖြစ်မျှသာပဲ၊ နိဗ္ဗာန်ဆိုတာ ဘုံတွေ ဘဝတွေ မဟုတ်
ဘူး။ ဒီနိဗ္ဗာန်ဆိုတဲ့ တဏှာကိလေသာတွေ ကုန်သွားတဲ့အဖြစ်ကို
ရနိုင်တဲ့နည်းလမ်းရှိတယ်။ ဒါကတော့ မဂ္ဂင်ရှစ်ပါး ပါဝင်တဲ့
နည်းလမ်းဖြစ်တယ်လို့ ယုံတယ်။ ဒီလိုယုံတာဟာ သဘာဝကျ မကျကို
အသေအချာ ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်ပြီးမှ ယုံကြည်တာ ဖြစ်တယ်
ဒီလိုယုံကြည်တဲ့ သဒ္ဓါကို ဩကပ္ပနသဒ္ဓါလို့ ထေရဝါဒစာပေတွေမှာ
ဖော်ပြထားတယ်။ တကယ် လက်တွေ့မဂ္ဂင်ရှစ်ပါး ပါဝင်တဲ့
လမ်းစဉ်အတိုင်း လက်တွေ့ စမ်းသပ်ကျင့်ကြံလို့ သောတာပတ္တိမဂ်
အစရှိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရသွားတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့
အနတ္တဓမ္မနဲ့ ပတ်သက်တဲ့ ယုံကြည်မှု၊ နိဗ္ဗာန်နဲ့ ပတ်သက်တဲ့
ယုံကြည်မှု၊ ကံနဲ့ပတ်သက်တဲ့ ယုံကြည်မှုကိုတော့ 'အဓိဂမနသဒ္ဓါ'
ဖော်ပြထားတယ်။ ဒီယုံကြည်မှုသဒ္ဓါကတော့ သဘောတရား
သီအိုရီရော လက်တွေ့ပါပေါင်းပြီးမှ. . . တစ်နည်းအားဖြင့် ဆင်ခြင်
မှုရော လက်တွေ့ပါ ပေါင်းပြီးမှ ဖြစ်ပေါ်လာတဲ့ ယုံကြည်မှုမျိုးပါပဲ
ဒီယုံကြည်မှုမျိုးဟာ စောစောက ဖွင့်ဆိုခဲ့တဲ့ ဘာသာမျိုးမှာ တွေ့ရ
ယုံကြည်မှု မျိုးတွေနဲ့ ခြားနားတယ်ဆိုတာ သိသာပါတယ်။ ဒါကြော
ဗုဒ္ဓဘာသာလို့ သုံးနှုန်းနေတဲ့ 'ဘာသာ'ဆိုတာကို ဆင်ခြင်ခြင်
လက်တွေ့လုပ်ကြည့်ခြင်းဆိုတာတွေနဲ့ တွဲဖက်ပြီးနားလည်သင့်တယ်

(၃)

❧ အထက်ပါ အကြောင်းအရာတွေကို ပြောပြီးတဲ့အခါမှ
ပင်လယ် သမုဒ္ဒရာအကြောင်းကို ပြန်ပြီး ပြောဖြစ်နေကြပါတယ်





"မဟာသမုဒ္ဒရာသည် ဆားငန်အရသာ တစ်ခုတည်းသာ ရှိသကဲ့သို့ ဗုဒ္ဓဝါဒသည်လည်း ဆင်းရဲမှ လွတ်မြောက်ခြင်း အရသာတစ်ခုတည်းသာလျှင် ရှိ၏" ဆိုတဲ့ အဆိုကို မိတ်ဆွေတစ်ဦးက ရွတ်ဆိုပြပြီး ဗုဒ္ဓဝါဒနဲ့ အခြားအခြား ဝါဒတွေ ခြားနားတာက ဗုဒ္ဓဝါဒတစ်ခုတည်းမှာသာလျှင် မဂ္ဂင်ရှစ်ပါးပါဝင်တဲ့ ဝိပဿနာနည်း ရှိတဲ့ အကြောင်း၊ ဒီနည်းအတိုင်း အားထုတ်ပါမှ လွတ်မြောက်ခြင်းဆိုတဲ့ အရသာကို တွေ့နိုင်မည့်အကြောင်း ပြောပြနေပါတယ်။ သူပြောပြတာကို နားထောင်ရင်းနဲ့ "ဗုဒ္ဓဘာသာနဲ့ တခြား ဘာသာ ခြားနားတဲ့ အချက်တွေထဲမှာ ဒီဝိပဿနာနည်းရှိခြင်း မရှိခြင်း ဆိုတဲ့ အချက်ဟာ အရေးကြီးဆုံးဖြစ်နိုင်တယ်"လို့ ကျွန်တော်က တွေးနေမိပါတယ်။ ပြီးတော့ ချစ်သူခင်သူ မြတ်နိုးရသူတွေနဲ့ ဆုံတွေ့စရာမရှိတဲ့. . . ဘယ်သူဘယ်ဝါတွေနဲ့မှ ပတ်သက်စရာ မရှိတော့တဲ့ နိဗ္ဗာန်ဆိုတာကို လိုချင်သူ တကယ်ရှိကောရှိရဲ့လား"လို့လည်း အတွေးဆန့်နေမိပါတယ်။

● မှုဝိုင်းစွမ်းမင်း အတွဲ(၁)၊ အမှတ်(၈)(စက်တင်ဘာလ၊ ၂၀၀၆)



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်တို့တွင် သမုဒယသမုဒ္ဒရာများ**
**သံသရာနှင့်အမျှ ရှိကြကုန်၏**

ပင်လယ်သမုဒ္ဒရာဆိုတာ အကျယ်ကြီးမှ တကယ့်အကျယ်ကြီး. . . ကမ်းမမြင်၊ လမ်းမမြင် ကျယ်နေတာပေါ့။ ဒါပေမယ့်. . . ဒီ ပင်လယ် သမုဒ္ဒရာထက် ကျယ်တာ ရှိသေးတယ်. . . တဲ့။

ရှိနေသေးတယ်. . . တဲ့။

*“. . . အကြားအမြင် မရှိတဲ့ ပုထုဇဉ်သည် ‘သမုဒ္ဒရာ. . . သမုဒ္ဒရာ. . .’ဟု ပြောဆို၏။ . . . ဤသို့ပြောဆိုသော အရာသည် မြတ်စွာဘုရား၏ အဆုံးအမ သာသနာ၌ သမုဒ္ဒရာမဟုတ်။ ရဟန်းတို့. . . ဤသို့ပြောဆိုသောအရာသည် ကြီးကျယ် များပြားသော ရေအစုသာ ဖြစ်၏။ ကြီးကျယ်များပြားသော ရေပြင်သာဖြစ်၏။ ရဟန်းတို့. . . မျက်စိသည် သတ္တဝါ၏ သမုဒ္ဒရာမည်၏. . .”*တဲ့။

တကယ်ကျယ်ပြောတဲ့၊ တကယ်ကြီးကျယ်တဲ့ သမုဒ္ဒရာဆိုတာက မျက်စိပဲတဲ့။ ကြည့်စရာတွေအများကြီး။ ကြည့်လို့ပြီးဆုံးသွားတယ်မယ်လို့ မရှိဘူး။ တဏှာ လောဘတွေက ရှိတော့ ကြည့်ပြီးရင်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကြည့်ချင်ရင်းနဲ့ မဆုံးနိုင်ဘူး။ ကြည့်လို့မဝ. . . ချစ်လို့မဝနဲ့ ပြီးတယ်ရယ်မရှိဘူး။ ကျေနပ်သွားပြီရယ်လို့လည်း မရှိဘူး။ ဆုံး မရှိတဲ့ မျက်စိပင်လယ်ကြီးပေါ့။

ကြည့်စရာတွေကလည်း များပါဘိ။ ချောမော လှပ တင့်တယ် ရှုချင်ဖွယ်ကောင်းတဲ့ မိန်းမ၊ ယောကျ်ားတွေ. . . မြတ်နိုးနှစ်သက် ဖွယ် ရွှေ ငွေ ကျောက်မျက်ရတနာတွေ. . . ပွဲလမ်းသဘင်တွေ. . . အားကစားမျိုးစုံ. . . ပြိုင်ပွဲမျိုးစုံ. . . ကြည့်လို့ မကုန်နိုင်ဘူး။ နည်းပညာ တိုးတက်လာတာနဲ့ အတူ ရိုက်ကူး တင်ဆက်ပေးထား ရုပ်ရှင်ဇာတ်လမ်း အမျိုးမျိုး. . . ဆယ်သက် ဆက်ကြည့်လည် ကုန်နိုင်ဖွယ်မရှိဘူး။ ပန်းချီ ပန်းပုမျိုးစုံ၊ ခေတ်ဟောင်း ခေတ်သ ဗိသုကာလက်ရာမျိုးစုံကလည်း ကြည့်လို့ မကုန်နိုင်ဘူး။ ငွေ တတ်နိုင်သူတွေကတော့ ကမ္ဘာလှည့်ခရီးသည်တွေ အဖြစ်နဲ့ နိုင် တကာကို သွားရောက်ကြည့်ရှု ခံစားနေကြတယ်။ သူတို့အတွ လည်း ကြည့်ရှုခံစားခြင်းတွေ ဆုံးခန်းတိုင်သွားလိမ့်မယ်လို့ မထင် ဘူး။ မျက်စိသမုဒ္ဒရာ လို့ ဆိုမှတော့. . . ဆုံးခန်းတိုင်မယ် မဟု ပါဘူး၊ အဲဒီ မျက်စိပင်လယ်မှာ. . .

"**. . . အဆင်းတည်းဟူသော အဟုန်သည်ရှိ၏. . .**" မြင်ရတဲ့အရာ. . . မြင်တဲ့ အဆင်းရူပါရုံက ဖန်တီးလိုက်တဲ့အ တွေ. . . 'လှိုင်းကြီးတွေရှိတယ်တဲ့။ အဲဒီလှိုင်းလုံးကြီးတွေ ထိခို လိုက်ရင် လူဟာ ရပ်တည်ရာမရ မျောပါသွားမှာပဲ။

မုဒုလက္ခဏ ဇာတ်မှာ. . . ဘုရားအလောင်း ရသေ့သူမြ ဟာ ဈာန်အဘိညာဉ်နဲ့ နန်းတော်ကို ကြွသွားတယ်။ ရသေ့ ဈာန်အဘိညာဉ်နဲ့ လေသာပြူတင်းပေါက်ကနေပြီး အခန်းတ အတွင်းကို ဝင်တယ်။ အဲဒီအခန်းမှာ. . . အလွန်လှပတင့်တယ်



မုဒုလက္ခဏ မိဖုရားရှိနေတယ်။ မုဒုလက္ခဏ မိဖုရားက ရသေ့သူမြတ် အလာကို အဲဒီ အခန်းကနေ စောင့်နေတာ။ ရသေ့သူမြတ် ဝင်လဲ လာရော မိဖုရားက လျှင်လျှင်မြန်မြန် ကြိုဆိုဖို့ထလိုက်တယ်။ ဒီလို အထလိုက်မှာ မိဖုရားရဲ့ အင်မတန် နူးညံ့ပျော့ပျောင်းတဲ့ အဝတ်က လျှောကျသွားတယ်။ ဒီလိုလျှောကျသွားလို့ ရသေ့ဟာ မိဖုရားရဲ့ "ဝိသဘာဂ" အာရုံကို မြင်သွားတယ်။ အလွန်တပ်မက် နှစ်လိုဖွယ် ကောင်းတဲ့အရာကို မြင်တယ်ပေါ့။ မြင်ရတဲ့ အဆင်းအာရုံက သိပ်ကို အားကောင်းတော့ ရသေ့အတွက် အင်မတန်ကြီးကျယ်တဲ့ လှိုင်းကြီး ဖြစ်သွားတယ်။

**တစ်နေ့တည်းတွင် ဆယ်နည်းမက ကြည့်တိုင်းလှ. . .** တဲ့ မုဒုလက္ခဏလှိုင်းလုံးကြီးက ရသေ့သူမြတ်ကို ဝင်တိုက်တယ်။ ရသေ့သူမြတ်ခမျာ လွင့်မျောသွားလိုက်တာ (၇)ရက်လောက် ကြာတယ်။ ကံကောင်းလို့. . . ဘုရင်ကလည်းသဘောထားကြီး ပေလို့. . . အသက်မသေဘဲနဲ့ ဈာန်အဘိညာဉ်တွေပါ ရသေ့ ပြန်ရသွားတာ. . .

*ပါရမီတွေရင့်နေပါပြီဆိုတဲ့ သိဒ္ဓိမင်းကြီးဘဝမှာတောင် ဥမ္မာဒန္တီ ကို ကြည့်မိရာက ကြည့်မဝ၊ ချစ်မဝတဲ့ မျက်စိသမုဒ္ဒရာထဲ ကျသွား သေးတယ်။ ဥမ္မာဒန္တီကို မမြင်ရလို့၊ မပိုင်ရလို့. . .* "**တညိုးလျှ လျှ၊ တ တ လွမ်းလွမ်း၊ တ တောက်မေ့မေ့. . .** ဖြစ်၊ ပြည်ထဲရေးနဲ့ **စမ်းရေးတို့ထက်၊ လွမ်းရေးခက်. . .** ဆိုတာမျိုးတွေဖြစ်. . . *ဥမ္မာဒန္တီဆိုတဲ့ ရူပါရုံကြောင့် တိုင်းရေးပြည်ရာ ကိစ္စတွေကိုတောင် မဆောင်ရွက်နိုင်တဲ့အထိ ဖြစ်ခဲ့ဖူးတယ်ဆိုတော့. . .*

မျက်စိ ပင်လယ်သမုဒ္ဒရာမှာ အဆင်းရူပါရုံကြောင့် ဖြစ်ပေါ် လာတဲ့ အလိုလောဘ တဏှာကိလေသာ လှိုင်းတွေဟာ ကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com




ကြမှာပဲ။ လှိုင်းတွေကပေးမယ့် ဒဏ်ရာဒဏ်ချက်တွေကလည်း ကြောက်မက်ဖွယ် ကောင်းမှာပဲ။

မျက်စိ ပင်လယ် သမုဒ္ဒရာကြီးထဲမှာ ရက်စက်တဲ့၊ အသက်အန္တရာယ်ပြုနိုင်တဲ့. . . ငါးမန်းအစရှိတဲ့ သတ္တဝါကြီးတွေကလည်း ရှိသေးတယ်။ တတယ့် သူတော်စင် အရိယာ ပုဂ္ဂိုလ်တွေကတော့ သတိသမ္ပဇဉ်တရားတွေနဲ့ အဲဒီ ပင်လယ်သမုဒ္ဒရာကြီးတို့ ကူးမြောက်နိုင်ခဲ့ကြတယ်တဲ့။

တကယ်တော့ မျက်စိပင်လယ်လိုပဲ. . . နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်. . . ဆိုတာတွေဟာလည်း ပင်လယ် သမုဒ္ဒရာတွေပါပဲ။ ဒီသမုဒ္ဒရာတွေကို (ပြောခဲ့တဲ့) အရိယာသူတော်စင်တွေလို မကူးမြောက်နိုင်သမျှကတော့. . . ဆူနာမီလှိုင်းကြီးတွေထက် မြင့်နိုင်တဲ့ ဒေါသလှိုင်းတွေ၊ မာနအာဃာတ ဝဲဩဃတွေ၊ ပြီးတော့ ကိုယ့်ကို အန္တရာယ်အကြီးအကျယ်ပြုမည့် ငါးလိပ်၊ ငါးမန်း၊ ငါးဆင်တွေနဲ့ တူတဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်း ဘေးရန်တွေရှိရာ ဘဝပင်လယ်ကြီးထဲမှာ မျောပါနေရမယ့် လူသတ္တဝါတွေရဲ့ အဖြစ်ဟာ. . . အန္တရာယ်များမှာကတော့ သေချာတယ်။ ဒါဖြင့် . . .

● သင်တာရွှေဂျာနယ်၊ နံပါတ်-၁၄၀ (၂၈.၈.၂၀၀၂)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လိပ်ကန်းထမ်းပိုးစွပ်

ပင်လယ်သမုဒ္ဒရာကြီးအကြောင်းကိုပြောတော့. . . သမုဒ္ဒရာကြီးထဲမှာ ရောက်မိရောက်ရာ သွားနေတယ်ဆိုတဲ့ လိပ်ကြီးရဲ့ အကြောင်းကိုလည်း အမှတ်ရတယ်။ လိပ်ကြီးက မျက်စိ မမြင်ဘူး။ စုံလုံးကန်းနေရှာတဲ့ လိပ်ကြီး၊ မျက်စိကမမြင်တော့ သမုဒ္ဒရာကြီးထဲမှာ စမ်းဝါးပြီးသွားနေတယ်။ ဘယ်ကိုရောက်လို့ ရောက်မှန်းလည်း မသိဘူး။ အဲဒီလို သွားနေရာက အနှစ်တစ်ရာ. . . ဒါမမဟုတ် တစ်ရာလွန်လောက်မှာမှ ပင်လယ်သမုဒ္ဒရာရေပြင်ပေါ်ကို အဲဒီ လိပ်ကြီးရောက်တတ်တယ် တဲ့။

အဲဒီသမုဒ္ဒရာကြီးမှာပဲ အပေါက်တစ်ခုတည်းပါတဲ့ ထမ်းပိုးတုံး တစ်ခုဟာ မျောပါနေတယ်။ ဒီထမ်းပိုးတုံးဟာ လေရဲ့ဆောင်ရာ လှိုင်းရဲ့ သယ်ယူရာကို ပရမ်းပတာ မျောပါနေတယ်။ အဲဒီလို မျောပါနေတဲ့ ထမ်းပိုးရဲ့အပေါက်ကို အနှစ်တစ်ရာ(ဒါမှမဟုတ်)အနှစ်တစ်ရာလွန်မှ တစ်ခါပဲ ပေါ်လာတဲ့ လိပ်ကန်းရဲ့ ဦးခေါင်းစွပ်မိဖို့ . . . 'လိပ်ကန်းထမ်းပိုးစွပ်မှု'ဖြစ်ဖို့ဟာ သိပ်ကို အခွင့်အလမ်း နည်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ 'ဖြစ်နိုင်ခြေ' အင်မတန် နည်းတယ်။

ဒါပေမယ့်. . . လိပ်ကန်းထမ်းပိုးစွပ်မိတဲ့ အဖြစ်မျိုးဟာ ဖြစ်ဖို့ လွယ်ချင်လွယ်ဦးမယ်၊ အပါယ်. . . ဆိုတဲ့ မကောင်းတဲ့ဘုံ ဘဝမျိုးကို တစ်ကြိမ်ရောက်သွားတဲ့သူဟာ ကောင်းမြတ်တဲ့ လူ့ဘဝမျိုးကို ပြန်ဖြစ်နိုင်ဖို့ကတော့ မလွယ်တော့ဘူးတဲ့။ လိပ်ကန်းထမ်းပိုးစွပ် နိုင်ခွင့်ထက် အဆ အရာ. . . အထောင်မက ခဲယဉ်းတယ်. . . တဲ့

အပါယ်ငရဲဆိုတာ ရှိကော ရှိလို့လားလို့မေးရင် ဖြေဖို့လည်း ခက်တယ်။ သက်သေပြဖို့လည်း ခက်တယ်။ ဒါကြောင့် အပါယ်ငရဲ ဆိုတဲ့ ဘုံဘဝမျိုးတွေရှိတယ်ဆိုတာကို မယုံသူတွေ အများကြီး အများကြီးမှ အများကြီးရှိနေတာပေါ့။

ခေတ်ပညာတတ်ဆိုတဲ့ ပုဂ္ဂိုလ်တချို့ကတော့ ဆရာကြီး အိုင်းစတိုင်းရဲ့ ရီလေတီဗတီသီဝရီ ကို အမှီပြုပြီး ပရလောက ဆိုတာ တွေ ရှိနိုင်တဲ့အကြောင်း *တွေးဆချက် Hypothesis* ထုတ်ပြတတ်ကြ တယ်။ ရုပ်ရဲ့တည်နေပုံဖြစ်တဲ့ *'ကာလ-အာကာသ' Space-Time* ဆိုတာဟာ အမျိုးမျိုးဖြစ်နိုင်တယ်တဲ့။ တစ်မျိုးသောကာလ-အာကာသ နဲ့ မတူတဲ့နောက် တစ်မျိုးကာလ အာကာသဆိုတာလည်း ရှိနိုင်တယ် ဒီတော့ လူ့ဘုံရဲ့ တည်နေပုံ *'ကာလ-အာကာသ'*နဲ့ ငရဲဘုံရဲ့ တည်နေပုံ *'ကာလ-အာကာသ'ဟာ မတူနိုင်ဘူး။* ငရဲဆိုတဲ့ ဘုံဘဝသားတွေဟာ သူတို့နဲ့ သက်ဆိုင်တဲ့ကာလ အာကာသ ပုံစံနဲ့ တည်နေနိုင်ကြတယ် တဲ့။

အလိုလိုကမှ အိုင်းစတိုင်းရဲ့ ရီလေတီဗတီ သီဝရီကို နားလည်ရခက်တဲ့ အထဲမှာ ငရဲဘုံက Space-Time အကြောင်းကို လက်ခံဖို့ ပိုခက်နေမှာပါပဲ။ အစွဲဥပါဒါန် မကုန်သေးတဲ့ သတ္တဝါ တိုင်းဟာ သေခါနီးမှာ 'နိမိတ်'တစ်မျိုးမျိုးထင်တယ်။ အဲဒီနိမိတ်ကို





စွဲပြီးသေတဲ့အခါ ကံအကျိုးပေးအလျောက် 'ကာလ-အာကာသ'ပုံစံ အမျိုးမျိုးမှာ ဘဝအမျိုးမျိုးဖြစ်ကြတယ်ဆိုတဲ့ အယူအဆကိုလည်း နားလည်ရခက်မှာပါပဲ။

သိပ္ပံပညာရှင်တွေ စူးစမ်းပြတဲ့ ဒီကမ္ဘာလောကရဲ့ ပင်လယ် သမုဒ္ဒရာထဲက သတ္တဝါတွေရဲ့ တည်နေအသက်ရှင်ကြပုံဟာလည်း အံ့ဩဖို့ကောင်းတယ်။ ပင်လယ်အောက် ဆူပွက်ပူလောင်နေတဲ့ ရေထဲမှာ သက်ရှိအချို့ သွားလာလှုပ်ရှားရင်း အသက်ရှင်နေတာကို သိပ္ပံပညာရှင်တွေ စူးစမ်းဖော်ထုတ်ရိုက်ကူးပြလို့ မြင်တွေ့ရတယ်။ ဒီလောက်ပူလောင်နေတဲ့ ရေထဲမှာ ဘယ်လိုများ ဒီသတ္တဝါတွေ အသက်ရှင်နေပါလိမ့်လို့ အံ့ဩစွာနဲ့ တွေးကြည့်မိပါတယ်။ ပင်လယ် သမုဒ္ဒရာကြီးထဲမှာ သူ့ရေလွှာနဲ့သူ အသက်ရှည်တည်နေကြတဲ့ သတ္တဝါတွေရဲ့ ဘဝမျိုးစုံဟာ စိတ်ဝင်စားဖွယ် ကောင်းပါပေရဲ့။ ဒီလောက် မွမ်းကြပ်နေတဲ့ ရေထဲမှာ ပျော်နိုင်စရာ မရှိဘူးလို့ လူတွေ တွေးထင်ပေမယ့် အဲဒီသမုဒ္ဒရာထဲက သတ္တဝါတွေကတော့ ပျော်ချင် ပျော်နေဦးမယ်။

ပင်လယ်သမုဒ္ဒရာကြီးထဲမှာ နေရေးအတွက် ဝတ်ရေးအတွက် မကြောင့်ကြရပေမယ့် စားရေးအတွက်တော့ ကြောင့်ကြရတာရှိချင် ရှိမယ်။ ဝေလငါးကြီးတွေဆို ခန္ဓာကိုယ်က အကြီးကြီးတွေ၊ ဝေလ ငါးပြာ **Blue Whale** မျိုးဆိုရင် အလျားပေ ၁၀၀ လောက်ရှိတယ်။ ကိုယ်အလေးချိန်က တန်ချိန် ၁၂၀ လောက်လေးတယ်တဲ့၊ ကုန်းပေါ် က ဆင်ကြီးတွေထက်လည်း ကြီးတယ်။ ဒိုင်နိုဆောကြီးတွေ ထက်လည်း ကြီးတယ်။ ဒီလို ကြီးမားရှည်လျားတဲ့ ခန္ဓာကိုယ် အတ္တဘောကြီးအတွက် တော်ရုံတန်ရုံ အစာလောက်နဲ့ ဝနိုင်ဖွယ် မရှိဘူး။ ဝေလငါးပြာတစ်ကောင်ဟာ *'ခရုတ်စတေးရှား'* ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်တွေကို တန်ချိန် ၃တန်လောက် စားတယ်တဲ့။ ဒီလောက် စားရင်း၊ ဒီလောက်ကြီးတဲ့ ခန္ဓာကိုယ်ကြီးကို သယ်ရင်းနဲ့ သမုဒ္ဒရာကြီး ထဲမှာပဲ နေနေရတဲ့အဖြစ်ကို လူ့ အမြင်ဘက်ကတော့. . . ပျော်စရာ ကောင်းမယ်လို့ထင်မှာ မဟုတ်ဘူး။ ပိုဆိုးတာက ဝေလ ငါးပြာဟာ ခန္ဓာကိုယ်ကြီး ကြီးတဲ့အတွက် တခြား ရေသတ္တဝါတွေကို အနိုင်ရမှာပဲလို့ ထင်စရာရှိတယ်။ တကယ်ကျတော့ ဒီလိုမဟုတ်ဘူး။

ပြောခဲ့တဲ့ 'ခရုတ်စတေးရှား'ကောင်တွေကို ဝေလငါးပြာကသာ စားတာ မဟုတ်ဘူး။ *ဂဏန်းစားရေဖျံ* ***Carb eater Seal*** ငှက်တွေ *အယ်ဒယ်လီလို့ခေါ်တဲ့ ပင်းဂွင်းငှက်တွေ၊ တင်းမွန်နဲ့* တခြားငါးတွေ ကလည်း စားတာပဲ။ မကြာပါဘူး။ အဲဒီကင်းမွန်နဲ့ ငါးတွေကို သူတို့ထက်ကြီးတဲ့ *အင်ပါရာပင်းဂွင်း* ***Emperor Penguin*** ငှက်ကြီး တွေ၊ *ဝယ်ဒယ်ဖျံ* ***weddell Seal*** *ရော့စ်ဖျံ* ***Ross Seal*** တွေက စားကြပြန်ရော။ သူတို့လည်း အေးအေးဆေးဆေး အသက်မရှင် ရပါဘူး။ *သားကြီးစား ဝေလငါး* ***Killer Whale*** အုပ်စုကြီး ရောက်လာတဲ့အခါမှာ သူတို့တွေ အစားခံရပြန်တယ်။ စောစောက *ဝေလငါးပြာ* လည်းပဲ သားကြီးစား ဝေလငါးအုပ်စုရဲ့ အစားအမျိုး မရှုမလှ ခံရပြန်တယ်။

သူ တစ်ပြန် ငါ တစ်ပြန် သတ်ဖြတ်စားသောက်နေတဲ့ ပင်လယ် သမုဒ္ဒရာကြီးထဲက သတ္တဝါတွေမှ တဖန် ကောင်းမြတ်တဲ့ဘဝမျိုးကို ရောက်ဖို့ 'လူ့'ဘဝ အဖြစ် ရောက်လာဖို့ဆိုတာ လွယ်မယ် မထင် ပါဘူး။

လိပ်ကန်းကြီး ထမ်းပိုးစွပ်. . . ဖို့ ဖြစ်တန်ရာခြေ ရှိချင်ရှိမယ် စောစောက သတ္တဝါတွေထဲက တစ်ကောင်ကောင်ဟာ လူအဖြစ် ရောက်လာဖို့ဆိုတာ ဖြစ်တန်ရာခြေ နည်းပါဘိခြင်း. . .။





*လူအဖြစ် လူ့ဘဝကို ရလာတယ်၊ ရောက်လာတယ်ပဲ ထားပါဦး၊ အဲဒီလူဟာ အယူလွဲ၊ အမှတ်လွဲဖြစ်နေတဲ့လူ ဖြစ်နေရင်. . .*

*အဲဒီလူဟာ ကံနဲ့ကံရဲ့ အကျိုးဆက်ကို မယုံကြည်တဲ့သူ ဖြစ်နေရင်. . . ရုပ်သည်သာ အမှန်အရှိတရား၊ ကျန်တာတွေ မရှိတရား၊ မဟုတ်တရားတွေ. . . လို့ ယုံနေတဲ့ ရုပ်ဝါဒီဖြစ်နေ ရင်. . . မှန်တယ် မှားတယ်လို့ မဆုံးဖြတ်နိုင်တဲ့ သံသယဝါဒီ ဖြစ်နေရင်၊ သေတော့လည်း အားလုံးပြီးဆုံးပြတ်စဲသွားတာပါပဲလို့ ယုံကြည်နေသူဖြစ်နေရင်. . .*

*လူဟာ ဘဝအကြောင်း နားလည်ဖို့မဟုတ်၊ ဘဝရဲ့ သုခဒုက္ခကို ခံစာတွေ့ကြုံဖို့ ဖြစ်လာတာလို့ ခံယူသူဖြစ်နေရင် လူဖြစ်ရကျိုး နပ်ပါ့မလား. . .*


လူတွေရဲ့ ဘဝခရီးစဉ်မှာ အဖြစ်အပျက် သုံးခုပဲရှိတယ်။ ဘာတွေလဲဆိုတော့ *မွေးဖွားခြင်း၊ အသက်ရှင်နေခြင်းနဲ့ သေခြင်းတို့* ပဲတဲ့၊ ကိုယ်မွေးဖွားခဲ့ခြင်းကို ပြန်ပြီး အာရုံမခံစားနိုင်ဘူး။ မသိနိုင် တော့ဘူး။ သေခြင်းနဲ့ ကြုံတဲ့အခါမှာ ဆင်းရဲဒုက္ခတွေရောက်တယ်။ အသက်ရှင်နေခိုက် နေဖို့ကိုတော့ မေ့လျော့သွားခဲ့ကြတယ်တဲ့။ ဒါဖြင့် လူအဖြစ်နဲ့ ဘယ်လို အသက်ရှင်နေမှ ကောင်းတဲ့ အသက်ရှင်နေ ခြင်းလဲ။ အတွေးတွေက ပင်လယ်ပြင်ကျယ် ဖြစ်နေပြန်တယ်။

● အင်တာဗျူးဂျာနယ် နံပါတ်–၁၄၄ (၁၈.၉.၂၀၀၂)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သစ်တုံးတရား

(၁)

အခါတစ်ပါးမှာ ဂေါတမမြတ်စွာဘုရားဟာ ကောသမ္ဗီပြည်၊ ဂင်္ဂါမြစ်နားမှာ သီတင်းသုံးနေခိုက် ဂင်္ဂါမြစ် ရေအယဉ်နဲ့ သစ်တုံးကြီး တစ်တုံး မျောပါလာတာကို ဂေါတမမြတ်စွာဘုရားက မြင်တော်မူပြီး . . . *'ရဟန်းတို့ မျောလာတဲ့ သစ်တုံးကြီးကို သင်တို့ မြင်တယ် မဟုတ်လား'* လို့ မေးတော့ မြင်ပါကြောင်း ရဟန်းတွေက ဖြေကြတယ်။ ဒီအခါမှာ ဂေါတမမြတ်စွာဘုရားက. . .

*"ရဟန်းတို့ အကယ်၍ သစ်တုံးကြီး ဒီဘက်ကမ်းကိုလည်း မကပ်ဘူး၊ ဟိုဘက်ကမ်းကိုလည်း မကပ်ဘူး၊ မြစ်အလယ်မှာလည်း နစ်မြုပ်မသွားဘူး၊ သောင်ပေါ်ကိုလည်း မတင်ဘူး၊ လူကလည်း ဆယ်မယူဘူး၊ နတ်ကလည်း ဆယ်မယူဘူး၊ ဝဲလည်း စုပ်ယူမသွားဘူး၊ အတွင်းကလည်း မဆွေးမပုပ်ဘူးဆိုလျှင်. . . ပင်လယ်သမုဒ္ဒရာထဲကို ရောက်သွားမယ် ဘာကြောင့်လဲဆိုရင်. . . ဂင်္ဂါမြစ်က သမုဒ္ဒရာထဲ [illegible]ဆင်းညွှတ်ကိုင်း သက်ရှိုင်းနေတဲ့အတွက်ကြောင့်ဖြစ်တယ်"*



www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့. . . ဒီ သစ်တုံးကြီး ဥပမာအတိုင်း သင်တို့ဟာလည်း ဒီဘက်ကမ်းလည်းမကပ်၊ ဟိုဘက်ကမ်းလည်းမကပ်၊ အလယ်မှာလည်း မနစ်မမြုပ်၊ သောင်ပေါ်လည်းမတင်၊ လူလည်း အဆယ်ယူမခံရ၊ နတ်လည်း အဆယ်ယူမခံရ၊ ဝဲလည်း အစုပ်မခံရ၊ အတွင်းမှာလည်း မဆွေးမပုပ်ဘူးဆိုရင်ဖြင့် သင်တို့ဟာ နိဗ္ဗာန်သို့ ညွတ်ကိုင်းသက်ရှိုင်း ရောက်ရှိသွားမယ်။ ဘာကြောင့်လဲဆိုရင်. . . သမ္မာဒိဋ္ဌိဆိုတဲ့ မှန်တဲ့ မြင်သိမှုဟာ နိဗ္ဗာန်သို့ ညွတ်ကိုင်းနေတဲ့ ရောက်စေတဲ့ တရားဖြစ်ခြင်းကြောင့်ပဲ' လို့ ဂေါတမ ဗုဒ္ဓက အမိန့်ရှိတဲ့အခါမှာ ရဟန်းတွေက ပြန်ပြီး မေးလျှောက်ကြတယ်။

"အရှင်ဘုရား. . . ဒီဘက်ကမ်းဆိုတာ ဘာကို ဆိုလိုပါသလဲ၊ ဟိုဘက်ကမ်း ဆိုတာကကော ဘာကိုဆိုလိုပါသလဲ၊ အလယ်မှာ နစ်မြုပ်တာ. . . သောင်ပေါ် တင်နေတာ. . . လူဆယ်ယူတာ၊ နတ်ဆယ်ယူတာ၊ ဝဲစုပ်ယူတာ. . . အတွင်းမှာ ပုပ်ဆွေးခြင်းဆိုတာ ဘာကိုဆိုလိုပါသလဲ ဘုရား" လို့ မေးလျှောက်ကြတယ်။

"လူမှာရှိတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတာတွေကို ဒီဘက်ကမ်းလို့ ဆိုလိုတယ်။ အဲဒီမျက်စိ အစရှိတာတွေကို နှစ်သက်စွဲလမ်းနေရင်. . . ဒါ ဒီဘက်ကမ်းကို ကပ်တာ၊ အဲဒီမျက်စိစတဲ့ ဒီဘက်ကမ်းကို ထိလာတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးတွေက ဟိုဘက်ကမ်း။ ဟိုဘက်ကမ်းကို ကပ်တယ်ဆိုတာ. . . အဲဒီ အဆင်းအသံ အစရှိတာတွေကို တပ်မက် ကပ်ငြိသာယာနေရင်. . . ဒါ ဟိုဘက်ကမ်းကို ကပ်တာ. . .

အလယ်မှာ မြုပ်တယ်ဆိုတာက တဏှာ အနှောင်အဖွဲ့တွေထဲ နစ်မြုပ်နေတာကို ဆိုလိုတာ၊ ချစ်သူခင်သူတွေကို တပ်မက် ချစ်ခင်တဲ့





တဏှာ၊ ရာထူးဂုဏ်၊ စည်းစိမ်ဥစ္စာ၊ သားမယား စသည်တွေကို တွယ်တာတပ်မက်နေတဲ့ တဏှာဟာ လူပုဂ္ဂိုလ်ကို အဲဒီ တပ်မက်ရာဝတ္ထု၊ အာရုံတွေထဲမှာ ခေါင်းမဖော်နိုင်အောင် နှစ်မြုပ် ပေးနေတယ်။ ရေအောက်မှာ မြုပ်သွားတဲ့ သစ်တုံးကြီးကို ရွှံ့တွေ၊ သဲတွေ အထပ်ထပ်ဖုံးတဲ့အခါ ရေပေါ် ပြန်မပေါ်နိုင်လောက်အောင် ဖြစ်သွားသလို တဏှာကလည်း လူကို တပ်မက်မှု အနှောင်အဖွဲ့တွေထဲက ပြန်မတက်နိုင်အောင် နှစ်မြုပ်ထားတာ. . . သောင်တင်တယ် ဆိုတာက ထောင်လွှားမှု မာနကို ဆိုလိုတာ၊ မာနမြင့်တက်နေတာကိုပဲ သောင်တင်တယ်လို့ ဆိုလိုတယ်။ မာနဖြစ်နေရင်. . . လူဟာ ငါသိ ငါတတ် ဆိုတာမျိုးတွေလည်းဖြစ်တယ်။ ဒီလိုမာနတက်နေတော့ နောက်ထပ်အသိတိုးဖို့၊ အမြင်သစ်တွေဖို့ မဖြစ်နိုင်တော့ဘူး၊ မာနခံနေသမျှတော့ ရှေ့ဆက်ပြီးတိုးတက်သွားစရာရှိမှာ မဟုတ်တော့ဘူး။

လူဆယ်ယူတယ် ဆိုတာကတော့ လူတွေနဲ့ ဆက်ဆံရောနှောပြီး နေရတာနှစ်သက်နေခြင်းမျိုးကိုပဲ ဆိုလိုတယ်။ လူတွေနဲ့ ဆက်ဆံရောနှောနေတာဟာ ဒီလိုနေရတာကို နှစ်သက်လို့ပဲ။ ဆက်ဆံရောနှောနေသမျှ လူမှုကိစ္စတွေ ရှုပ်ထွေးပြီး လူဆိုရင်လည်း ကောင်းရာကောင်းကြောင်းကို အသေအချာ မလုပ်နိုင်ဘူး၊ မလုပ်အားဘူး။ ရဟန်းဆိုရင်လည်း လူမှုကိစ္စတွေနဲ့ ရှုပ်ထွေး ငြိတွယ်နေရင် တရားဓမ္မအလုပ်ကို လွတ်လွတ်ကျွတ်ကျွတ် မလုပ်နိုင်တော့ဘူး။ နတ်ဆယ်ယူတယ် ဆိုတာက လူ့ဘဝထက်သာတယ်လို့ထင်တဲ့ နတ်ဘဝ၊ နတ်အဖြစ်မျိုးကို တောင့်တပြီး၊ အဲဒီဘဝမျိုးကိုရဖို့ လုပ်ဆောင်မှုမျိုးမှာ နှစ်သက်ငြိတွယ် နေတာမျိုးကို ဆိုလိုတာ။

ဝဲစုပ်ယူတယ် ဆိုတာက ကာမဂုဏ် ၅ ပါးရဲ့ ဆွဲဆောင်ယူငင်

www.burmeseclassic.com



ရာကို လူသတ္တဝါက လိုက်ပါနေရတာကို ဆိုလိုတာ၊ ဒီ ကာမဂုဏ်ထဲမှာပဲ တဝဲဝဲလည်နဲ့ မထွက်နိုင်တော့တာ. . .

အတွင်းက ဆွေးနေတယ်၊ ပုပ်တယ်ဆိုတာကတော့ အကျင့်သီလမရှိတာ၊ အကျင့်ပျက်တာကို ဆိုလိုတာ. . . သစ်တုံးကြီးဆွေးပုပ်သွားရင်၊ ပျက်စီးကြေမွသွားရင် သစ်တုံးဘဝပျောက်ပြီး ပင်လယ်သမုဒ္ဒရာဆီ ဆက်ပြီးပါသွားစရာ ဘယ်ရှိတော့မှာလဲ။ ဒီလိုပါပဲ အကျင့်ပျက်ရင် သီလမရှိရင် ကောင်းမြတ်တဲ့ဘဝမျိုးကို ရဖို့၊ ရောက်ဖို့မဖြစ်နိုင်တော့ဘူး၊ နိဗ္ဗာန်ဆိုတဲ့ ပင်လယ်သမုဒ္ဒရာကြီးဆီ ရောက်ဖို့ မဖြစ်နိုင်တော့ဘူး. . .

ဂေါတမမြတ်စွာဘုရားနဲ့ ရဟန်းတော် အရှင်သူမြတ်တို့ကတော့ ဒီဘက်ကမ်း ဟိုဘက်ကမ်း. . . ဘယ်ကမ်းကိုမှ မကပ်မငြိ၊ အလယ်မှာလည်း မနစ်ကြ မမြုပ်ကြ၊ ဘယ်သောင်ပေါ်ကိုမှလည်း မတင်ခဲ့ကြ၊ ဘယ်လူ ဘယ်နတ်ရဲ့ အဆယ်အယူကိုလည်း မခံခဲ့ကြ၊ ဝဲစုပ်ခံရခြင်းလည်း မရှိ၊ ယိုင်နဲ့ ဆွေးမြေ့ခြင်းဆိုတာလည်း သူတို့မှာ မရှိကြ၊ နိဗ္ဗာန်ပင်လယ် သမုဒ္ဒရာကြီးဆီကို ကောင်းစွာ ရောက်သွားခဲ့ကြတယ်။

(၂)


အထက်ပါ ပင်လယ်သမုဒ္ဒရာကြီးဆီကို ကောင်းစွာ ထွက်သွားနိုင်တဲ့လမ်းကို ဖော်ပြတဲ့ တရားခမ္မကိုနာပြီး ပြန်လာတဲ့ မိတ်ဆွေက. . . 'ရှက်ရှက်နဲ့ ဝန်ခံရရင်. . . အဲဒီ ပင်လယ်သွား တရားကို ကြားနာပြီးတဲ့အခါမှာ တစ်ယောက်ထည်းထည်းနဲ့ နိဗ္ဗာန်ပင်လယ်ကြီးဆီ ထွက်ခွာသွားရမှာကို အားငယ်သလိုပဲ ခံစားရတယ်'လို့ ပြောတဲ့ စကားသံကို ကြားယောင်မိပါတယ်။

● ဆင်တောမျှော်ကျော့နယ်၊ နံပါတ်–၁၄၁ (၂၈-၉-၂၀၀၂)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အံ့ဖွယ်ပင်လယ်ပြာ

လွှန်ခဲ့တဲ့ ရက်တွေကတော့ လှိုင်းလေထန်နေတဲ့ ပင်လယ်ကြီးကိုကြည့်ပြီး မနှစ်သက်တဲ့ စိတ်တွေဖြစ်ခဲ့တယ်။ ဒီရက်တွေမှာတော့ ပင်လယ်ကြီးက အိန္ဒြေရနေသလိုပဲ။ ကမ်းမမြင် လမ်းမမြင်ရတဲ့ ကြီးကျယ်ခန့်ညားတဲ့ ပင်လယ်ကြီးကိုကြည့်ပြီး နှစ်သက်သဘောကျနေပြန်ပါတယ်။

ပင်လယ်သမုဒ္ဒရာကြီးရဲ့ကမ်းဟာ ပင်လယ်သမုဒ္ဒရာအတွင်းကို အစဉ်အတိုင်း နိမ့်ရှိုင်းသွားတဲ့ သဘောရှိတယ်။ ပင်လယ်သမုဒ္ဒရာကြီးဟာ နက်ရှိုင်း၊ နက်ရှိုင်းသွားတဲ့ သဘောရှိတယ်။ အဲဒီလိုပဲတဲ့ ဂေါတမဗုဒ္ဓရဲ့ သာသနာကြီးမှာ နိဗ္ဗာန်ဆိုတာကို ထိုးထွင်းသိမြင်ဖို့အတွက် လုပ်ဆောင်ရမယ့် သိက္ခာစဉ်၊ လုပ်ငန်းစဉ်၊ ကျင့်စဉ်တွေရှိတယ်။ ပင်လယ်ဟာ အစဉ်အတိုင်း နက်ရှိုင်းသွားသလို လုပ်ဆောင်ရတာတွေဟာလည်း ဗုဒ္ဓရဲ့ သာသနာမှာ နက်ရှိုင်း နက်ရှိုင်းသွားတယ်။

ပင်လယ်သမုဒ္ဒရာကြီးမှာ ဘယ်လောက်များပြားကြီးကျယ်တဲ့ [illegible]တွေရှိပေမယ့် ပင်လယ်သမုဒ္ဒရာကြီးရဲ့ ရေတွေဟာ ကမ်းကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မလွန်ဘူး၊ ဒီနည်းတူပဲ။ ဗုဒ္ဓရဲ့ ရဟန်းတော်တွေဟာ ဗုဒ္ဓကပညတ်ထားတဲ့ သိက္ခာပုဒ်တွေကို မကျူးလွန်ကြဘူး၊ ရဟန်းတော်တွေဟာ အသက်နဲ့လဲပြီး သိက္ခာပုဒ်တွေကို စောင့်သိကြတယ်။

မဟာသမုဒ္ဒရာ ပင်လယ်ကြီးဟာ အသေကောင်ပုပ်တွေနဲ့ ဆက်ဆံ ရောထွေးမနေဘူးတဲ့။ အသေကောင်ပုပ်တွေကို ကမ်းပေါ် ရောက်သွားအောင် လှိုင်းတွေက ပစ်တင်လိုက်ကြတယ်။ ဒီနည်းတူ ဗုဒ္ဓရဲ့ သာသနာတော်ကြီးက မစင်ကြယ်တဲ့ ယုတ်ညံ့တဲ့ အကျင့်ရှိသူ ရဟန်းတု၊ ရဟန်းယောင်တွေနဲ့ မဆက်ဆံဘူးတဲ့။ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို (ပင်လယ်လှိုင်းတွေဟာ အကောင်ပုပ်တွေကို ပင်လယ်သမုဒ္ဒရာကြီးထဲကနေ ဖယ်ရှားလွှင့်ခတ်ပစ်လိုက်သလို) သံဃာ့အစည်းအဝေးထဲကနေပြီး လျှင်မြန်စွာပဲ ဖယ်ထုတ်ပစ်တတ်တဲ့ သဘောရှိတယ်။

ဂေါတမမြတ်စွာဘုရား လက်ထက်က တစ်ညမှာ သံဃာ့အစည်းအဝေးထဲမှာ ရဟန်းတုတစ်ပါး ပါဝင်နေတယ်။ ဒီအတွက် ဂေါတမဗုဒ္ဓက ရဟန်းတော်တွေကို ဟောပြောညွှန်ပြချိန်တန်နေပေမယ့် မဟောပြော မညွှန်ပြဘဲ ဆိတ်ဆိတ်နေတော်မူပါတယ်။ အာနန္ဒာမထေရ်က ဂေါတမဗုဒ္ဓကို "ရဟန်းတို့အား ပါတိမောက်ကို" ဟောပြောညွှန်ပြရန် အချိန်ကျပြီဖြစ်ပါကြောင်း လျှောက်ထားပေမယ့် ဂေါတမ မြတ်စွာဘုရားက ပရိသတ် မစင်ကြယ်ဘူးလို့ အမိန့်ရှိပါတယ်။ ဆိတ်ဆိတ်ပဲ ဆက်ပြီးနေတော်မူပါတယ်။ ဒီအခါမှာမှ ရှင်မဟာမောဂ္ဂလာန်မထေရ်က အဘိညာဉ်နဲ့ ပရိသတ်ကို ကြည့်ရှုတဲ့ အခါမှာ သံဃာ့ အစည်းအဝေးထဲမှာ ရဟန်းတုတစ်ပါး ပါနေတာကို သိရတယ်။ ရှင်မဟာမောဂ္ဂလာန်က အဲဒီရဟန်းကို လက်မောင်းက ကိုင်ပြီး သံဃာ့အစည်းအဝေးထဲကနေ ထုတ်ဆောင်ခဲ့ရဖူးပါတယ်။





ပင်လယ်သမုဒ္ဒရာကြီးထဲကို ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ အစိရဝတီမြစ်၊ သရဘူမြစ်၊ မဟီမြစ်၊ . . . ဒီမြစ်ကြီးတွေ စီးဝင်ကြတယ်။ စီးဝင်ပြီးလို့ ပင်လယ်သမုဒ္ဒရာကြီးထဲရောက်ရင် အဲဒီမြစ်တွေရဲ့ အမည်တွေ ပျောက်ကွယ်ကုန်တယ်။ ပင်လယ်သမုဒ္ဒရာကြီးရဲ့ ရေတွေနဲ့ တစ်သားတည်း ရောထွေးသွားတယ်။

အဲဒီလိုပဲတဲ့ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုးစတဲ့ ဘယ်အမျိုးအနွယ်က သူပဲဖြစ်ဖြစ်၊ ဗုဒ္ဓရဲ့ သာသနာတော်ကို ဝင်ရောက်လာပြီဆိုရင် သက်ဆိုင်ရာ ဗုဒ္ဓသာသနာရဲ့ ဝိနည်းသိက္ခာတွေကို ကျင့်ဆောင်သူအဖြစ် ရောက်ရှိလာပြီဆိုရင် လူအတန်းအစား ဇာတ်အနိမ့်အမြင့်၊ ဂုဏ်အနိမ့်အမြင့်၊ ဆင်းရဲချမ်းသာ ဆိုတာတွေ ကွဲပြားခြင်းမရှိတော့ဘူး၊ ခွဲခြားခြင်းမရှိတော့ဘူး။ လူအားလုံးဟာ ဗုဒ္ဓရဲ့ သာသနာ့ဘောင်ကို ဝင်ရောက်ပြီးပြီဆိုရင် အားလုံးတူတူညီညီ ဖြစ်သွားတယ်။

ပင်လယ်သမုဒ္ဒရာကြီးဟာ ဘယ်လောက် မိုးတွေရွာရွာ၊ မြစ်ကြီးမြစ်ငယ်တွေ ဘယ်လောက်ပဲ စီးဝင် စီးဝင် ပြည့်တယ် လျှံတယ် ရယ်လို့ မရှိဘူး၊ ဒီနည်းတူပဲ။ အရဟတ္တမဂ်ကို ရရှိပြီးသူတွေ ဘယ်လောက်ပဲ ပရိနိဗ္ဗာန်ပြုသွား-ပြုသွား ဗုဒ္ဓသာသနာရဲ့ နိဗ္ဗာန်ဆိုတာမှာ ပြည့်သွားတယ်၊ လျှံသွားတယ်ရယ်လို့ မရှိဘူး။

ပင်လယ်သမုဒ္ဒရာကြီးမှာ ငန်တဲ့အရသာဆိုတာပဲ ရှိတယ်။ ဒီနည်းတူပဲ၊ ဗုဒ္ဓသာသနာမှာ လွတ်မြောက်ခြင်းဆိုတဲ့ 'ဝိမုတ္တိအရသာ' တစ်မျိုးပဲရှိတယ်။

ပင်လယ်သမုဒ္ဒရာကြီးဟာ ပုလဲ၊ မြ၊ ကြောင်မျက်ရွဲ၊ ရွှေ၊ ငွေ၊ ပတ္တမြားအစရှိတဲ့ ရတနာတွေ အများအပြားရှိတယ်။ ဒီနည်းတူ ဗုဒ္ဓသာသနာမှာလည်း ရတနာတွေလို့ဆိုရတဲ့ သတိပဋ္ဌာန်လေးပါး၊



www.burmeseclassic.com

www.burmeseclassic.com




သမ္မပ္ပမာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး စတဲ့ ရတနာတွေအများအပြားရှိတယ်။ ပြီးတော့. . .

ပင်လယ်သမုဒ္ဒရာဟာ အင်မတန်ကြီးကျယ်တဲ့ သတ္တဝါတွေရဲ့ နေရာဖြစ်တယ်။ တိမိ တိမိင်္ဂလ အမည်ရတဲ့ အင်မတန်ကြီးတဲ့ ငါးသတ္တဝါတွေနဲ့ အခြားအခြား ကြီးကျယ်တဲ့ သတ္တဝါတွေနေတဲ့ နေရာဖြစ်တယ်။ ဒီနည်းတူပဲတဲ့။ ဗုဒ္ဓရဲ့ သာသနာဟာလည်း မြင့်မြတ်ကြီးကျယ်ကြပါပေတယ်လို့ မှတ်ယူရတဲ့ သောတပတ္တိမဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ဖို့ သကဒါဂါမိမဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ဖို့ အနာဂါမိမဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ဖို့၊ အရဟတ္တမဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ဖို့ အားထုတ်ဆဲ ပုဂ္ဂိုလ်တွေ၊ ရဟန္တာသူမြတ်တွေရဲ့ နေရာအရပ် ဖြစ်တယ်တဲ့။

ပင်လယ်ပြင်ကြီးကို ကြည့်ရင်း "ဝိမုတ္တိရသ"ရဲ့ နက်နဲ... ကိုလည်း တွေးဆမိပါတယ်။ ဗုဒ္ဓသာသနာကို ဝင်ရောက်လာပြီဆိုရ... လူမျိုးမရွေး၊ အသားရောင်မရွေး အားလုံးဟာ အတူတူပဲ ဖြစ်သွ... တယ်။ ပင်လယ်သမုဒ္ဒရာကြီးထဲ စီးဝင်သမျှ မြစ်ကြီး မြစ်ငယ်... ဟူသမျှရဲ့ အမည်နာမတွေဟာ ပင်လယ်သမုဒ္ဒရာကြီးထဲ ရောက်တဲ့... အခါ အားလုံးပျောက်ကွယ်သွားကြတယ် ဆိုတာကိုလည်း မြင်ယော... ကြည့်မိပါတယ်။ ပြီးတော့ ပုလဲ၊ မြ၊ ရွှေ၊ ပတ္တမြား အစရှိတဲ့ ရတန... တွေကို စွန့်ပစ်ပြီး သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ မဂ္ဂ... ရှစ်ပါး အစရှိတဲ့ ရတနာတွေကိုမှ ရွေးချယ်ယူကြတဲ့သူတွေ... အံ့သြစွာနဲ့ မြင်ယောင်ကြည့်မိနေပါတယ်။

■ မိုးဆမ်းပန်းကျာနယ်၊ နံပါတ်-၄၇ (၃.၇.၂၀၀၇)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကူးလျက်ပါ

ဘဝတွေ စဉ်ဆက်ဖြစ်ပျက်နေပုံကို ဖော်ပြတဲ့ ပဋိစ္စသမုပ္ပါဒ်အဖွင့်ကို အဌကထာဆရာ ရှင်မဟာဗုဒ္ဓဂေါသက ရေးတော့မယ်လို့ စိတ်ကူးကြည့်လိုက်တဲ့အခါမှာ. . . သူ့ကိုယ်သူ မဟာသမုဒ္ဒရာထဲ ရောက်နေတဲ့ ယုန်သူငယ်လေးလို ဆောက်တည်ရာမရ ဖြစ်နေတယ်လို့ ဖော်ပြတဲ့အကြောင်း ကြားရဖူး ဖတ်ရဖူးပါတယ်။ ဘဝတွေ စဉ်ဆက်ဖြစ်ပျက်နေပုံကို ပြောဖို့ရန် သိပ်ကို နက်နဲကျယ်ပြန့်လွန်းနေလို့ ဖြစ်ပါလိမ့်မယ်။

ဗုဒ္ဓစာပေတွေမှာ ဘဝဖြစ်စဉ်ကို ပင်လယ်ကြီးနဲ့ နှိုင်းတတ်သေးတယ်။ ရှည်လျားကျယ်ပြန့်လွန်းလို့ ဖြစ်မှာပဲ။ ပင်လယ်သမုဒ္ဒရာကြီးမှာ ဟိုဘက်ကမ်းဆိုတာရှိမယ်။ ဘဝဖြစ်စဉ်သံသရာပင်လယ်ကြီးမှာတော့ ဟိုဘက်ကမ်းဆိုတာကို ရှိတယ်လို့ပြောရမှာ ခက်တယ်၊ ကျယ်လွန်းနေလို့ပါ။ လူသတ္တဝါတွေရဲ့ သန္တာန်မှာရှိနေတဲ့. . . ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး. . . ရုပ်နာမ်တရားတွေရဲ့ မပြတ်ဖြစ်နေတဲ့ အစဉ်ကို သံသရာလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားတယ်။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ဟာ တစ်ခုခုသောဘဝကို အဝိဇ္ဇာ တဏှာ အကြောင်းရင်းခံပြီးတော့ ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြုခဲ့တယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ သေခါနီးကာလမှာ အဲဒီပြုခဲ့တဲ့ ကံကို စွဲလမ်းပြီးတော့. . . ဒါမှမဟုတ် အဲဒီ ကံရဲ့ အစွမ်းကြောင့် ထင်ပေါ်လာတဲ့ ဂတိနိမိတ်ကို စွဲလမ်းပြီးသေသွားတယ်။ ဒီလို ဘဝဟောင်းက သေပြီးသည်နှင့် တစ်ပြိုင်နက် အဲဒီကံရဲ့ အစွမ်းကြောင့် စွဲလမ်းခဲ့တဲ့ အာရုံကိုပဲ ဆက်လက်ပြီး အာရုံပြုရင်း စိတ်ထပ်ပြီးဖြစ်တယ်။ အဲဒီဖြစ်တဲ့စိတ်ကို ပဋိသန္ဓေစိတ်လို့ခေါ်တယ်။ ဒါကိုပဲ ဘဝအသစ်ဖြစ်တယ်လို့ ပြောဆိုရတာပဲ၊ ဒီနည်းအားဖြင့် ဘဝတိုင်း ဘဝတိုင်းဟာတစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာဖြစ်နေတယ်။ အဲဒီလို **ခန္ဓာ၊ အာယတန၊ ဓာတ်တရားတွေ မပြတ်မစဲဖြစ်နေတဲ့ အစဉ်ကို သံသရာလို့ ခေါ်တယ်။** ဒါကြောင့် ပုဂ္ဂိုလ် သတ္တဝါတစ်ဦး တစ်ဦးမှာ သံသရာတစ်ခုစီ တစ်ခုစီ ရှိနေတယ်။ ပုဂ္ဂိုလ် သတ္တဝါ တစ်ဦး တစ်ဦးရဲ့ **ရုပ်နာမ်ခန္ဓာအစဉ်ဟာ ဘယ်တုန်းက စဖြစ်တယ် ဆိုတာ အပိုင်းအခြားမရှိဘူး။** သံသရာရဲ့ ရှေ့အစွန်းသံသရာရဲ့ အစဟာ နှစ်ပေါင်းဘယ်လောက်ကဖြစ်ခဲ့တယ်။ အနှစ်ရာပေါင်း ဘယ်လောက်၊ အနှစ်ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်း၊ သန်းပေါင်း ဘယ်လောက်က. . . ကမ္ဘာရာပေါင်းဘယ်လောက်က၊ ကမ္ဘာထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်း၊ သန်းပေါင်း ဘယ်လောက်က ဖြစ်ခဲ့တယ်လို့ အဲဒီလို အပိုင်းအခြားမရှိ ဖြစ်နေတာတဲ့။

အဲဒီလို အပိုင်းအခြားမသိနိုင်၊ ရှေ့အပိုင်းအခြားမထင်၊ ရှေ့အပိုင်းအခြားမရှိလောက်အောင် ရှည်လျားပြီး နေတဲ့အတွက်ကြောင့်





သံသရာကြီးဟာ အလွန်ရှည်လျားတယ်။ အပိုင်းအခြားမရှိလောက်အောင် ရှည်လျားနေတယ်။ သံသရာကြီးရဲ့ ဟိုဘက် ဆိုတာကလည်း ဘယ်လောက်ဝေးနေဦးမယ် မသိနိုင်ဘူး။ ဒီလိုကျယ်ဝန်း ရှည်လျား ဝေးကွာလွန်းလို့လည်း သံသရာဆိုတာကို ပင်လယ်ကြီးနဲ့ နှိုင်းတာ ဖြစ်မယ်။ သံသရာဆိုတဲ့ ရုပ်နာမ်တွေ ကြောင်းကျိုးဆက်ပြီး ဖြစ်ပျက်ပုံ ကလည်း သိနားလည်ဖို့ နက်နဲခက်ခဲတယ်။ ပင်လယ်ကြီး နက်သလို ရုပ်နာမ်တွေ၊ သံသရာဆက်ဖြစ်ပျက်ပုံကို ဖော်ပြတဲ့. . . **ပဋိစ္စသမုပ္ပါဒ်** ဒေသနာကလည်း နက်နဲတယ်။ နားလည်ရခက်တယ်။

သံသရာဆိုတာရှိပြီး. . . ရှည်လျားကျယ်ပြန့်ပြီဆိုရင်တော့ ပြဿနာတွေလည်း ပေါများပြီပေါ့။ လူသတ္တဝါတွေဟာ ဘဝတစ်ခု စတော့လည်း ငိုငိုရှိုက်ရှိုက်နဲ့စတယ်။ ဘဝတစ်ခုဆုံးတော့လည်း ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်၊ လူ့ဘဝလူ့ဇာတ်လမ်းတွေက မသာယာ ဖွယ်နဲ့ စပြီး မနှစ်သက်ဖွယ်၊ ကြေကွဲဖွယ်တွေနဲ့ အဆုံးသတ်တဲ့ ဇာတ်လမ်းတွေဖြစ်နေတယ်။ ချစ်သောသူနဲ့ ကွေကွင်းရလို့ ငိုခဲ့ရတဲ့ မျက်ရည်တွေဟာ မဟာသမုဒ္ဒရာကြီး လေးစင်းကရေတွေထက် များတယ် ဆိုတဲ့ စကားဟာလည်း မလွန်ဘူးထင်ပါရဲ့။

မကြာခင်က ထုတ်ပြန်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး *WHO* ရဲ့ အစီရင်ခံစာမှာ. . . ကမ္ဘာမှာနှစ်စဉ် လူ ၁. ၆ သန်းလောက်ဟာ အသေဆိုးနဲ့ သေနေကြတယ်။ အဲဒီသေသူတွေထဲမှာ စစ်ပွဲတွေကြောင့် သေဆုံးရသူတွေက ၁၈. ၆ ရာနှုန်း၊ လူသတ်မှုတွေကြောင့် သေဆုံးရသူက ၃၁. ၃ ရာနှုန်းရှိပြီးတော့. . . ကိုယ့်ကိုကိုယ် သတ်သေသူက ၄၉. ၁ ရာနှုန်းရှိတယ်။ ကိုယ့်ကိုကိုယ် သတ်သေတဲ့ သူတွေရဲ့ သေနှုန်းကိုကြည့်ရင် တစ်နှစ်ကို ၇ သိန်း ၈ သောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော် သတ်သေနေတယ်ဆိုတာကို တွေ့ရတဲ့ အကြောင်း ဖော်ပြထားတယ်။ ဘဝတွေ စဉ်ဆက်ဖြစ်ပျက် နေတယ်ဆိုတဲ့ သံသရာအယူအဆကို လက်ခံရင်တော့ ဒီဘဝမှာ တစ်ခါသေရုံနဲ့တော့ ဘဝကိစ္စ၊ ဘဝပြဿနာတွေက ပြေလည်သွားမှာ မဟုတ်သေးဘူး။ ထပ်ထပ်ကြုံရစရာ ဘဝပြဿနာ အရှုပ်အထွေးတွေ၊ ပြင်းထန်လာမယ့် ဘဝလှိုင်းလေတွေ အများကြီးရှိနေမှာပဲ။


ဗုဒ္ဓဝါဒီသုတေသီတွေကတော့ ဘဝသံသရာဆိုတဲ့ အပြောကျယ်တဲ့ ပင်လယ်ကြီးကနေ လွတ်မြောက်နိုင်တဲ့နည်းကို ဂေါတမဗုဒ္ဓက သူတို့ကို ပေးခဲ့တယ်လို့ ပြောပြီး ဝမ်းသာနေကြပါတယ်။ အသက်ရှင်လိုတဲ့ ဆန္ဒတွေ၊ အတွယ်အတာ သံယောဇဉ်တွေ၊ မျှော်လင့်ချက်တွေ၊တောင့်တမှုတွေနဲ့ ရှုပ်ထွေးရင်း နှေးစဉ် သံသရာထဲမှာ ကူးခတ်နေတဲ့ ကျွန်တော်က အရိယာသူတော်စင်တွေ ကူးမြောက်သွားတဲ့ သံသရာ၏တစ်ဘက်ကမ်း. . . ဆိုတာကို လှမ်းမျှော်ကြည့်မိပါတယ်။ အခုတော့. . . ကမ်းမမြင် လမ်းမမြင်ပဲ. . .

● အင်တာရှူးဂျာနယ်၊ နံပါတ်—၁၄၈ (၁၆.၁၀.၂၀၀၂)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အကြီးကျယ်ဆုံးသောအရာ

(၁)

လောကကြီးမှာ ကြီးကျယ်တဲ့အရာ သုံးမျိုးရှိတယ်။ ဘာတွေလဲဆိုတော့ (၁) သမုဒ္ဒရာကြီးရယ်၊ (၂) ထုထည်ကြီးတဲ့ တောင်ကြီးရယ်၊ (၃) ပြီးတော့ စိတ်ကို စေစားအသုံးချနေတဲ့ လူပုဂ္ဂိုလ်တစ်ဦးရဲ့ လုပ်ဆောင်ချက်ရယ်ဟာ ကြီးကျယ်ကြတယ် တဲ့။

ပစိဖိတ်သမုဒ္ဒရာကြီးဆိုရင် ပြိုင်ဘက်မရှိ ကြီးကျယ်တယ်။ ၆,၂၉,၈၆,၀၀၀ စတုရန်းမိုင်ရှိတယ်။ အနက်အရှိုင်းကလည်း မာရီယားနားချောက် (Mariana Trench) နားမှာ ၃၆,၂၀၀ ပေအထိ နက်တယ်တဲ့ဗျ။ တောင်ကြီးတွေထဲမှာလည်း မော်နာလိုအာ Hawaiian Peak of Mauna Loa တောင်ကြီးဟာ အထုအထည်သိပ်ကြီးတာ၊ ဒီတောင်ကြီးကို အောက်ခြေကနေပြီး ပတ်မယ်ဆိုရင် မိုင် ၇၀ ကျော်လောက်သွားမှ ပတ်မိမယ်။ အဲဒီသမုဒ္ဒရာနဲ့ တောင်ကြီးတွေ ကြီးကျယ်သလို လူရဲ့စိတ် ဒါမှမဟုတ် အသိဉာဏ်ကို စေစားအသုံးချနေခြင်းဟာလည်း ကြီးကျယ်တယ်တဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကားလ်မာ့က်စ် Karl Marx ရဲ့ လုပ်ရပ်တွေကို ခင်ဗျားတို့ ပြန်မြင်ယောင်ကြည့်ပါလား။ လူ့အဖွဲ့အစည်းကြီးကို ပြုပြင်ဖို့ သူစိတ်ကူးနေတာ သူ့စိတ်ကို စေစားအသုံးချနေတာဟာ ဘာပဲပြောပြော ကြီးကျယ်တယ်လို့ ဆိုရမယ်။ လူသားထုကြီး တစ်ခုလုံးရဲ့ ဘဝအခြေအနေကို ပြုပြင်ဖို့ စိတ်ကူးဆိုတော့ ကြီးတယ်ပေါ့ဗျာ။ မာ့က်စ်ဟာ ၁၈၁၈ မှာ မွေးတယ်။ သူ့ရဲ့ ကွန်မြူနစ်ကြေငြာ စာတမ်းက ၁၈၄၈ မှာ ထွက်တယ်။ ဒါကိုကြည့်ရင် သူ့အသက် နှစ်ဆယ်ကျော် သုံးဆယ်ကတည်းက လူ့လောကကို ပြောင်းလဲဖို့ သူ့စိတ်ကို စေစားအသုံးချနေတာပဲဆိုတာ ခန့်မှန်းနိုင်တယ်။

မာ့က်စ်ဟာ ဗြိတိသျှ ပြတိုက်မှာရှိတဲ့ စာကြည့်တိုက်မှာ တကုတ်ကုတ်နဲ့ သူ့စိတ်၊ သူ့အသိဉာဏ်ကို စေစား အသုံးချနေတာကိုလဲ မြင်ယောင်ကြည့်လို့ရတယ်။ အဲဒီမှာ သူကသူ့ရဲ့ အရင်းကျမ်း The capital ကို ရေးနေတာ။ ၁၈၆၅ ခုနှစ်မှာ အဲဒီကျမ်း ပထမတွဲကို အကြမ်းရေးပြီးတယ်။ ၁၈၆၇မှာ ထုတ်ဝေနိုင်ခဲ့တယ်။ အင်္ဂလိပ်ဘာသာနဲ့ကတော့ ၁၈၈၇ ခုနှစ်မှာ ထုတ်နိုင်ခဲ့တယ်။ ကားလ်မာ့က်စ်ရဲ့ စိတ်ကူးစိတ်သန်းတွေကြောင့် လူ့လောကကြီးမှာ အပြောင်းအလဲတွေ အများကြီးဖြစ်ခဲ့တယ်။

မာ့က်စ်အလိုအရ ကုန်ထုတ် အရင်းအနှီးတွေကို ပိုင်ဆိုင်သူ လူတန်းစားနဲ့ အရင်းအနှီးမဲ့ လူတန်းစား ၂ ရပ်ရှိနေသမျှ လူတန်းစားတိုက်ပွဲတွေ ရှိနေမယ်။ လူမှုပဋိပက္ခတွေ ရှိနေမယ်။ လောကကြီး ငြိမ်းချမ်းမှာ မဟုတ်ဘူး။ ဒီတော့ ငြိမ်းချမ်းရေးရလိုရင် လူတန်းစားခြားနားမှုမရှိအောင် လုပ်ရမယ်။ ကုန်ထုတ် အရင်းအနှီးတွေကို လူအများက ပိုင်ဆိုင်အောင် လုပ်ရမယ်။ ဒီလိုလုပ်ရာမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့တော့ ရမှာ မဟုတ်ဖူး။ တော်လှန်ရေးတွေ လုပ်ပြီးမှ ရမှာ





ဖြစ်တယ်။ ဒါကြောင့် ကွန်မြူနစ် စနစ်တည်ဆောက်ရေးမှာ တော်လှန်ရေးဟာ မလွဲမရှောင်သာတဲ့ ကိစ္စဖြစ်တတ်လို့ မာ့က်စ်က သူ့ရဲ့ ကွန်မြူနစ်ကြေငြာ စာတမ်းမှာ ဖော်ပြထားတယ်။

သူ့ရဲ့ အရင်းကျမ်းမှာလဲ ကုန်ထုတ်အရင်းအနှီးတွေကို ပိုင်ဆိုင်တဲ့ အရင်းရှင်တွေနဲ့ အရင်းရှင်စနစ်ရဲ့ ဆိုးဝါးပုံတွေကို ဖော်ပြထားတယ်။ အရင်းရှင်စနစ်မှာ တစ်ဦးတည်း ပိုင်ဆိုင်မှုကို အားပေးတယ်။ ပြီးတော့ အပြိုင်အဆိုင် ကုန်ထုတ်လုပ်ဖို့အတွက် ကုန်ကြမ်းတွေ လိုတယ်။ ကုန်ချောကို ဖြန့်ဖြူးဖို့ ဈေးကွက်တွေ လိုတယ်။ ဒီအခါမှာ မလွဲမရှောင်သာ နယ်ချဲ့ဝါဒဘက်ကို ကူးပြောင်းလာရတယ်လို့ မာ့က်စ်က သုံးသပ်ပြတယ်။ ပြီးတော့ အရင်းရှင်စနစ်မှာ အရင်းအနှီးမဲ့သူ အလုပ်သမားတွေဟာ မိမိတို့ရဲ့ လုပ်အားကို ခေါင်းပုံဖြတ် ခံကြရတယ်။ အမြတ်အစွန်းဆိုတာ တကယ်တော့ အလုပ်လုပ်တဲ့သူ ရသင့်ရထိုက်တဲ့ လုပ်အားရဲ့ တန်ဖိုးထဲကနေပြီး အရင်းရှင်က ခေါင်းပုံဖြတ်ယူလိုက်တဲ့ အစွန်းထွက်တန်ဖိုးဖြစ်တယ်လို့လဲ မာ့က်စ်က ရှင်းပြထားတယ်။

မာ့က်စ်ကတော့ သူမျှော်မှန်းတဲ့ လူ့အဖွဲ့အစည်းမျိုးကို ရောက်လိမ့်မယ်လို့ ထင်ခဲ့မှာပေါ့။ သူ့ဝါဒကို သရုပ်ဖော်သူတွေရဲ့ ချို့ယွင်းချက်၊ သူ့ဝါဒသဘောတရားရဲ့ မှားယွင်းအားနည်းချက်တွေကြောင့် သူ့မျှော်လင့်ချက် မပြည့်ခဲ့ဘူးလို့ ဝေဖန်ရေးသမားတွေက သုံးသပ်ကြတယ်။ ဘာပဲဖြစ်ဖြစ် မာ့က်စ်ရဲ့ စိတ်ကူးစိတ်သန်းတွေဟာ လူ့သမိုင်းမှာ အပြောင်းအလဲတွေ ဖြစ်ခဲ့တာတော့ အမှန်ပဲ။

သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းရဲ့ စိတ်ကူးဉာဏ်ဟာလဲ လောကကြီးကို အကြီးအကျယ် ပြောင်းလဲစေခဲ့တယ်လို့ ဆိုနိုင်တယ်။ အိုင်းစတိုင်းဟာ သူ့ရဲ့ ထည်ထည်ဝါဝါ မရှိလှတဲ့ အခန်းငယ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ် သူ့ဉာဏ်ကို အံ့ဖွယ်ကောင်းအောင် စေစား အသုံးချခဲ့သူ ဖြစ်တယ်။ အိုင်းစတိုင်းကို အဲဒီအချိန်က မြင်တွေ့ဖူးသူတွေက အိုင်းစတိုင်းရဲ့အခန်းမှာ နယူတန်ရဲ့ပုံနဲ့ အစီအစဉ်မရှိ တင်ထားတဲ့ ဂျာနယ်စာအုပ်အချို့ကလွဲလို့ ထူးထူးခြားခြား မရှိကြောင်း၊ ထူးခြားတာကတော့ စာရွက်အချို့ ခဲတန်တစ်ချောင်းနဲ့ သူ့စိတ်ကို စေစား အသုံးချနေတဲ့ သူ့ရုပ်ပုံလွှာသာ ထူးခြားတဲ့ အချက်တွေ ဖြစ်တယ်လို့ ဆိုရမှာဖြစ်ကြောင်း ဖော်ပြခဲ့ကြတယ်။

တကယ်တော့ အိုင်းစတိုင်းရဲ့ ဒြပ်ထုမှ စွမ်းအင်သို့၊ စွမ်းအင်မှ ဒြပ်ထုသို့ ပြောင်းနိုင်သည် ဆိုတဲ့ ညီမျှခြင်း ($E = mc^2$) အပေါ်မှာ အခြေခံပြီး အနုမြူဗုံးတီထွင်လာနိုင်ခဲ့တာပဲ။ တကယ်လို့များ အာဏာရှင် ဟစ်တလာမှာ အဏုမြူဗုံး ပိုင်ဆိုင်သွားရင် လောက လူသားတွေအမြောက်အမြား ဒုက္ခရောက်တော့မှာကို အိုင်းစတိုင်းက စိုးရိမ်ကြောင့်ကြပုံရပါတယ်။ ဒါကြောင့် ၁၉၃၉ ခုမှာ အိုင်းစတိုင်းက အမေရိကန် သမ္မတရုဇဗဲ့ထံကို အနုမြူဗုံးရဲ့ ကြီးမားတဲ့ အဖျက် စွမ်းအင် အကြောင်းကို စာရေးပြောခဲ့တယ်။

အဲဒီ စာရေးပြီးနောက် ခြောက်နှစ်အကြာ ၁၉၄၅ ခု၊ ဩဂုတ်လ ၆ ရက်မှာ ဂျပန်ပြည် ဟီရိုရှီးမားမြို့ကို အမေရိကန်က အနုမြူဗုံး တစ်လုံးချလိုက်တယ်။ ဗုံးတစ်လုံးတည်းနဲ့ပဲ လူပေါင်း ခြောက်သောင်းလောက်သေတယ်။ လူတစ်သိန်းလောက် ဒဏ်ရာ တွေ ပြင်းထန်စွာရတယ်။ လူနှစ်သိန်းကျော်လောက် အိုးမဲ့အိမ်မဲ့တွေ ဖြစ်ကုန်တယ်။ တစ်ခြားအပျက်အစီးတွေလဲ အများကြီး ပြောစရာ တာပေါ့။ နောက်ရက်အနည်းငယ်အတွင်းမှာပဲ နာဂါဆကီမြို့ကို နောက်ထပ် ဗုံးတစ်လုံး ချပြန်တယ်။ ဒုတိယကမ္ဘာစစ်ကြီးလဲ ပြီးသွားတယ်။





လူသေစာရင်း Book of world-Records စာအုပ်အရဆိုရင် ဒုတိယကမ္ဘာစစ်အတွင်းမှာ အရပ်ဖက်ရော စစ်ဖက်ပါ သေကြေကြရသူ သန်း ၅၀ ကျော်တယ်။ ဒီစာရင်းကို ကြည့်ပြီး တစ်ချို့က သန်း ၅၀ ကျော် သေတာတော်သေးတယ်။ တကယ်လို့များ ဟစ်တလာလက် အနုမြူဗုံးရောက်ခဲ့ရင် ဒီထက် ၁၀ဆ မက သေကြမှာပဲလို့ ပြောခဲ့ကြတယ်။

ပြောခဲ့တဲ့ ကြီးကျယ်ခြင်း သုံးမျိုးမှာ တကယ်ကြီးကျယ်တာ ကတော့ စိတ်ကို စေစားအသုံးချနိုင်တဲ့ လူရဲ့ စွမ်းဆောင်ချက်ပဲ။ ခင်ဗျားတို့ ကြားဘူးမှာပါ။ ကျွန်တော်တို့ နေစကြာဝဠာက မားစ်ဂြိုဟ် (အင်္ဂါဂြိုဟ်)နဲ့ ဂျူပီတာဂြိုဟ် (ကြာသပတေးဂြိုဟ်)ရဲ့ ကြားဟာ သိပ်ကို ကျယ်ဝန်းနေတယ်ဆိုတာလေ။ မူလတုန်းက အဲဒီမားစ်နဲ့ ဂျူပီတာ ကြားမှာ ဂြိုဟ်တစ်လုံး ရှိခဲ့လိမ့်မယ်လို့ တွေးဆခဲ့ကြဘူးတယ်။ ကျယ်ဝန်းနေတဲ့ကြားမှာ ဂြိုဟ်သိမ်ဂြိုဟ်ငယ်တွေ အများကြီး တွေ့နေရတယ်။ ဒီဂြိုဟ်ငယ်တွေရဲ့ အရေအတွက်ဟာ ထောင်ချီပြီး ရှိနေတယ်တဲ့။ ဒီလိုဂြိုဟ်ငယ်တွေအဖြစ် ရှိနေတာဟာ ဘာကြောင့်လဲ ဆိုရင် အရင်တုန်းက ဂြိုဟ်ကြီးတစ်လုံး မားစ်နဲ့ ဂျူပီတာကြားမှာ ရှိခဲ့မယ်။ အဲဒီဂြိုဟ်ကြီး ကြေမွသွားခဲ့တယ်။ ဘာကြောင့် ကြေမွသွားတာလဲဆိုရင် တစ်ချိန်က အဲဒီဂြိုဟ်ပေါ်မှာ လူတွေရှိခဲ့တယ်။ သိပ္ပံပညာလဲ ထွန်းကားခဲ့တယ်။ လောဘ၊ ဒေါသ၊ အာယာတတွေနဲ့ လူတွေ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်ကြရင်း သူတို့ အသုံးပြုတဲ့ အနုမြူဗုံးတွေဒဏ်ကြောင့် သူတို့နေထိုင်ရာ ဂြိုဟ်ကြီးဟာ ကွဲကြေ သွားတယ်။ အဲဒီလို ကွဲကြေသွားလို့ အခုလို ဂြိုဟ်သိမ်ဂြိုဟ်ငယ်တွေ အဖြစ် တွေ့နေရတာဖြစ်တယ်လို့ တွေးဆခဲ့သူရှိတယ်။ ဟုတ်မဟုတ် တော့ မသိဘူးပေါ့ဗျာ။ လူသတ္တဝါဟာ စိတ်ကူးဉာဏ်ကို စေစားပြီး



www.burmeseclassic.com

အင်မတန် အင်အားပြင်းထန်တဲ့ ဗုံးတွေကို တီထွင်နိုင်စွမ်းတယ်။ အဲဒီဗုံးတွေအစွမ်းကြောင့် ကြီးကျယ်ပါပေတယ်ဆိုတဲ့ သမုဒ္ဒရာကြီးတွေလဲ ခမ်းခြောက်သွားနိုင်တယ်။ ကြီးကျယ်ပါတယ်ဆိုတဲ့ တောင်ကြီးတွေလဲ ကြေမွသွားနိုင်တယ်။ တကယ်တော့ လူ့အသိဉာဏ် စွမ်းပကား၊ လူ့ရဲ့ စိတ်စွမ်းပကားဟာ အကြီးကျယ်ဆုံးဖြစ်တယ်လို့ ပြောချင်တာပါ။

(၂)

အထက်ပါ အကြောင်းအရာတို့ကို ပြောပြသူ၏ အိမ်မှ ကျွန်တော်တို့ ထွက်ခွာလာရာ လမ်းတွင် ကျွန်တော့်ဘေးမှ လျှောက်လာသူ မိတ်ဆွေက. . .

"အခုလိုမျိုးဆိုရင် ဒီပုဂ္ဂိုလ်က ခုလို စကားပြောပြီးရင် ခင်ဗျားကကော စိတ်စွမ်းပကားကို ဘယ်လို အသုံးချစေစားမှာလဲ မေးမှာ။ အခုတစ်ခါတော့ ဘာမှမမေးဘူး။ သူမေးလာရင်လ ကျွန်တော့်ကတော့ စိတ်သစ်လူသစ်ဖြစ်အောင် ကမ္ဘာ့ဌာန်း ကျော ထဲမှာ ကျုပ်စိတ်ကို စေစားအသုံးချတော့မှာလို့ ဖြေဖို့ စိတ်ကူး နေတယ်"ဟု ဆိုပါသည်။ မိတ်ဆွေဖြစ်သူက ဘယ်လ ထပ်ဆင့်စိတ်ကူးတွေ ရနေသလဲမသိ။ ခပ်ပြုံးပြုံးမျက်နှာထားဖြ ကျွန်တော့်ဘေးမှာ တိတ်ဆိတ်စွာ လျှောက်လမ်းလျှက်ရှိပါသည်။

● ရှုမဝမဂ္ဂဇင်း အတွဲ(၁) အမှတ်(၃) (မေ...

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျောခိုင်းသူ

## (၁)

ခရီးသည်တစ်စုဟာ ညအချိန်မှာ ကြယ်ရောင်ကို အားကိုးပြီး ကန္တာရကို မြင်းတွေနဲ့ ဖြတ်ကျော်လာကြတယ်။ နေ့အချိန်မှာ ပူလောင်လွန်းတဲ့အတွက် ညချမ်းအချိန်ရောက်မှ အခုလို ခရီးဆက်ထွက်လာခဲ့ကြတာဖြစ်တယ်။

မကြာခင်မှာ အဲဒီ ခရီးသည်တွေဟာ ရေခန်းနေတဲ့ မြစ်ကြီးတစ်ခုအနားကို ရောက်လာကြတယ်။ ရေခန်းနေတဲ့မြစ်ဆိုတော့ ခရီးသည်တွေဟာ မြင်းတွေပေါ်က မဆင်းတော့ဘဲ မြစ်ကို ဖြတ်ကြတယ်။

ဒီလို ဖြတ်ကျော်နေတုန်းမှာ ညဥ့်ဟာ အမှောင်ကြီး မှောင်သွားတယ်။ စောစောက ကြယ်ရောင်တွေကိုလည်း မမြင်ရတော့ဘူး။ ဒါကြောင့် စမ်းတဝါးဝါးနဲ့ သတိကြီးစွာထားပြီး ခရီးသည်တွေဟာ မြစ်ကိုဖြတ်ကျော်နေကြတယ်။ အဲဒီလို ဖြတ်ကျော်နေတုန်းမှာ. . . ကင်မတန် ကြောက်မက်ဖွယ်ကောင်းတဲ့ အသံကြီးတစ်သံ ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အားလုံးရပ်! ဆိုတဲ့ အသံနက်ကြီးတဲ့ဗျ။ အားလုံး မြင်းတွေ ပေါ်ကဆင်း! ဆိုတဲ့ အသံ . . .

ခရီးသည်တွေဟာ ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်လှုပ်လှုပ်နဲ့ မြင်းတွေပေါ်ကနေပြီး စမ်းဝါးဆင်းကြတယ်။ ဒီလို မြင်းတွေပေါ်က ဆင်းလို့ အောက်မှာ ခြေလည်း ချမိရော. . . နောက်တစ်ခါ အသံကြီး ပေါ်လာပြန်တယ်။

သင်တို့အောက်က အရာတွေကိုကောက်. . . ဆိုတဲ့ အသံ၊

ဆက်တိုက်ပေါ်လာပြန်တာက "အိတ်တွေထဲကိုထည့်"၊ "မြင်းပေါ်တက်!" "အမြန်ဒုန်းစိုင်း! ဆိုတဲ့ အမိန့်ပေးသံတွေ. . . တဲ့ဗျ။

ခရီးသည်တွေဟာလည်း ကြောက်လန့်စွာနဲ့ ကုန်းပြီး ကောက်ယူထားတဲ့ ဘာမှန်းမသိတဲ့အရာတွေကို ထည့်မိထည့်ရာ အိတ်တွေထဲကို ထည့်၊ မြင်းတွေပေါ်ကို အမြန်တက်ပြီး ဒုန်းစိုင်း ကြတယ်။ မကြာခင်မှာပဲ မြစ်ကိုကျော်ပြီး တစ်ဘက်ကမ်းကို တက်ခဲ့ ကြတယ်။ ဒါပေမဲ့ အသံကြီးကို သိပ်ကို ကြောက်ရွံ့ခဲ့ကြတာဆိုတော့ မနားဘဲ ဆက်ပြီး ဒုန်းစိုင်းကြတယ်။

အရုဏ်တက်. . . နေလုံးကြီးထွက်လာလို့ အသေအချာ မိုးလင်းသွားတော့မှ မြင်းတွေကို ဒုန်းအစိုင်းရပ်ကြတယ်။ နားကြ တယ်။ ပြီးတော့. . . သူတို့ မကောက်ချင်ဘဲနဲ့ ကြောက်လို့ ကောက်ယူပြီး ထည့်မိထည့်ရာ ထည့်ယူလာခဲ့ကြတဲ့အရာတွေက ဘာတွေများလဲလို့ သိရအောင် ထုတ်ကြည့်ကြတယ်။

ခရီးသည်တွေဟာ သိပ်ကို အံ့သြနေကြတယ်။

သူတို့ ကောက်ယူလာတဲ့ အရာတွေက ဘာတွေလဲဆိုတော့ အင်မတန် အရည်အသွေးကောင်းတဲ့ စိန်တုံးတွေ ဖြစ်နေတာကို





တွေ့မြင်ကြရလို့တဲ့. . .။ ကာရက် carats ရာကျော်ရှိတဲ့ စိန်တွေ ဖြစ်မှာပေါ့။

ခင်ဗျား ဘယ်လိုထင်လဲ။ ဒီလောက်အရည်အသွေးကောင်းတဲ့ တန်ဖိုးတွေ အလွန်မြင့်တဲ့ စိန်တုံးတွေကို မြင်လိုက်ရလို့ သူတို့ သိပ်ကို ပျော်သွားလိမ့်မယ်၊ ဝမ်းသာကြည်နူး ဖြစ်လိမ့်မယ်လို့ ထင်သလား။

ဝေးပါသေးဗျာ. . .။ အဲဒီခရီးသည်တွေဟာ ဝမ်းမသာနိုင်ဘူး။ မပျော်နိုင်ဘူးတဲ့ဗျ။ ဘာပြုလို့လဲဆိုတော့ အသံနက်ကြီးက "အောက်ကအရာတွေကို ကောက်!"လို့ သူတို့ကို အမိန့်ပေးစဉ်က "တို့(ဒို့)တတွေ အများကြီးမကောက်ခဲ့မိတာ နာလိုက်တာ. . .၊ သိပ်ကို မှားခဲ့တာပဲ. . ."နဲ့ တဖွဖွ တဖျစ်တောက်တောက်နဲ့ စိန်တုံး တွေကို များများ မကောက်ခဲ့မိခြင်းကို နောင်တတွေကြီးစွာရပြီး ဝမ်းနည်းပက်လက်နဲ့ စိတ်မချမ်းမသာတွေ အကြီးအကျယ် ဖြစ်နေ ကြလို့တဲ့ဗျ။

ဖြစ်မှဖြစ်ရလေဗျာ။ အလိုလောဘဆိုတာ ဘယ်တော့မှ ကျေနပ်နိုင်တယ်ရယ် မရှိဘူး။ လောဘရဲ့ အလိုကို ဘယ်အခါမှ ဖြည့်နိုင်တယ်လို့ မရှိဘူး။ ဘယ်လောက်ပဲ မိုးတွေရွာချ၊ ရွာချ၊ ဘယ်လောက်များတဲ့ မြစ်တွေ၊ ချောင်းတွေ၊ စီးဝင်၊ စီးဝင်. . . မပြည့်နိုင်တဲ့ ပင်လယ်ကြီးလိုပါဗျာ. . .။

တကယ့် သူတော်စင်တွေ၊ ရဟန်းသူမြတ်တွေကတော့ အလို လောဘကို ပယ်သတ်ကြတယ်။ လူ အများလိုချင်နေကြတာတွေကို သူတို့ မလိုချင်ကြတော့ဘူး။ အလိုလောဘတွေနဲ့ လူအများ အမြတ် တနိုး စားသောက်သုံးဆောင်နေတာတွေကို သူတော်စင်တွေကတော့ ယည်ှအဟောက်တွေ မသတီစရာတွေလို့ မြင်ကြတယ်။ အဲဒီ မသတီစရာတွေကို သုံးဆောင်စားသောက်ကြသူတွေထဲမှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com





မပါဘူး။ လိုချင်တပ်မက်မှုတွေကို ကျော်ခိုင်းလိုက်ကြပြီ အလိုလောဘတွေ၊ တဏှာကိလေသာတွေနဲ့ ယောက်ယက်ခတ်နေတဲ့ လူ့လောကကြီးကို သူတို့ ကျောခိုင်းလိုက်ပြီ၊ ပြန်စောင်းတောင် လှည့်မကြည့်ကြတော့ဘူး။ လောကကို ကျောခိုင်းသွားတဲ့အဖြစ်ကို သဘောကျလွန်းလို့ ကျွန်တော်က ရဟန်းသူမြတ်ကို သရုပ်ဖော်တဲ့အခါမှာ အခုလို ကျောခိုင်းနေတဲ့ အသွင်သဏ္ဌာန်နဲ့ ရေးဆွဲဖြစ်နေတာ. . . ”ဟု ထိုမနေ့က. . . ဆရာပေါ်ဦးသက်က ပြောပြနေသည်။

(၂)


အထက်ပါ အကြောင်းအရာတို့ကို ရေးရန် တိုက်တွန်း၍ “လောကကို ကျောခိုင်းသူ” သရုပ်ဖော်ပုံကို ရေးဆွဲပေးခဲ့သော ဆရာပေါ်ဦးသက်အား. . . ဤရက်များအတွင်း ထူးထူးခြားခြား သတိရလျက်ရှိပါသည်။

● မုဒိတာမဂ္ဂဇင်း၊ အတွဲ(၁)အမှတ်(၅) (မေလ၊ ၂၀၀၆)



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## မလျှောက်ဘဲနှင့်ရောက်

(၁)

လွန်ခဲ့သောရက်က အောက်ပါအကြောင်းအရာကို ကျွန်တော်၏ မိတ်ဆွေက ပြောပြပါသည်။ သူပြောသည့် အကြောင်းအရာများကို ကြားဘူးသော်လည်း သူ၏ ပြောပြပုံကို နှစ်သက်သဘောကျသည့်အတွက် သူ၏ပြောပုံအတိုင်း ပြန်ပြောနိုင်ရန် အောက်တွင် ကြိုးစား၍ ရေးကြည့်ပါသည်။

(၂)

အခါတစ်ပါးမှာ ဂေါတမမြတ်စွာဘုရားကို ပုဂ္ဂိုလ်တစ်ဦးက မေးလျှောက်တယ်။ ဘယ်လိုမေးလျှောက်သလဲဆိုတော့. . . "ဒုက္ခခပ်သိမ်း ငြိမ်းတော်မူတဲ့ ရှင်တော်ဘုရားသည် ဘယ်ပုံဘယ်နည်းအားဖြင့် (ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ တည်းဟူသော) ဩဃလေးသွယ် ရေပင်လယ်ကြီးကို ကူးမြောက်တော်မူခဲ့ပါသလဲ"လို့ မေးလျှောက်တယ်။ ဒီအခါမှာ ဂေါတမမြတ်စွာဘုရားက



www.burmeseclassic.com

www.burmeseclassic.com



"ငါသည် ရပ်တည်လဲမနေဘဲ၊ သွားဖို့ရန်လည်း အားမထုတ်ဘဲ ဩဃလေးသွယ် ရေပင်လယ်သမုဒ္ဒရာကြီးကို ကူးမြောက်ခဲ့တယ်" လို့ ဖြေတယ်။

ဂေါတမမြတ်စွာဘုရားရဲ့ အဖြေကို တစ်ဘက်က ပုဂ္ဂိုလ်က နားမလည်ဘူး၊ ဒီလိုနားမလည်တော့ ဂေါတမမြတ်စွာဘုရားကို ထပ်ပြီး မေးတယ်။ "အရှင်ဘုရား - အရှင်ဘုရားသည် ဩဃလေးပါး တည်းဟူသော ပင်လယ်သမုဒ္ဒရာကြီးကို အဘယ်ကဲ့သို့ ရပ်၍လည်း မနေဘဲ၊ သွားလည်းမသွားဘဲ ကူးမြောက်တော်မူခဲ့ပါသလဲ" လို့ လျှောက်တယ်။ ဒီအခါမှာ မြတ်စွာဘုရားက. . . . "ရပ်နေတဲ့အခါ နစ်မြုပ်တယ်၊ သွားဖို့ရန် အားထုတ်တဲ့အခါ မျောတယ်။ ငါဟာ. . . ရပ်လဲမနေဘဲ သွားလဲမသွားဘဲ သံသရာရေအယဉ်လို့ ဆိုအပ်တဲ့ ဩဃလေးသွယ် သမုဒ်ပင်လယ်ကြီးကို ကူးမြောက်ခဲ့တယ်"လို့ ဖြေတော်မူတယ်။

ဒီအခါမှာ မေးတဲ့ပုဂ္ဂိုလ်က. . . "ရပ်လဲမနေဘဲ၊ သွားဖို့ရန်လည်း အားမထုတ်ဘဲ ဩဃလေးသွယ်လို့ ဆိုရတဲ့ သံသရာ သမုဒ်ပြင်ကျယ်ကြီးကို ကူးမြောက်တော်မူခဲ့တဲ့ မြတ်စွာဘုရားကို အခုမှပင် ဖူးတွေ့ရပေတယ်"လို့ လျှောက်ထားပြီး ဂေါတမမြတ်စွာ ဘုရားထံကနေ ထွက်ခွာသွားတယ်တဲ့။

ဒီမှာဂေါတမမြတ်စွာဘုရား မိန့်တော်မူတဲ့. . . "ငါဟာ ရပ်တည်မနေဘဲ"ဆိုတဲ့ စကားက ကာမသုခလ္လိက နုယောဂဆိုတဲ့ ကာမဂုဏ်တွေထဲမှာ နေ,နေတာ မဟုတ်ဖူး။ ကာမဂုဏ်တွေကို လိုက်စား၊ ခံစားနေခြင်းမဟုတ်ဖူးလို့ ဆိုလိုတယ်။ "သွားဖို့ရန်လဲ အားမထုတ်ဘဲ" ဆိုတာက အတ္တကိလ မထာနုယောဂ ဆိုတဲ့ အကျင့်တွေကို ကျင့်ဆောင်အားထုတ်မှုမလုပ်ဖူးလို့ဆိုလိုတယ်လို့ အဋ္ဌကထာ



ဆရာတွေက ဖွင့်ပြတတ်ကြတယ်။ ပြီးတော့. . . ဒီတော့ "ရပ်နေတဲ့ အခါ နစ်မြုပ်တယ်" ဆိုတာ အဲဒီ ကာမဂုဏ်တွေကို ခံစားနှစ်သက် နေရင်. . . သံသရာ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ နစ်မွန်းသွားမယ်၊ "သွားဖို့အားထုတ်တဲ့အခါ. . . သွားပြန်တဲ့အခါ မျောပါတယ်" ဆိုတာက ဆိုခဲ့တဲ့ အတ္တကိလ မထာနုယောဂဆိုတဲ့ မိမိကိုယ်ကို ညှဉ်းဆဲတဲ့ အကျင့်တွေကို ကျင့်ရင်. . . ဒါဟာလည်း သံသရာက လွတ်မြောက်ကြောင်း မဟုတ်ဘဲ သံသရာ ပင်လယ်ဩဃရေတွေထဲ မျောပါသွားအုံးမှာဘဲလို့ ဆိုလိုတယ်တဲ့။

ဂေါတမမြတ်စွာဘုရားဟာ ဆိုခဲ့တဲ့ ကာမသုခလ္လိကာ နုယောဂနဲ့ အတ္တကိလ မထာနုယောဂဆိုတဲ့ အစွန်း (၂)ပါးနောက် မလိုက်ဘဲ မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးလမ်းကို လိုက်ခဲ့တယ်၊ ဒါကြောင့် ငါဟာ မြုပ်လဲမမြုပ်ဘဲ မျောလဲမမျောဘဲနဲ့ ဩဃလေးသွယ် သမုဒ္ဒရာ သံသရာ ပြင်ကျယ်ကြီးကို ကူးမြောက်ခဲ့တယ်"လို့ ဗုဒ္ဓမြတ်စွာက မိန့်တော်မူခြင်း ဖြစ်တယ်လို့ ဖွင့်ဆိုပြတာလည်း ရှိတယ်။

တချို့ကတော့ အထက်က ဗုဒ္ဓရဲ့စကားတွေဖြစ်တဲ့ "ရပ်တည် လည်း မနေဘဲ၊ သွားဖို့လည်း အားမထုတ်ဘဲ ဩဃသမုဒ္ဒရာကြီးကို ကူးမြောက်ခဲ့တယ်ဆိုတဲ့ ဖော်ပြချက်နဲ့ မြုပ်လည်းမမြုပ်ဘဲ၊ မျောလည်းမမျောဘဲ သံသရာပင်လယ်ကြီးကို ကူးမြောက်ခဲ့တယ် ဆိုတဲ့ ဖော်ပြချက်တွေဟာ ပို့စ်မော်ဒန်အမြင် Post modern Thought နဲ့ ဆိုင်တဲ့ ဖော်ပြချက်တွေ ဖြစ်တယ်တဲ့၊ ဂေါတမမြတ်စွာဘုရားမှာ ပို့စ်မော်ဒန် အတွေးအမြင်တွေရှိတယ်တဲ့။ ဒါကြောင့် အဆောက်အုံကို ဖြိုချပြီး အတွင်းက သဘာဝတွေ၊ အတွင်းမှာ ဝှက်ထားတဲ့ အဓိပ္ပာယ်ကို ထုတ်ကြည့်ရမယ်၊ ဒီကွန်စထရပ် Deconstruct လုပ်ကြည့်ရသလို ဗုဒ္ဓစာပေတွေကို လေ့လာတဲ့အခါ အပေါ်ယံ



www.burmeseclassic.com

အလုပ်လုပ်ရတဲ့ မဂ္ဂင်တွေ ဖြစ်နေလို့ပဲတဲ့။ ဒီမဂ္ဂင် ၅ ခု ညီညွတ်စွာ အလုပ်လုပ်ပြီဆိုရင် ဝိပဿနာရှုသူဟာ ခန္ဓာ ၅ ခုရဲ့ ပရမတ္ထ သဘာဝတွေကို သိနိုင်တယ်။ ရုပ်ဆိုတာ ဖြစ်ပြီးပျက်နေတာ၊ ဝေဒနာဆိုတာ ခံစားပြီး ပျက်နေတာ၊ သညာဆိုတာ မှတ်သားပြီး ပျက်နေတာ၊ သင်္ခါရဆိုတာ စေ့ဆော်ပြီး ပျက်နေတာ၊ ဝိညာဏ်ဆိုတာ သိပြီး ပျက်နေတာလို့ မှန်မှန်ကန်ကန် မြင်သိတယ်။ ဗုဒ္ဓအဘိဓမ္မာကို ကိုးကားပြီး တချို့ပညာရှင်တွေ ကတော့. . . ဆိုခဲ့တဲ့ မဂ္ဂင် ၅ခု ညီညွတ်စွာဖြစ်ရင် ဝီထိတစ်ခု ဆုံးပြီးလို့ ဖြစ်ပေါ်လာတဲ့ ပထမ ဆင်ခြင်ဝီထိမှာ ဝိပဿနာရှုမှတ်နိုင်ရင် ထိလာသမျှ အာရုံတွေရဲ့ ပျက်သွားမှု မမြဲမှုကို မှန်မှန်ကန်ကန် သိနိုင်တယ်လို့ ဖော်ပြကြတယ်။ ဒီပထမဆင်ခြင်ဝီထိမှာ ဝိပဿနာမရှုမှတ် နိုင်ရင်တော့ ဒြပ်ဝီထိ၊ အမည်ဝီထိတွေ ဝင်လာပြီဆိုတော့ ထိလာတဲ့ အာရုံရဲ့ ပရမတ္ထ သဘောကို မသိနိုင်တော့ဘူး။ သူ့အသိဟာ ပညတ်ကို သိတဲ့ အသိတွေပဲ ဖြစ်သွားနိုင်တယ်လို့ ဖော်ပြကြတယ်။ ဆိုခဲ့တဲ့အတိုင်း ဒြပ်ဝီထိတွေ အမည်ဝီထိတွေ မကျခင် ပထမဆင်ခြင်ဝီထိမှာ ဝိပဿနာ တကယ်ရှုသိနိုင်ရင်တော့ ထိလာတိုင်းသော အာရုံတွေရဲ့ ပျက်မှု၊ မမြဲမှုကို အမှန်အကန်သိတဲ့ ဉာဏ်အမြင်တွေဖြစ်တယ်။

ဝီထိတစ်ခုဆုံးတိုင်း ဆုံးတိုင်း ဝိပဿနာ မပြတ်ရှုမှတ်နေခြင်း ဟာ ငြိမ်ပြီး"ရပ်"နေတာမဟုတ်ဘူး။ ရပ်နေတာ မဟုတ်တဲ့အတွက် မမြုပ်ဘူး။ ပြီးတော့ ဝိပဿနာ မပြတ်ရှုနေခြင်းဟာ တွေးတော ဆင်ခြင်နေတာ မဟုတ်ဘူး။ အတွေးတွေနဲ့ ဆုံးစမရှိ "သွား"နေတာ မဟုတ်ဘူး။ မသွားတဲ့အတွက် မမျောဘူးလို့လည်း ဖွင့်ပြကြတယ်။ ဝိပဿနာရှုမှတ်လို့ နောက်ဆုံးမှာ အရဟတ္တမဂ်ဖိုလ်ဉာဏ်တွေ ရသွားရင်တော့ ဩဃလေးသွယ်ဆိုတဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲ





နစ်မြုပ်စရာလည်း မရှိတော့ဘူး၊ မျောပါသွားစရာလည်း မရှိတော့ဘူး။ ဒါကြောင့် ဂေါတမမြတ်စွာဘုရားက. . . 'ငါဟာ ရပ်တည်လည်း မနေတဲနဲ့၊ သွားဖို့လည်း အားမထုတ်ဘဲနဲ့ သံသရာဆိုတဲ့ ပင်လယ်သမုဒ္ဒရာကြီးကို ကူးမြောက်ခဲ့တယ်။ ရပ်ရင်မြုပ်တယ်၊ သွားတော့ မျောတယ်။ ငါဟာ မြုပ်လည်း မမြုပ်ဘဲနဲ့၊ မျောလည်း မမျောဘဲနဲ့ ဩဃလေးသွယ်ဆိုတဲ့ ပင်လယ်သမုဒ္ဒရာကြီးကို ကူးမြောက်ခဲ့တယ်'လို့ ပြောတာဖြစ်မယ်။ ဒီလို ဂေါတမမြတ်စွာဘုရား ပြောဆိုမိန့်ကြားတာကို လာပြီးမေးမြန်းတဲ့ ပုဂ္ဂိုလ်က. . .

"သတ္တလောကကြီးမှာ. . . ရပ်တည်မနေဘဲ၊ သွားဖို့လည်း အားမထုတ်ဘဲ တဏှာကို ကူးမြောက်တော်မူပြီးသော မကောင်းမှုမှ အပ ပြုပြီးသော ငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားကို ကြာမြင့်မှပင် ဖူးမြင်ရလေစွတကား"လို့ လျှောက်ထားပြီးတော့ ပြန်လည် ထွက်ခွာသွားတယ်တဲ့။

(၃)

အထက်ပါအကြောင်းအရာများကို ပြောပြသော မိတ်ဆွေ ဖြစ်သူ၏ အိမ်မှ အပြန်တွင် မလှမ်းလျှောက်ဘဲနှင့် ရောက်သည့် အကြောင်းကို လွင့်လွင့်မျောမျော တွေးတောလာခဲ့မိပါသည်။ ။

● မျှော်စင်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၆) (ဇွန်လ၊ ၂၀၀၆)

www.burmeseclassic.com

စာမျက်နှာ face value ထက် စာသား text ရဲ့ အတွင်းမှာရှိတဲ့ အနက်ဝှက်ကို ဖော်ထုတ်ဖို့ ပိုပြီးအရေးကြီးတယ်လို့ ဆိုကြတယ်။ ဘယ်လိုဖော်ထုတ်ပြမယ် ဆိုတာတော့ ဆွေးနွေးကြည့်ရအုံးမှာပဲ။

တချို့ကတော့. . . "ရပ်တည်နေတော့လည်း မြုပ်တယ်၊ သွားဖို့ ကြိုးစားတော့လည်း မျောတယ်. . ." ဆိုတဲ့ စကားတွေဟာ ယောဂအကျင့်နဲ့ တက္ကဆိုတဲ့ တွေးခေါ်ဆင်ခြင်ခြင်းကို ရည်ညွှန်းတာ ဖြစ်တယ်လို့ ဆိုကြတယ်။ ယောဂအကျင့် - ဒါမှမဟုတ် သမထ အကျင့်ဆိုတာ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုအပေါ်မှာ တစ်စိုက်တည်း စိုက်နေအောင် ကျင့်ရတဲ့အကျင့်ဖြစ်တယ်။ ဥပမာ - မြေကြီး ကသိုဏ်း အားထုတ်သူဟာ အဲဒီ မြေကြီးကသိုဏ်းပေါ်မှာပဲ စိတ်ကို စူးစိုက်ထားရတယ်။ ဒီလို ကသိုဏ်းပေါ်မှာပဲ စူးစိုက်နေတာ၊ ကသိုဏ်းနိမိတ်မှတစ်ပါး အခြားဘယ်ကိုမှ စိတ်မသွားရအောင် အားထုတ်နေတာဟာ 'ရပ်တည်'နေတဲ့ သဘောပဲတဲ့၊ ဒီလို စိတ်ရပ်တည်ပြီး သမာဓိတရားတွေရရုံမျှနဲ့တော့ ကိလေသာတွေ ကုန်တဲ့ လွတ်မြောက်ရေးတရား (မဂ်ဖိုလ်ဉာဏ်)တွေကို မရနိုင်သေး ဘူး။ ဒါကြောင့် တစ်ချိန်ချိန်မှာ သံသရာဝဲဩဃကြီးထဲ နစ်မြုပ်နိုင် တာပဲ။

ပြီးတော့. . . တက္ကဗေဒ အစရှိတဲ့ တွေးတောဆင်ခြင်မှု နည်းတွေနဲ့လည်း ရုပ်နာမ်တွေရဲ့ အမှန်တရား ဒါမှမဟုတ် ရုပ်နာမ် တွေရဲ့ ပရမတ္ထသဘာဝကို သိနိုင်တာမဟုတ်ဘူး။ ဘယ်လောက် တွေးတွေး ပရမတ္ထသဘာဝ၊ ရုပ်နာမ်တွေရဲ့ အနတ္တသဘာဝကို သိနိုင်တာမဟုတ်ဘူး။ တွေးနေသမျှတော့ စိတ်ဟာအတွေးတွေနဲ့ပဲ လွင့်မျောနေမှာပဲ။ ဒီတော့ 'မျော' တယ်ဆိုတာ တွေးတောနေခြင်း ဖြစ်တယ်။ အတွေးမျှ ဆင်ခြင်မှုမျှဖြင့် ရုပ်နာမ်တွေရဲ့ ပရမတ္ထ





သဘာဝကို မသိနိုင်တဲ့အတွက် မဂ်ဖိုလ်ဆိုတဲ့ ဉာဏ်ပညာကိုလည်း မရနိုင်ဘူး။ ဒီဉာဏ်တွေကို မရရင် ကိလေသာတွေကနေ မလွန် မြောက်နိုင်ဘူး။ မလွန်မြောက်ရင် ဩဃလေးသွယ်ဆိုတဲ့ ပင်လယ် သမုဒ္ဒရာကြီးထဲမှာ မျောနေအုံးမှာပဲ။ ဗုဒ္ဓကတော့ မြုပ်လည်း မမြုပ်ဘူး။ မျောလည်း မမျောပါဘူး။

ဘာပြုလို့ မမြုပ်တာလဲဆိုတော့ ဗုဒ္ဓက မရပ်တဲ့အတွက် ဖြစ်တယ်။ ဘာကြောင့် မမျောတာလဲဆိုတော့ ဗုဒ္ဓက သွားမှမသွား ဘဲ၊ မသွားတော့ မမျောဘူး။

ဒီမှာ. . . 'မရပ်ဘူး' ဆိုတာက. . . ခန္ဓာ (၅)ခုမှာ ဖြစ်သမျှ ဖြစ်လာသမျှကို ဝိပဿနာမပြတ်ရှုမှတ်နေတာကို ဆိုလိုတာတဲ့။ ဖြစ်သမျှ ဖြစ်လာသမျှ ရှုမှတ်နေတဲ့အတွက် ရှုမှတ်သူဟာ ရပ်နေတာ၊ ငြိမ်နေတာ၊ စိုက်နေတာ မဟုတ်ဘူး။ ဒါဖြင့် ဖြစ်သမျှ. . . ဖြစ်လာ သမျှကိုလိုက်ပြီး ရှုမှတ်နေခြင်းဟာ သွားနေတဲ့သဘော မဟုတ်ဘူး လားလို့ မေးစရာ ရှိတယ်။ တကယ်က. . . မြင်တာကြားတာစတဲ့ ဖြစ်လာသမျှကို မြင်ရုံမျှ၊ ကြားရုံမျှတွင် ရပ်တည်အောင်ထားဖို့ ဝိပဿနာရှုမှတ်နေတာဆိုတော့ သွားနေတဲ့ သဘောမဟုတ်ဘူး။ ဒါကြောင့် ဝိပဿနာရှုမှတ်နေခြင်းဟာ ရပ်နေတဲ့သဘော မဟုတ် ဘူး။

ခန္ဓာ ၅ ခု (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဏ်)မှာ ဖြစ်လာ သမျှကို ဝိပဿနာရှုမှတ်နေတယ်ဆိုတာ မဂ္ဂင် ၅ ခု တစ်ပေါင်းတည်း အလုပ်လုပ်နေတာဖြစ်တယ်တဲ့။ (၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ၊ (၃) သမ္မာဝါယမ၊ (၄) သမ္မာသတိ၊ (၅) သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင် ၅ ခုကို အလုပ်သမားမဂ္ဂင် (ကာရကမဂ္ဂင်)လို့တောင် အမည်ပေး ထားတယ်။ ဒီမဂ္ဂင် ၅ ခုဟာ ဝိပဿနာရှုတဲ့နေရာမှာ တကယ့်ကို



www.burmeseclassic.com